အောင်မြင်စာပေ

ဂ မ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

# ကြိစကွ

(၂)

ပုလဲနက်တဆွေ



◆ ပြည့်စုံခြင်းသည် အချစ်အတွက် ထောက်အပံ့တစ်ခု ဖြစ်နိုင်သလို မပြည့်စုံမှုသည်လည်း အနှောင့်အယှက်တစ်ခုပမာ ဖြစ်လာနိုင်ပေသည်။ အချစ်တစ်ခုတည်း ရှိရုံနှင့် ပြည့်စုံမှု မရရှိနိုင်ပေ။

◆ လုပ်ငန်းတိုင်းမှာ အခက်အခဲ ရှိသည်။ ထိုအခက်အခဲသည် စမ်းသပ်မှုများထဲမှ တစ်ခု ဖြစ်သလို ဘဝစာမေးပွဲလည်းဖြစ်သည်။

ထိုစာမေးပွဲကို မအောင်မြင်မချင်း အထက်တန်းသို့ မရောက်နိုင်ပေ။

◆ လူတော်များမှာ ချို့ယွင်းမှုတစ်ခုတော့ ပါသည်။

အောင်မြင်သူတိုင်းမှာလည်း အားနည်းမှု တစ်ခု ရှိသည်။

သို့သော် သူတို့က ထိုအချက်ကို သတိပြုမိကြသည်။



◆ စိတ်အားထက်သန်ခြင်းဖြင့် လုပ်ကိုင်သူသည် ပါရမီဖြည့်ခြင်း ဖြစ်ပေသည်။

ပါရမီ ရင့်ကျက်လာသောအခါ မဖြစ်နိုင်သောအရာဟူ၍ မရှိနိုင်တော့ပေ...။

◆ ကိုယ့်ဆီက မေတ္တာစစ်ကို ပေးဖို့ရန် ဝန်လေးတတ်သူသည် အခြားသူများထံမှ မေတ္တာစစ်ကိုလည်း ဘယ်သောအခါမှ ရနိုင်မည် မဟုတ်ပေ။

◆ ကံကြမ္မာ ပေးသမျှကိုသာ ရောင့်ရဲတင်းတိမ်နိုင်သူသည် ရှေ့တန်းရောက်နိုင်ပြီး...

အခြားသူများထက် သာလွန်သူတစ်ယောက် ဖြစ်မလာနိုင်သည်မှာ သေချာ၏။

◆ စိတ်မချမ်းမြေ့စရာများသည် ဘဝအတွက် အနှောင့်အယှက်များ မဟုတ်သလို ကြောက်ရွံ့ဖွယ်ရာများလည်း မဟုတ်ကြပေ။

မည်သည့်အရာမဆို ထွက်ပေါက်နှင့်အဖြေတစ်ခုစီ ရှိပါသည်။

◆ ကတိမတည်သူများသည် မိမိအား အချိန်မရွေး အန္တရာယ်ပေးနိုင်သဖြင့် မြွေပွေးကို ချော့မြှူ၍ မွေးရသကဲ့သို့ ရှေရှည်မဆက်ဆံသင့်ပေ။

◆ အောင်မြင်ကျော်ကြားမှုကို လူငယ်လူရွယ်တိုင်း စိတ်ဝင်စားသော်လည်း....

အောင်မြင်ကျော်ကြားမှုများ၏လျှို့ဝှက်ချက်များကို လေ့လာရန်အတွက်တော့ ဝန်လေးတတ်သည်။





# စာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) အမဲသား ခိုးသည့်မှင်စာ

အခန်း(၂) အမဲလိုက်ပေးသော မှင်စာငတေ

အခန်း(၃) မွေးစကတည်းက သွားနှင့် အစွယ်ပါလာသောကလေး

အခန်း(၄) ထမင်းဟင်းများ ထူးဆန်းစွာ ပျောက်ကဲဆုံးခြင်း

အခန်း(၅) တရားခံကို တွေ့ကြရလေပြီ

အခန်း(၆) ပုလဲရတနာနှင့် ရေအောက်အန္တရာယ်များ

အခန်း(၇) ပင်လယ်ပျော်မယ့် မော်ကင်း

အခန်း(၈) ပရလောကသားတို့၏မှာတမ်းများ

အခန်း(၉) ထူးဆန်းသောအိပ်မက်နှင့် ရေအောက်မှ မရဏသေမင်း

အခန်း(၁၀) လူသတ်ရားခံ ဘယ်သူလဲ

အခန်း(၁၁) မရဏအငူမှ ပရလောကသားတို့၏နေရာ

အခန်း(၁၂) ပုလဲနက်ကို ထူးဆန်းစွာ ပြန်လည်ရရှိခြင်း

အခန်း(၁၃) သေရမည့်အမည်စာရင်းပေါက်နေသူ

အခန်း(၁၄) သေမင်းခေါ်သံနှင့် အန္တရာယ်ဆိုး

အခန်း(၁၅) မရဏအငူကွေ့မှ ပုလဲနက်စေတီတော်





## အခန်း(၁)

## အမဲသား ခိုးစားသည့်မှင်စာ

အက်ဒမန် ပင်လယ်ပြင်ပေါ်၌ နေဝင်ချိန်၌ တောက်ပလေ့ရှိသော ဆည်းဆာရောင်များက ဖြာဆင်းလျက်ရှိနေလေသည်။

မကြာခင် နေဝင်တော့မည်။

ပင်လယ်ပြင်ပေါ်မှာ ယခုလို ရာသီဥတု သာယာသော အချိန်များတွင် သဘာဝ အလှတရားများဖြင့် တယ့်တယ်လှပမှုရှိသလို ရာသီဥတု ဖောက်ပြန်၍ မုန်တိုင်းထန်သောအချိန်များ၌မူ အကျည်းတန် အရုပ်ဆိုးလှပေသည်။

မည်သို့ပင်ရှိစေ. . .

ပင်လယ်ပြင်ကို အမှီသဟဲပြုကာ ဝမ်းစာရှာနေကြရသော ပင်လယ်အလုပ်သမားများကတော့ ရာသီဥတု ဆိုးဝါးလာ

လျှင် နီးစပ်ရာ ကျွန်းများ တက်ရောက်ခိုနေပြီး ရာသီဥတု သာယာသည်နှင့် ပင်လယ်ပြင်သို့ ပြန်ရောက်လာကြသည်။

သစ်တောကို အမှီသဟဲပြု၍ အသက်မွေးဝမ်းကျောင်း ပြုသူတို့မှာ သဘာဝသစ်တောကြီးများမှာ ၎င်းတို့၏ဝမ်းစာတဲ များသဖွယ်ဖြစ်ပြီး လယ်သမားများကတော့ လယ်ယာမြေတို့ သည် ၎င်းတို့၏ဝမ်းစာပုတ်များဖြစ်ပေသည်။

ပင်လယ်ပြင်ကို အမှီပြု၍ နေထိုင်ကြသူများကတော့ ပင်လယ်ပြင်သည် ၎င်းတို့အတွက် စားနပ်ရိက္ခာအိုးကြီးဆိုက မများပေ။

ပင်လယ်ပြင်၌ နည်းအမျိုးမျိုးနှင့် ငါးဖမ်းလေ့ရှိကြသည်။

စက်လှေရှိသူက စက်လှေ၊ စက်လှေမရှိသူက လှေများ ကို အသုံးပြု၍ ငါးဖမ်းထွက်လေ့ရှိကြသည်။

ယခုလို မှောင်ရီသမ်းစအချိန်တွင် ငါးရှာ၍ အရများ လေ့ရှိသည်။

ယခုလို နေဝင်စအချိန်တွင် အရှေ့ဘက်မှ တသုန်သုန် တိုက်ခတ်လာသောလေနှင့်အတူ တနင်္သာရီတောင်တန်းများ ဘက်မှ မိုးသားမိုးရိပ်များပါ တက်လာလေ့ရှိသည်။

ပင်လယ်ပြင်၌ မိုးက အချိန်အခါမရွေး ရွာချလေ့ရှိရာ အချို့နေရာများတွင် တိမ်ညိုတိမ်မည်းများ စုဝေးနေကာ မိုးရွာချ နေသော လက္ခဏာသွင်ပြင် ပေါ်နေလေသည်။

ကမ်းရိုးတန်းဘက်ရှိ တောင်တန်းများထိပ်ပေါ်တွင် မိုးရွာနေဟန်ရှိလေသည်။



မိုးရိပ်များက ကွက်ကြားရှိနေသောကြောင့် အချို့နေရာ များ၌ မိုးရွာနေပြီး အချို့နေရာများ၌ ကောင်းကင်ပြင်မှာ ကြည် လင်လျက်ရှိနေသည်။

ပင်လယ်ပြင် နေရာအနှံ့အပြားမှာလည်း မိုးက အချို့ နေရာ၌သာ ရွာပြီး အချို့နေရာ၌ မရွာပေ။

ယခုလို ရာသီဥတု အခြေအနေမျိုးတွင် ပင်လယ်ပြင်၌ ငါးဖမ်း၍ အလွန်ရသောအချိန်ဖြစ်သည်။

ထိုကဲ့သို့ မှောင်ရီသမ်းစ မိုးကွက်ကြား ရွာနေသော အချိန်မျိုးတွင် ငါးများ အလွန်မြူးနေရာ ကမ်းရိုးတန်းအနီး၌ လှေငယ်များဖြင့် ငါးဖမ်းသူများ အများအပြား ထွက်လာလေ့ ရှိလေသည်။

အဆိုပါ ကမ်းရိုးတန်းအနီး၌ ငါးဖမ်းသူများကို (၅)မိုင် အကွာအဝေးအထိ ငါးဖမ်းခွင့် ပေးထားသည်။

ကမ်းရိုးတန်းနှင့် ကမ်းဝေးပင်လယ်ပြင်၌ ငါးဖမ်းမည့် လှေ၊ စက်လှေများမှာ အစိုးရ သက်ဆိုင်သူများထံ၌ မှတ်ပုံတင် ထားကြရလေသည်။

ထိုသို့ မှတ်ပုံတင်ထားပြီး ဖမ်းဆီးရသော ငါး၊ ပုစွန်များ ကို ကော့သောင်းအစိုးရ ဖွင့်လှစ်ထားသော ငါးပုစွန်အဝယ်ဒိုင် များသို့ ရောင်းချကြရပြီး ထိုအဝယ်ဒိုင်များမှတဆင့် နယ်စပ် ကုန်သွယ်ရေးစနစ်ဖြင့် ထိုင်းနှင့် မလေးရှားတို့ကို တင်ပို့ရောင်းချ ကြသည်။

ကမ်းဝေးငါးဖမ်းခြင်းကတော့ ဝါလတ်၊ ဝါတန်း စသည့်

အောင်ဘာရွာသည် ရွာကြီးတစ်ရွာဖြစ်သည်။

အောင်ဘာမှာ ပင်လယ်ထဲ၌ ဖြစ်ပေါ်နေသော ကျွန်းများထဲ၌ အကြီးဆုံး ကျွန်းတစ်ကျွန်းဖြစ်ပြီး ရွာမှာ အိမ်ခြေ လေးရာကျော် ငါးရာခန့် ရှိလေသည်။

ထို့ပြင် ၎င်းနှင့် ကျေးရွာအုပ်စုတစ်စုထဲတွင် ပါဝင်သော အော်တစ်ဖက်ရှိ သူကြီးကမ်းနှင့် အဖမ်းကမ်းတို့ကိုပါ ထည့်ပေါင်း၍ ရေတွက်ပါက အိမ်ခြေတစ်ထောင်ခန့်ပင် ရှိလေသည်။

သို့ကြောင့် ကော့သောင်းနှင့် ဘုတ်ပြင်းမြို့အကြား၌ ရှိသော ရွာများထဲတွင် အကြီးဆုံးရွာကြီးဟု သတ်မှတ်ထားကြခြင်း ဖြစ်ပေသည်။

အောင်ဘာရွာ၌ နံနက်ပိုင်း ဖွင့်သောဈေးရှိသည်။

ဆေးမှုးများ ရှိသည့်ဆေးခန်းများ ရှိသည်။

လက်ဖက်ရည်၊ ကော်ဖီရောင်းချသော ဆိုင်များလည်း ရှိသည်။ ထိုဆိုင်များမှ ဖွင့်ထားသော ကက်ဆက်ဆောင်းဘောက်(စ်)မှာ သီချင်းသံများက အခါမလပ် ပြန့်လွင့်နေလေသည်။

ရေပတ်လည် ဝန်းရံလျက်ရှိသော ပင်လယ်ထဲ၌ ရှိသော ကျွန်းတစ်ကျွန်းပေါ်၌ နေရသူများအဖို့ ထိုသီချင်းသံများကား စိတ်အပန်းဖြေစရာ သဘာဝတေးသံများပင် ဖြစ်တော့သည်။

အောင်ဘာရွာ၌ နေထိုင်ကြသူများမှာ အများအားဖြင့် တော့ ပင်လယ်ပြင်ထွက်၍ သားငါးရှာဖွေခြင်းအလုပ်ကိုသာ စွဲစွဲမြဲမြဲ လုပ်ကိုင်ကြလေသည်။





ထိုအလုပ်ကိုပင် သဘာဝက ဖန်ဆင်းပေးထားသော မ်းစာအိုးဟု လက်ခံထားကြသည်။

အခြား ပိုက်၊ ကွန်၊ ကိရိယာများ မရှိစေကာမူ လှေ ို့မဟုတ် ကဗန်းလှေတစ်စင်း ရှိရုံမျှနှင့် မိသားစုတစ်စုလောက် ော့ စားလောက်သော ရိက္ခာတို့ကို ရှာဖွေရရှိနိုင်သည်။

ထိုကျွန်းမှာ နေထိုင်သူအများစုမှာ စိုက်ပျိုးရေးအလုပ် ြင့် အသက်မွေးဝမ်းကျောင်းပြုချင်သူ မရှိကြပေ။

လူအချို့သာ တောင်ခြေဘက်တွင် ဥယျာဉ်စိုက်ပျိုးခြင်း အလုပ် လုပ်ကြသည်။

ဒူးရင်း၊ မင်းဂွတ် အစရှိသော နှစ်ရှည်သီးနှံပင်များ စိုက် ထားသော ဥယျာဉ်ခြံအချို့တော့ ရှိပေသည်။

အချို့လည်း ရာသီထွက်သီးနှံများနှင့် ပန်းများ စိုက်ပျိုး သည်။ တောင်ခြေတဝိုက်တွင် စိုက်ပျိုးသောပန်းများမှာ ရွက် နှင့် ဂန္ဓမာပန်းများဖြစ်ကြသည်။

အချို့ဥယျာဉ်ခြံများ၌ မာလကာပင်၊ ကျွဲကောပင်များ ာ အသီးသီးနေပြီဖြစ်သော်လည်း တစ်ခါတစ်ရံ လူနှင့် ဝေး ော သစ်ပင်များကို မျောက်များက လာရောက်ဖျက်ဆီးကြ သည်။

အနောက်ဘက်တွင် တောင်ကုန်းများ ရှိပြီး ထိုတောင် န်းများအပေါ်၌ သဘာဝသစ်တောများ ရှိလေသည်။

ထိုသစ်တောများအတွင်း၌ မျောက်နှင့် အခြားတော ရစ္ဆာန်တို့ နေထိုင်ကျက်စားကြလေသည်။

ငင်းတို့မွေးထားသော ခွေးကြီးများမှာ အရပ်အမောင်း
အလုံးအထည် ကောင်းလှပြီး ကြမ်းတန်းခက်ထန်လှသည်။
ဒေါသထွက်လာပါက ချည်ထားသောသံကြိုး ပြတ်
အောင် ရုန်းထွက်ပြီး လိုက်လံကိုက်လေ့ ရှိသည်။
သို့ကြောင့်လည်း ရွာထဲ၌ မနေနိုင်ကြပဲ တောင်ခြေ
တောစပ်၌ သွားရောက်နေကြခြင်းဖြစ်သည်။
ကိုဘထင်က ငင်း၏ခွေးများနှင့် အမဲလိုက်ထွက်သွားပြီး
ရလာသော သားကောင်များကို ဖျက်ဆီး၍ မမြရီက ရွာထဲသို့
လိုက်လံရောင်းချရလေသည်။
ရောင်းမကုန်သော အမဲသားများကို နွေအခါဆိုလျှင်
နေခြောက်လှန်း၍ မိုးအခါဆိုလျှင် ကျပ်တင်ထားလေ့ ရှိသည်။
အမဲခြောက်များကိုတော့ မီးဖိုပေါ်၌ ကျပ်စင်ပြုလုပ်ကာ
တင်ထားလေသည်။
တစ်နေ့သ၌ မမြရီသည် ဆတ်သားများကို လှည့်လည်
ရောင်းချရင်းနှင့် နေဝင်ရီတရောအချိန်ရောက်မှ မိမိနေအိမ်သို့
ပြန်လာလေသည်။
သူတို့နေရာသို့ သွားသော လမ်းတလျှောက်နံဘေး၌မူ
သစ်ပင်နှင့် ချုံပုတ်များ ရှိလေသည်။
မမြရီသည် ခေါင်းပေါ်မှာ ရွက်ထားသော လင်ဗန်းထဲ
တွင် ဆတ်သားအချို့ ကျန်နေသည်ကတစ်ကြောင်း၊ အိမ်ပြန်ချိန်
နောက်ကျနေသည်ကတစ်ကြောင်းကြောင့် ခြေလှမ်းခပ်သွက်
သွက်နှင့် လျှောက်လာရာ ရွာခြေမှ ထွက်လာပြီး အတန်ကြာ





သောအခါ မိမိနောက်ဘက်မှ လိုက်လာသောခြေသံကို ကြားရ
လေသည်။

"ဖပ်. . ဖပ်. . ဖပ်"

ပထမတော့ မိမိခြေသံလားဟု ထင်လိုက်မိသော်လည်း
အသေအချာ ရပ်၍နားထောင်ကြည့်တော့ နောက်ဘက် မလှမ်း
မကမ်းနေရာမှ ခြေသံဖြစ်ကြောင်း သိရလေသည်။

လှည့်ကြည့်လိုက်တော့ ချုံပုတ်အတွင်းသို့ ဖျပ်ကနဲ ဝင်
သွားသော မည်းမည်းသဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

မမြရီသည် တစ္ဆေသရဲ ကြောက်လန့်တတ်သူ မဟုတ်
သောကြောင့် ရှေ့သို့ ဆက်လျှောက်လာရာ နောက်မှ လိုက်လာ
သောခြေသံကို ကြားရပြန်သည်။

"ဖပ်. . ဖပ်. . ဖပ်"


ဒီတစ်ကြိမ်လည်း လှည့်ကြည့်လိုက်တော့ လမ်းဘေးချုံ
အတွင်းသို့ ဖျပ်ကနဲ ဝင်သွားသော မည်းမည်းသဏ္ဌာန်ကို လှမ်း
မြင်ရပြန်သည်။

အကောင်အရွယ်အစားက သိပ်မကြီးလှသေးပေ။

လမ်းလျှောက်တတ်ကာစ ကလေးအရွယ်လောက်သာ
ရှိသည်။

"ဘာကောင်လဲဟ"

မမြရီမှာ စိတ်ကြမ်းကိုယ်ကြမ်းနှင့်မို့ ခေါင်းပေါ်မှာ ရွက်
ထားသော လင်ဗန်းကို တာရိုးပေါ်သို့ ချကာ အသားခုတ်သော
ဓားမကို ယူ၍ စောစောက မည်းမည်းသဏ္ဌာန် ခုန်ဝင်သွား





## အခန်း(၂)

## အမဲလိုက်ပေးသော မှင်စာငတော

အိပ်မောကျနေစဉ် ပထမတော့ နားထဲမှာ ခွေးဟောင်သံများကို အရင်ကြားရလေသည်။

မိမိတို့ မွေးထားသော ခွေးများ ဟောင်နေတာလား၊ ဒါမှမဟုတ် အခြားနေရာမှ ခွေးများ ဟောင်နေတာလားဆိုတာကိုတော့ အသေအချာ မသိရပေ။

အတန်ကြာတော့ နားထဲမှာ ခြေသံလိုလို ကြားလာရသည်။ မျက်လုံးဖွင့်ကြည့်ဖို့ ကြိုးစားတော့လည်း မရ။

သို့ပြင် နံဘေးနားမှာ အိပ်ပျော်နေသော ကိုဘထင်ကို းဖို့ရန် စိတ်ကူးမိသော်လည်း လက်က လှုပ်မရပေ။

☺ အောင်မြင်စာပေ ☺

သို့သော်လည်း ကိုဘထင်၏ဟောက်သံများကိုတော့ ကြားနေရသည်။ ခဏကြာတော့ ခွေးဟောင်သံများ ရပ်သွားပြီး တဲပေါက်ဝမှာ လာရပ်သောသဏ္ဍာန်ကို လှမ်းမြင်ရသည်။

ထိုအချိန်အထိ နေရာမှ ထ၍မရနိုင်သေးပေ။

၎င်းတို့နေသောတဲမှာ အကာသာ ရှိပြီး ရှေ့ဘက်တွင် တံခါးမရှိသောကြောင့် ရှေ့ဘက်ကို ဒီအတိုင်း လှမ်းမြင်ရလေသည်။

တဲပေါက်ဝ၌ ရပ်နေသောသဏ္ဍာန်က လူကြီးတစ်ယောက် သဏ္ဍာန်မျိုး မဟုတ်ဘဲ ကလေးတစ်ယောက်၏ ပုံသဏ္ဍာန်မျိုးဖြစ်၏။

၎င်းသဏ္ဍာန်က တဲပေါက်ဝ ရောက်တော့ ဟိုကြည့် ဒီကြည့် လုပ်နေပြီးမှ အိမ်ပေါ် တက်လာသည်။

သူတက်လာသည်ကို မြင်နေရသော်လည်း ခြေသံတော့ မကြားရပေ။

၎င်းတို့တဲမှာ ဝါးကြမ်းခင်းကို ခင်းထားရာ လူမဆိုထား နှင့်၊ ကြောင်တစ်ကောင် တက်လာလျှင်သော်မှ ကျိုးကျိုးကျွပ် ကျွပ်အသံများ ကြားရလေသည်။

ထိုကြမ်းခင်းပေါ် သို့ မည်းမည်းသဏ္ဍာန် တက်လာတာ မြင်နေရပါလျက် ခြေသံမကြားရသည်ကိုတော့ ထူးဆန်းသည်ဟု ထင်မိသည်။

ထိုသဏ္ဍာန်က တစ်လှမ်းချင်း လျှောက်လာပြီးနောက် မမြရီအနားမှာ လာပြီး ငုတ်တုတ်ထိုင်သည်။



"ဟင်. ."

ဒီတော့မှ မည်းမည်းသဏ္ဍာန်၏မျက်နှာကို သဲသဲကွဲကွဲ မြင်ရလေသည်။ အခြားမဟုတ်ပေ။

ညဦးပိုင်းက ရွာသို့ ပြန်လာစဉ် လမ်း၌ သူ့လင်ဗန်းထဲမှ ဆတ်သားခြောက်များကို နှိုက်စားသွားသော လူပုလေးပင်ဖြစ်၏။

"ဟင်. . နင်. . နင်. ."

လူပုလေးက မျက်လုံးပြူးပြူးနှင့် မမြရီကို ငုံ့ကြည့်နေသည်။

"နင်. . ညနေက ငါ့ဗန်းထဲက ဆတ်သားတွေကို ခိုးစားသွားတဲ့ သူခိုးမဟုတ်လား၊ အခု ဘာလာလုပ်တာလဲ"

"ကျွန်တော် ဒီမှာ လာနေပါရစေ"

"ဟင်. ."

ထိုစကားကြောင့် အနည်းငယ် အံ့သြသွားသည်။

"ကျွန်တော် ဒီမှာ လာနေပါရစေ"

"နင်က ဘယ်လိုလာနေမှာလဲ"

"အမေတို့ရဲ့သားသမီးအဖြစ်နဲ့ လာနေပါ့မယ်"

"ဟာ. . . မဖြစ်ပါဘူး၊ နင်က သူခိုးပဲ၊ သူခိုးကို အိမ်မှာ သက်ခံထားရင် အိမ်မှာ ထားတဲ့ အမဲခြောက်တွေ ကုန်မှာပေါ့"

"ကျွန်တော့်ကို နေခွင့်ပေးရင် အိမ်က လူတွေကို ဒုက္ခပေးပါဘူး"

"ဒါထက် နေပါဦး၊ နင်က ဘယ်သူလဲ"

"ကျွန်တော်က မှင်စာငတေပါ"

သည်။

"အေးလေ. . . မင်းလုပ်တာကိုင်တာ ကြည့်ပြီး ငါ့ အလုပ်နဲ့ ကိုက်ရင် လက်ခံသင့် လက်ခံရတာပေါ့"

ဟု ပြောလိုက်ရာ မှင်စာငတေသည် နေရာမှ ထကာ သစ်ပင်ပေါ်သို့ ပြန်တက်သွားသည်ကို မြင်လိုက်ရပြီးနောက် ကိုဘိုးထင်လည်း အိပ်နေရာမှ ပြန်နိုးလာတော့သည်။

နိုးလျှင်နိုးချင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မလှမ်းမကမ်းနေရာ၌ ခွေခွေကလေး အိပ်နေသော ခွေးသ ကောင်ကိုသာ တွေ့ရပြီး အခြားဘာမှမတွေ့ရပေ။

ထိုနေ့က နေ့လည်ဘက် အမဲလိုက်ရာမှာတော့ ထူးထူး ခြားခြား ရှိနေသည်ကို သတိပြုမိသည်။

တောတွင်းမှ တောခြောက်သံများကဲ့သို့ ကြားရပြီး သာ ကောင်က ကြောက်လန့်တကြားနှင့် အမဲလိုက်ခွေးများ ရှိရာ ပြေးလာသဖြင့် ခွေးများက အလွယ်တကူ ကိုက်သတ်ဖမ်းယူနိုင် ကြလေသည်။

ကိုဘထင်ကတော့ မိမိအိပ်မက် ဟုတ်မဟုတ် မသိ သေးသော်လည်း ယခုကဲ့သို့ သားကောင်များ အလွယ်တ ရခဲ့သဖြင့်တော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတော့သည်။





## အခန်း(၃)

## မွေးစကတည်းက သွားနှင့်အစွယ် ပါလာသောကလေး

မမြရီတစ်ယောက် ဈေးရောင်းထွက်ရာမှအပြန် နောက် တစ်ကြိမ် မှင်စာငတေကို တွေ့ရသောအချိန်မှာ ညနေပိုင်း ဝင်ဆည်းဆာအချိန် လမ်းပေါ်၌ အမှောင်ထု လွှမ်းနေစ ချိန် ဖြစ်လေသည်။

ဒီတစ်ကြိမ်တော့ သူသွားမည့်လမ်းမပေါ်မှာ ငုတ်တုတ် လေး ထိုင်နေသော မှင်စာငတေကို တွေ့ရသော်လည်း ထိတ် နဲ့ကြောက်ရွံ့မှု သိပ်မရှိတော့ပေ။

မမြရီက ဈေးဗန်းကို ရွက်ရင်း ဟန်မပျက် လျှောက်သွား မလှမ်းမကမ်းနေရာ ရောက်တော့ မှင်စာငတေက လမ်း

နံဘေးရှိ ချုံပုတ်အတွင်းသို့ ဝင်သွားသည်။

ထိုနေရာသို့ ရောက်၍ လိုက်လံကြည့်ရှုသောအခါ ဘာမှမတွေ့ရပေ၊ သို့ကြောင့် ရှေ့သို့ ဆက်လျှောက်လာရာ မလှမ်းမကမ်းနေရာ ရောက်တော့ နောက်မှ လိုက်လာသော ခြေသံကို ကြားရသည်။

“ဖျပ်. . ဖျပ်. . ဖျပ်. . ”

လှည့်ကြည့်လိုက်တော့ သူနှင့် မလှမ်းမကမ်းနေရာမှ မှင်စာငတေ လိုက်လာသည်ကို လှမ်းမြင်ရသည်။

သူရပ်လိုက်သည်နှင့် မှင်စာငတေကလည်း ရပ်သွားပြီး သူလျှောက်လျှင် နောက်မှ လိုက်လာသည်။

ပတ်ဝန်းကျင်မှာ မှောင်စပျိုးနေသောအချိန်ပေမို့ လူ သွားလူလာကလည်း မရှိသလောက် ဖြစ်နေရာ မမြရီစိတ်ထဲမှာ မကြောက်ဟု ထင်ထားသော်လည်း စိုးရိမ်စိတ်တော့ ဝင်လာ သည်။

“ဒီမှင်စာလေး ငါ့ရဲ့နောက်ကို ဘာကြောင့် လိုက်နေ တာလဲ မသိဘူး”

ဟု လမ်းလျှောက်ရင်း တွေးနေရာမှ တစ်စုံတစ်ခု ဖျပ်ကနဲ သတိရလိုက်လေသည်။

“အရင်တစ်ခေါက်တုန်းက ငါ့ဈေးဗန်းထဲက ဆတ်သာ တွေကို နှိုက်စားသွားတယ်၊ ဒီတစ်ခါလည်း အစာစားချင်လို့မှာ နောက်က တကောက်ကောက် လိုက်နေတာလား မသိဘူး”

ဟု တွေးမိသောကြောင့် ဈေးဗန်းကို ချကာ ဗန်းထဲ





လက်ကျန် အသားပိုင်းအချို့ကို လမ်းပေါ်သို့ ပုံထားပေးခဲ့ပြီး ဆက်လျှောက်လာသည်။

မလှမ်းမကမ်းရောက်၍ နောက်သို့ လှည့်ကြည့်လိုက် သောအခါ သူချထားခဲ့သော အသားများကို ကောက်ယူကာ အားရပါးရ စားနေသည်ကို မြင်ရသည်။

“အင်း. . . ဒီလိုကလေးမျိုးသာ ငါတို့ဆီ ရောက်လာ လျှင် ရတဲ့အသားတွေ ရောင်းဖို့မှ ကျန်ပါတော့မလား မသိဘူး”

ဟုလည်း တွေးမိလေသည်။

ဤသို့ဖြင့် လအနည်းငယ်ကြာသောအခါ မမြရီတစ် ယောက် ကိုယ်ဝန်ရှိပြန်လေသည်။

ထိုသို့ ကိုယ်ဝန်ရှိသည်ကို သိရသောအခါ နှစ်ယောက် လုံး စိတ်လှုပ်ရှားနေကြလေသည်။

“ကိုဘထင်. . . ကျုပ်တော့ ကိုယ်ဝန်ရှိပြန်ပြီ၊ ဒီတစ်ခါ ကလေးရော အဖတ်တင်မှ တင်ပါ့မလား မသိဘူး”

“မင်းကလည်း မဦးမချွတ်စကားတွေ လျှောက်ပြောနေ ပြန်ပြီ”

“ကျုပ် နောက်တစ်ခု စဉ်းစားမိတာ ရှိသေးတယ်တော့”

“ဘာလဲ. . ”

“တခြားတော့ မဟုတ်ပါဘူး၊ ဒီတစ်ခါ ကလေးရှိတာ အိပ်မက်ထဲကအတိုင်း ဟိုမှင်စာလေးများ ဝင်စားတာလား မသိ ဘူး”

“ဟုတ်တော့လည်း ဘာဖြစ်လဲကွာ၊ ကိုယ့်သားသမီး ဖြစ်

သူသိချင်သည်များကို မေးမြန်းကြည့်လေသည်။

"ကျုပ်တို့က ဒီအကြောင်းတွေကို သိပ်နားမလည်တော့ ဒေါ်မင်းဇာနဲ့ အခုလို တွေ့တုန်း မေးချင်တာလေးတွေ မေးပါရစေ"

"မေးပေါ့ ဘထင်ရဲ့၊ ငါသိတာတော့ ပြောမှာပေါ့"

ဒေါ်မင်းဇာက သူကြိုက်နှစ်သက်သော ပြောင်းဖူးဖက်ဆေးလိပ်တိုကို မီးညှိဖွာရင်း ပြန်ပြောသည်။

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ဟို. . ဟို. . လူကနေသရဲမွေးတာတို့၊ ဘီလူးမွေးတာတို့ဆိုတာ ရှိသလားဗျ"

"အေး. . . အဲဒီလိုကိစ္စမျိုးတွေက ရှိတော့ရှိပါတယ်၊ ဒါပေမယ့် အတော်ဖြစ်ခဲတဲ့ကိစ္စမျိုးပါပဲ၊ လူခြောက်မွေးတာတို့၊ ဥစ္စာစောင့် မွေးတာတို့၊ ဘီလူးမွေးတာတို့ဆိုတာတွေက ရှိတော့ ရှိခဲ့ဖူးပါတယ်"

"ဒေါ်မင်းဇာ ကြုံခဲ့ဖူးသလား"

"ငါတို့ ခပ်ငယ်ငယ်တုန်းကတော့ တစ်ခါကြားလိုက်ဖူးတယ်"

"ဘယ်လိုဖြစ်တာလဲ. . . ပြောပြစမ်းပါဗျ"

ကိုဘထင်က မေးသဖြင့် ဒေါ်မင်းဇာက အောက်ပ အကြောင်းအရာတစ်ခုကို ပြောပြလေသည်။

မြန်မာသက္ကရာဇ်(၁၂၅၇)ခုနှစ်လောက်က မန္တလေး မြို့နယ်(ယခု မန္တလေးတိုင်း)ရွာတစ်ရွာတွင် နွားသတ်၍ အမဲသား ရောင်းချစားသောက်သော ကုလားလူမျိုး အမဲသားသည် လင်





သားနှစ်ယောက် ရှိသည်။

လင်က နွားသတ်၍ အမဲပေါ်ကာ မယားက အမဲသား လှည့်လည်ရောင်းချလေသည်။

ရောင်းချ၍မကုန်သော အမဲသားများကိုတော့ အသား ချွင်း၍ ကျတ်စင်ပေါ်၌ ကျတ်တင်ထားလေသည်။

လင်ဖြစ်သူမှာ နေ့စဉ်လိုလို နွားသတ်နေသဖြင့် တစ်ခါ ဘစ်ရံ နေမကောင်း၍ သတိလစ်သွားသောအချိန်တွင် လေး ဘက်ထောက်ကာ နွားလို အော်နေတော့သည်။

ဇင်းလင်မယားနှစ်ယောက်တို့မှာ ပေါင်းသင်းနေထိုင်ခဲ့ သည်မှာ ကြာပြီဖြစ်သော်လည်း ကလေးအဖတ်မတင်ပေ။

ကလေးမွေးပြီး မကြာမီမှာပင် သေဆုံးသွားလေသည်။ ထိုသို့ သေဆုံးသွားပြီးနောက်ပိုင်းတွင် မိန်းမဖြစ်သူမှာ ထူးဆန်း သောအိပ်မက်တစ်ခုကို အမြဲမြင်မက်လေ့ရှိသည်။

အိပ်မက်မှာ အခြားမဟုတ်ပေ။

သူမွေးထားသော ကလေးကို ဘီလူးတစ်ကောင်က လာ ရောက်စားသောက်ပစ်နေသည်ဟု မြင်မက်ခြင်းဖြစ်သည်။

သို့သော်လည်း နှစ်ယောက်စလုံးမှာ အယူအစွဲ ရှိကြသူ များ မဟုတ်ကြသဖြင့် ထိုအိပ်မက်မျိုး မက်လျှင်လည်း ဂရုမစိုက် ဘဲ နေကြလေသည်။

ဤသို့ဖြင့် နှစ်အတန်ကြာသောအခါ ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် ကလေးမွေးတိုင်း လာရောက်စားနေ

"ငါလည်း အိမ်ရှေ့မှာ အမြဲရှိနေတာပဲ၊ ဘယ်ခွေး
လာတာ မတွေ့ပါဘူး၊ အိမ်က ကြောင်များ နှိုက်စားလိုက်
သလား"

"ဟာ. . တကယ်လို့ ကြောင်စားရင်တောင် ဒီလောက်
ကုန်မလားဟ၊ စဉ်းစဉ်းစားစားလည်း ပြောပါဦး"

"ဒါဖြင့် ခွေးမစား၊ ကြောင်မစားပဲနဲ့ ချက်ထားတဲ့ဟင်း
တွေက ဘယ်ရောက်ကုန်ပြီလဲ"

ထိုအခြေအနေ၏အဖြေကိုတော့ နှစ်ယောက်စလုံး
မသိနိုင်ကြပေ။ ကလေး ရှစ်လသားအရွယ်လောက် ရော
တော့ ဟင်းအိုးထဲမှ ဟင်းလျာများ ပျောက်ရုံမကတော့ပဲ ကျ
စင်ပေါ်မှာ တင်ထားသော အမဲသားခြောက်များ တစ်စတစ်
လျော့သွားသည်ကို စတင်သတိပြုမိတော့သည်။

"ဒီကျတ်စင်ပေါ်က အမဲခြောက်တွေ ဘယ်ရောက်ကု
ပြီလဲဟ၊ ကြွက်တွေ ကြောင်တွေ စားရင်လည်း ဒီလောက်မလျော့
တန်ပါဘူး၊ နင်များ ရောင်းမိသေးလား"

"ပေါက်ပေါက်ရှာရှာ. . မရောင်းရသေးပါဘူးတော်"

ထိုအခါမှ ယောကျ်ားဖြစ်သူမှာ အနည်းငယ် ရိပ်မိသ
ဖြစ်လာပြီး ပတ်ဝန်းကျင်မှ လူကြီးအချို့ကို အသိပေး မေး
ကြည့်ရလေသည်။

"အေး. . . ငါတို့တတွေကလည်း မင်းတို့ ကလေး
ပြီးကတည်းက ဘယ်လိုထူးခြားမှုတွေများ ကြားရလေမလဲ
ရင်တမမနဲ့ နားစွင့်နေရတာဟ၊ အခုတော့ ငါတို့ထင်တာ မ





းပေါ့"

"အဲဒါ ဘယ်လိုဟာမျိုးလဲဗျ"

"ငါတို့ မြန်မာတွေရဲ့အယူအဆမှာ မွေးကတည်းက
မွေးအမျှင်တွေနဲ့ သွားတွေအစွယ်တွေ ပါလာရင် ဘီလူးမွေး
ယ်လို့ ယူဆကြတယ်၊ အဲဒီကလေးမျိုးကို မိဘတွေက ဆက်
မွေးဝံ့ကြလို့ ဥပါယ်တမျဉ်နဲ့ စွန့်ပစ်ကြရတယ်ကွ"

"ဒီတော့ အခု ကျုပ်က ဘယ်လိုလုပ်ရမလဲ"

"ဟုတ်မဟုတ် သေချာအောင် စောင့်ကြည့်ပေါ့ကွ၊ အမဲ
ခြောက်တွေ ပျောက်တာ ညဘက်ဆိုတော့ မင်း ညမှာ မအိပ်ပဲ
စောင့်ကြည့်ပါလား"

ဟု အကြံပေးလိုက်သဖြင့် ယောကျ်ားလည်း အိမ်ပြန်
သည်။ ထိုအကြောင်းကိုပင် မိန်းမကိုပင် အသိမပေးချေ။

ညဘက်ရောက်တော့ အမဲဖျက်သော ဓားမြောင်ကို
င်းအုံးအောက်မှာ ထားကာ မအိပ်ပဲ စောင့်ကြည့်လေသည်။

ပထမညကတော့ ဘာထူးခြားမှုမှ မတွေ့ရပေ။

နောက်တစ်ညမှာလည်း အိပ်ချင်ယောင်ဆောင်လျက်
သက်စွာ စောင့်ကြည့်နေစဉ် ညဉ့်နက်ပိုင်းအချိန် ရောက်လာ
သာအခါ လင်မယားနှစ်ယောက်ကြားမှာ သိပ်ထားသော
လေးမှာ လူးလွန့်လာသည်။

မျက်လုံးဖွင့်လာကာ အခြေအနေကို ကြည့်သည်။

ပြီးလျှင် လူကြီးတစ်ယောက်ပမာ ထထိုင်လေတော့
ည်။ ယောကျ်ားဖြစ်သူမှာ ရှစ်လသားအရွယ်ကလေးက

ကိုဘထင်တို့ လင်မယားကို ပြန်ပြောပြနေခြင်းဖြစ်၏။

"ဒေါ်မင်းဇာ ပြောပုံအရဆိုရင် ဘီလူးမွေးတာတို့ဘာ ဆိုတာ တကယ်ရှိတာပဲ၊ ကျုပ်တော့ ကလေးမွေးရမှာတော ကြောက်လာပြီ"

ဟု မမြရီက ပြောသည်။

"ဘာကြောက်စရာ ရှိသလဲအေ၊ ဒီအဖြစ်မျိုးက ဖြစ် တယ်၊ ဘုရားတရား များများလုပ်ပေါ့"

ဒေါ်မင်းဇာက ဘုရားတရား များများလုပ်ပါဆိုသေ လည်း ၎င်းတို့မှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြသောကြော ဘယ်လိုလုပ်ရမှန်း မသိအောင် ရှိနေကြတော့သည်။

"အဲဒါတွေ နားမလည်ရင်လဲ ဘာမှကြောက်စရာ ဘူး၊ ရွာထဲမှာ ဆေးဆရာပေလူ ရှိတာပဲ၊ ကလေးမွေးပြီးသေ သူ့ကို အိမ်ခေါ်ပြီး နည်းနည်းပါးပါး ကြည့်ခိုင်းလိုက်လေ၊ ဆ ပေလူက ခြေကြွခ ပေးခေါ်ရင် လာပါတယ်"

"အင်း. . . ဒါလည်း ကောင်းတာပဲ၊ ကလေးမွေးတော သူ့ကို ခေါ်ရမယ်"

ဟု ပြောဆိုတိုင်ပင်လျက် ရှိကြလေသည်။

မမြရီစိတ်ထဲမှာတော့ တစ်စုံတစ်ခုကို စိုးရိမ်ကြော လျက် ရှိနေလေသည်။





# အခန်း(၄)

## ထမင်းဟင်းများ ထူးဆန်းစွာ ပျောက်ဆုံးခြင်း

ထိုဥပါဒါန်အစွဲက မမြရီကို နေ့စဉ်နှင့်အမျှ ခြောက်လှန့် လျက် ရှိနေလေသည်။

သူလွယ်ထားရသောကိုယ်ဝန်မှာ မှင်စာငတေ ဝင်စား သည်ဟုပင် စွဲလန်းနေသည်။

ထိုစိတ်ကြောင့်ပင် တစ်ခါတစ်ရံ လူမှာ ခက်ထန်ကြမ်း တမ်းလာသယောင် ရှိလေသည်။

"ကိုဘထင်. . . ကျုပ် အခုတလော ဘယ်လိုဖြစ်နေ တယ် မသိဘူး၊ အသားဟင်း ငါးဟင်း မပါရင် ထမင်းမစားနိုင်

ခဏကြာတော့ မျက်စိမျက်နှာ သိပ်မကောင်းပဲ ပြ
ထွက်လာသည်။

"ဘယ်နှယ့်လဲ ဘထင်၊ ကလေးကို ကြည့်ခဲ့ပြီလား"

"ကြည့်ခဲ့ပါပြီဗျာ. . . ဒါထက် ဒေါ်မင်းဇာ၊ ကလေး
ရုပ်ဆိုးလှချည်လား၊ လူအစစ်တော့ ဟုတ်မယ်မထင်ဘူး၊ ကျုပ်
ပါးစပ်ဖြဲကြည့်တော့ ပါးစပ်ထဲမှာတော့ သွားမပါဘူး"

"နင်စိတ်မသက်ာရင် မီးထွက်တော့ ဆရာပေလူကို
ခေါ်ပြီးပြလိုက်ပေါ့ဟယ်"

ဟု ပြောလိုက်လေသည်။

အစကတော့ ဘာပဲဖြစ်ဖြစ် ကလေးတစ်ယောက်ရလျှင်
သူ့အတွက် ကူဖော်လောင်ဖက် အဖော်ရနိုင်တာပဲဟု တွေး
သော ကိုဘထင်ပင်လျှင် ကလေး၏မျက်နှာကို မြင်သော
စိတ်ထဲမှာ တထင့်ထင့် ရှိနေလေသည်။

သို့သော်လည်း မမြရီ စိတ်မကောင်းမှာစိုးသောကြော
ဘာမှတော့ မပြောပေ။

ကလေးမီးထွက်ပြီးသောအခါ အောင်ဘာရွာထဲမှ
ပေလူကို သွားခေါ်၍ ကလေးကို ပြသည်။

ဆရာပေလူမှာ အသက်လေးဆယ်အရွယ်ခန့်ရှိပြီး
ရွာလုံးက အားကိုးအားထား ပြုနေရသော နတ်ဆရာဖြစ်သည်

၎င်းသည် ရောဂါဖြစ်လျှင် ဆေးကုပေးရုံမက
ပူဇော်ပေးခြင်းများလည်း ပြုလုပ်ပေးသည်။

၎င်းတွင် မရဏလွယ်အိတ်ဟု ခေါ်သော ဆေး





တ်တစ်လုံး ပါလေသည်။

ထိုဆေးလွယ်အိတ်မှာ ရေစိမ်ထားသည့် ခနိရွက်၊ အုန်း
က်များဖြင့် ယက်လုပ်ထားသောအိတ်ဖြစ်သည်။

အရွယ်အစားမှာ ၇×၅ လက်မ အရွယ်ခန့် ရှိသည်။

ဆေးလွယ်အိတ်၏အောက်ပိုင်းတွင် လုံခြုံစွာ ထည့်နိုင်
ပိုက်ဆံအိတ်သဏ္ဍာန် ပြုလုပ်ထားပြီး အပေါ်ပိုင်းကို ခေါက်
တ်ချထားရန် အနည်းငယ် ရှည်ရှည်ပြုလုပ်ထားသည်။

အပေါ်ပိုင်းအစကို အောက်သို့ ခေါက်ချလိုက်ကာ ကြိုး
ပတ်ချည်ထားရုံနှင့် ဆေးလွယ်အိတ်အဖြစ် အသုံးပြု၍ ရပေ
သည်။

နတ်ဆရာ၏ဆေးလွယ်အိတ်အတွင်း၌ အရုပ်မျိုးစုံနှင့်
ဆေးဝါးအဖြစ် အသုံးပြုရန် ပစ္စည်းများ ပါလေသည်။

လူရုပ်၊ ဘီလူးရုပ်၊ ငါးမေးရိုးတစ်စုံ၊ အနီရောင်သဲမှုန့်များ
အခြားအသုံးအဆောင်ပစ္စည်းများ ပါလာလေသည်။

နတ်ဆရာပေလူမှာ အိမ်ပေါ် ရောက်သည်နှင့် အိမ်ရှေ့
တွင် ဖယောင်းတိုင်များ ထွန်းသည်။

မီးထွန်းထားသော ခွက်ထဲသို့ သဲမှုန့်ကဲ့သို့ အရာများ
သည်။ မီးခိုးငွေ့များကို ကြည့်ပြီး ပါးစပ်မှ တတွတ်တွတ်နှင့်
ဆိုမှု ပြုနေသည်။

ပြီးနောက် မမြရီ ရင်ခွင်ထဲမှာ ပွေ့ထားသော ကလေး
ကို အနီးဖယ်၍ကြည့်သည်။

မျက်နှာပေါ်မှာ အမွေးအမျှင်များ ဖုံးနေသော ကလေး

ပါ့မလဲ၊ ကိုဘထင် ပြန်လာမှပဲ အကျိုးအကြောင်းပြောပြီး စီစဉ်
တော့မှာပဲ”

ဟု ထိတ်လန့်တုန်လှုပ်စွာ တွေးနေမိလေသည်။

ညနေစောင်းအချိန် ရောက်တော့ ခွေးသုံးကောင်နှ
အတူ ကိုဘထင် ပြန်ရောက်လာလေသည်။

ရောက်သည်နှင့် အကျိုးအကြောင်း ပြောပြလိုက်သည်

“ကျုပ်သွားတာ နာရီဝက်လောက်ပဲ ကြာတယ်၊ ပြန်လာ
တော့ ဟင်းနဲ့ထမင်းတွေ မရှိတော့ဘူး”

“အိမ်မှာ ဘယ်သူမှ မရှိတော့ အခြားသတ္တဝါ တစ်
ကောင်ကောင် တက်စားသွားတာလည်း ဖြစ်မှာပေါ့ကွာ၊ နောက်
တစ်နေ့မှာ မင်းပြောတဲ့အတိုင်း ဟုတ်မဟုတ် သိရအောင် စမ်း
ကြည့်ကြသေးတာပေါ့”

ဟု ပြောဆိုတိုင်ပင်ကြလေသည်။





## အခန်း(၅)

## တရားခံကို တွေ့ကြရလေပြီ

နောက်တစ်ပတ်ခန့် ကြာတော့ ကိုဘထင်က ခွေးသုံး
ကောင်ကို ခေါ်၍ တောထဲသို့ ထွက်သွားပြန်လေသည်။

နေ့လည်ပိုင်းအချိန် ရောက်လျှင် မမြရီက ထမင်းဟင်း
များကို ချက်ပြုတ်၍ မီးဖိုထဲမှာ ထားခဲ့ကာ ကလေးကို သိပ်၍
ရွာထဲသို့ သွားပြန်လေသည်။

ရွာထဲ ရောက်၍ ဒေါ်မင်းဇာနှင့် တွေ့လျှင် တလောက
ကြုံတွေ့ခဲ့ရသည့်အကြောင်းများကို ပြန်ပြောပြလိုက်သည်။

“ညည်းတို့ဟာ ကြည့်လည်းလုပ်ကြဦး၊ ငါထင်တဲ့အတိုင်း

တော့ မမြရီနှင့် တွေ့ရသည်။

"ဘယ်လိုလဲ. . ."

"ကျုပ် တစ်နေရာကနေ စောင့်ကြည့်နေတာ၊ တော့်ခွေး ကြီး ပြန်ရောက်လာပြီး ချက်ထားတဲ့ထမင်းဟင်းတွေကို အကုန် စားပစ်တာတော့"

"ဟင်. ."

"အခုတော့ သံညှပ်ထောင်ချောက် မိနေပြီထင်တယ်"

"တွေ့ရောပေါ့ကွာ"

ကိုဘထင်က လှံကို ယူပြီး အိမ်ပေါ် တက်သွားသည်။ မီးဖိုချောင် ရောက်တော့ သံညှပ်မိပြီး တုံးလုံးလဲကျနေ သော ရန်လုံကို တွေ့ရလေသည်။

ရန်လုံက သူတက်လာတာ မြင်တော့ တဂီးဂီးတဂဲဂဲနှင့် မာန်ဖီကာ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်နေသည်။

"မင်းကမှ သခင်အပေါ် သစ္စာမရှိမှတော့ ငါကလည်း မင်းကို ဆက်ထားစရာအကြောင်း မရှိတော့ဘူး၊ ကိုင်း. . . သေရော့ကွာ"

ပြောဆိုကြိမ်းမောင်းကာ လှံဖြင့် ထိုးသတ်လိုက်လေ တော့သည်။ လှံချက်များကြောင့် ရန်လုံမှာ တဂီးဂီးတဂဲဂဲနှင့် အော်ဟစ်မာန်ဖီရင်းနှင့် ခဏကြာတော့ သေဆုံးသွားလေသည်။

ထိုသို့ သေဆုံးသွားပြီး ခဏကြာသောအခါ ချက်ချင်း ပုတ်ပွတက်လာပြီး အသားအရေများက ပျော်ကျကာ အရိုးကျ သွားလေတော့သည်။





ထိုအခါ ထိတ်လန့်တကြားနှင့် အိမ်နီးချင်းများကို ခေါ်ပြသောအခါ အနည်းငယ် ကြားဖူးနားဝ ရှိသော လူကြီးတစ်ယောက်က. . .

"အဲဒါ ဖုတ်ဝင်နေတာလို့ ခေါ်တယ်၊ မင်းရဲ့ခွေးက သေပြီးတာ ကြာရောပေါ့၊ ဘယ်တုန်းက သေတာလဲ"

ဟု မေးသည်။

"ကျုပ်လည်း မသိဘူး၊ တစ်ခါတော့ သစ်ပင်ပိမိတာ ရှိတယ်"

"အဲဒီကတည်းက သေသွားတာ ဖြစ်မှာပေါ့၊ သေပြီးတဲ့နောက် ဖုတ်ဝင်ပြီး ဟန်မပျက် ထလာတာ ဖြစ်မယ်၊ မင်းတို့အိမ်မှာ ပျောက်တဲ့ကိစ္စတွေက သူ့လက်ချက်ပဲ ဖြစ်မှာပေါ့"

ဟု ပြောကြလေသည်။

ဒီတော့မှ ရန်လုံပြန်လာပြီးနောက် ကျန်ခွေးနှစ်ကောင်နှင့် အမြဲတစေ မသင့်မမြတ် ဖြစ်နေသည်ကို သတိရမိလေသည်။

"အော်. . . ဒင်းက ဒီလိုကိုး၊ ငါတို့က ကလေးကို စွပ်စွဲနေတဲ့အချိန်မှာ ဖုတ်ဝင်နေတဲ့ခွေးက အချောင်ဝင်ပြီး ခိုးစားနေတာကိုး"

"ဒီလိုဆို ထမင်းဟင်းတွေ အမဲခြောက်တွေ ပျောက်နေတာ ကလေးခိုးစားတာ မဟုတ်ဘူးပေါ့"

"အခု ဒီမှာ တရားခံ မိနေပြီဆိုတော့ ကလေးခိုးစားတယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့"

ရှိသလို ကြောက်မက်ဖွယ်ရာကောင်းသော အန္တရာယ်များစွာ
လည်း ရှိပေသည်။ သို့သော်လည်း နီမောင်တို့လို ပင်လယ်ပြ
ကို အမှီပြုကာ နေထိုင်ကြရသူများကတော့ ထိုသဘာဝ ဘေး
အန္တရာယ်များကို ရှောင်ရှား၍ ဝမ်းစာအတွက် လုပ်ကိုင်ကြ
လေသည်။

နီမောင်သည် အသက်(၂၅)နှစ်အရွယ်ခန့် ရှိပြီး ပုလဲ
နက် ရွာသားဖြစ်သည်။ ပုလဲနက်ရွာသည် အောင်ဘာရွာနှ
မဝေးလှသောနေရာ၌ ရှိသည့် ကျွန်းတစ်ကျွန်းပေါ်၌ တည်ထာ
သောရွာဖြစ်သည်။

အိမ်ခြေမများလှသော်လည်း တစ်ရွာလုံး ပုလဲငုတ်သော
အလုပ်ကို လုပ်ကိုင်ကြသည်။

အနည်းဆုံး ငါးဖမ်းသူများပင် အခြားငါးဖမ်းကိရိယာ
များ မဆောင်ကြဘဲ အိုးများ၊ ပုလင်းများနှင့် မိုင်းခွဲကာ ငါးဖမ်း
လေသည်။ ထိုငါးဖမ်းနည်းမှာ အခြားနည်းများကဲ့သို့ လှေပေါ်
ပိုက်ချဖမ်းရုံနှင့် မရပဲ ရေအောက်သို့ ဆင်းငုတ်၍ ငါးဖမ်းရသော
အလုပ်ဖြစ်သဖြင့် ရေငုပ်မကျွမ်းကျင်လျှင် မရနိုင်ပေ။

ဦးစွာ လှေဖြင့် ပင်လယ်ပြင်သို့ ထွက်သွားပြီး ငါးမျ
မည့်နေရာကို ခန့်မှန်း၍ ရေအောက်သို့ ဆင်း၍ အရင်ကြည့်
သည်။

အချို့ကျွမ်းကျင်သူများကတော့ ရေမျက်နှာပြင်
အခြေအနေကြည့်ရုံနှင့် ရေအောက်မှ ငါးရှိမရှိ အခြေအနေ
ခန့်မှန်းနိုင်ကြသည်။





သာမန်ကတော့ ရေအောက်သို့ ဆင်းငုတ်ကာ ငါး
အခြေအနေကို ကြည့်ပြီး ငါးအုပ်များလျှင် အိုးအတွင်းသို့ မိုင်း
ထည့်ကာ ခွဲသည်။ ငါးအုပ်နည်းလျှင်တော့ ပုလင်းထဲသို့ မိုင်း
ထည့်၍ခွဲလေသည်။ မိုင်းထိ၍ ငါးများ သေသောအခါ ပင်လယ်
ရေအောက်ကြမ်းပြင်သို့ ကျသွားကြလေသည်။

ထိုအခါ ရေငုတ်၍ ဆင်းကောက်ယူကြရသည်။ သို့
ကြောင့် ထိုအလုပ်ပင်လျှင် ရေငုတ်ကျွမ်းကျင်ရန် လိုလေသည်။
အထက် ကမာကောင် ငုတ်သူများက ပို၍ရေငုတ်ကောင်းရန်
လိုလေသည်။

အချို့ဆိုလျှင် ပေ(၁၈၀)၊ (၂၀၀)ကျော်အနက်အထိ
ဆင်းငုတ်ကြသည်။ ရေငုတ်သင်္ဘာရင့်သူများမှသာ ရေအောက်
အနက်(၂၅၀)လောက်အထိ ဆင်းငုတ်ကြရသည်။

ပုလဲရှိသော ကမာကောင်များကို ထိုရေစူးလောက်
အထိ ဆင်းငုတ်ပါမှ ရနိုင်ပေသည်။

နီမောင်တို့ နေသော ပုလဲနက်ကျွန်းတဝိုက်တွင် ပုလဲ
ရှိသော ကမာကောင်များစွာ ပေါလေသည်။

ရှေးအယူအဆများကတော့ ထိုနေရာတဝိုက်တွင် မီး
တောင်ပေါက်ကွဲခဲ့ဖူးသဖြင့် ပုလဲနက်များ ရနိုင်သည်ဟု ဆိုသည်။
ကျွန်းတဝိုက်တွင် တစ်ခါတစ်ရံ ပုလဲနက်များ ရတတ်သဖြင့်
ပုလဲနက်ကျွန်းဟု အမည်တွင်ခဲ့ခြင်းဖြစ်၏။

ပုလဲနက် ရှိသော မုတ်ကောင်မှာ နှုတ်ခမ်းသားတဝိုက်
လည်း အနက်ရောင်ဖြစ်သည်။

တို့ ကျူးကျော်လာသည့် စစ်ပွဲအပြီး တနင်္သာရီတိုင်းကို သိမ်းပြီး ချိန်မှစ၍ အင်္ဂလိပ်တို့ စိတ်ဝင်စားဟန်တူသည်။

(၁၈၉၁)ခုနှစ်တွင်မှ အင်္ဂလိပ်အစိုးရသည် ဩစတြေး လျနိုင်ငံ ကွင်းစလန် ပုလဲငုပ်သမား Mr.Chill ဦးဆောင်သော ပုလဲငုပ်လုပ်ငန်းကို မြိတ်ကျွန်းစုတွင် စတင်လုပ်ကိုင်စေခဲ့သည်။ မြိတ်ကျွန်းစုရှိ ကျွန်းများအမည်ကိုလည်း ၎င်းတို့၏အုပ်ချုပ်ရေး အရာရှိနှင့် စစ်မက်အရာရှိကြီးများ၏အမည်များကို ဂုဏ်ပြု လျက် အင်္ဂလိပ်အမည်များ မှည့်ခေါ်ခဲ့ကြသည်။

(၁၈၉၁)ခုနှစ်က ဗြိတိသျှပိုင် မုတ်ကောင်ငုပ်လှေ သုံး စင်းသည် မုတ်ကောင်များကို ရှာဖွေရန် မြိတ်မြို့မှ ထွက်လာ သည်။ လှေတစ်စီးလျှင် မနီလာ(ဖိလစ်ပိုင်)နှစ်ဦးစီနှင့် မြန်မာ (ဗမာ)ခြောက်ဦးတို့ ပါဝင်သည်။ နောက်လိုက်များ ဖြစ်ကြသည်။ လှေသုံးစီးပေါ်ရှိ မြန်မာ(၁၈)ဦးတွင် ကိုဘိုးမောင်လည်း တစ် ယောက်အပါအဝင်ဖြစ်သည်။

ပုလဲကျွန်းသို့ ရောက်သောအခါ မနီလာ(ဖိလစ်ပိုင်) ခြောက်ဦးသည် အရက်များ မူးယစ်လျက် မြန်မာများကို နည်း အမျိုးမျိုးဖြင့် နိုင်ထက်ကလူ ပြုသည်။ ဤတွင် မဟုတ်မခံတတ် သော ကိုဘိုးမောင်က တော်လှန်တော့သည်။ ကျန်မြန်မာ(ဗမာ) များက ကြောက်ရွံ့အညံ့ခံကြသည်။

မနီလာ(ဖိလစ်ပိုင်)ခြောက်ဦးသည် တစ်ယောက်တည်း သော ပုန်ကန်သူ မြန်မာ(ဗမာ)လူမျိုး ကိုဘိုးမောင်ကို အမျိုးမျိုး ညှဉ်းဆဲပြီး သတ်ပစ်လိုက်သည်။





ထိုအချိန်မှစ၍ ဆာဂျေမယ်လ်ကွန်ကျွန်း (ယခု ပုလဲ ကျွန်း)ကို မြိတ်အခေါ် "ဘိုးမောင်ဆောင်" (ဘိုးမောင်ကျွန်း)ဟု ခေါ် ဆိုခဲ့ကြသည်။

ဤပုလဲကျွန်းကို စတင်တွေ့ရှိသူများမှာလည်း မနီလာ (ဖိလစ်ပိုင်) လူမျိုးများပင် ဖြစ်ပြီး ခရစ်နှစ်(၁၈၈၁)ခုနှစ်က တွေ့ရှိ သည်။ ထိုစဉ်က မြန်မာနိုင်ငံအခြေအနေမှာ တောင်သူလယ် သမားများ ကြွေးတင်လျက် ဒုက္ခနှင့် ရင်ဆိုင်နေရသော ပြည် တွင်းရေး မတည်ငြိမ်သည့်အချိန်ဖြစ်သည်။ အောက်မြန်မာပြည် ကို အင်္ဂလိပ်တို့ သိမ်းထားပြီးဖြစ်သည်။ ထိုမှ လေးနှစ်အကြာ (၁၈၈၅)ခုနှစ်တွင် မြန်မာဘုရင် သီပေါမင်း ပါတော်မူခြင်းဖြင့် မြန်မာတစ်ပြည်လုံး. ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရ သည်။

ဗြိတိသျှတို့သည် မြန်မာ့ပုလဲကျွန်းမှ အဖိုးတန်ရတနာ များကို မြောက်မြားစွာ ရှာဖွေရယူခဲ့ပြီးဖြစ်သည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး (၁၈၂၆)ခုနှစ်၊ တနင်္သာရီတိုင်း၊ ကျိုက္ခမီမြို့ကို ဗြိတိသျှတို့က မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

ယင်းနောက် ဖိလစ်ပိုင်ကျွန်း၊ မနီလာမြို့မှ မနီလာ (ဖိလစ်ပိုင်)လူမျိုးများကို ခေါ်ဆောင်လျက် ပုလဲရှာဖွေရေး လုပ်ငန်း စတင်သည်တွင် (၁၈၈၁)ခုနှစ်၌ ပုလဲကျွန်းကို တွေ့ရှိ ခြင်းဖြစ်သည်။

မနီလာ(ဖိလစ်ပိုင်) ပုလဲငုပ်သမားများ ရှာဖွေလုပ်ကိုင်ခဲ့ သည့် နှစ်ပေါင်း(၉၀)ကျော်ခန့် (ခရစ်နှစ်-၁၉၂၃)ခုနှစ်တွင်မှ

ဂျပန်ပုလဲမွေးသူများ ရောက်ရှိလာကြခြင်းဖြစ်သည်။ မြန်မ
(ဗမာ)လူမျိုးများထဲမှ ရှေးဦးစွာ ပုလဲငုပ်သူမှာ မြိတ်မြို့မှ ဦးဘန်
ဆိုသူ ဖြစ်သည်။

ဤသို့ဖြင့် မြန်မာ့ရတနာ ပုလဲကျွန်းမှာ ဗြိတိသျှတို့လက်
နှင့် ဂျပန်တို့လက်ဝယ်မှ ယနေ့ မြန်မာ့လက်ဝယ်သို့ အဆင့်ဆင့်
ရောက်ရှိလာခြင်းဖြစ်သည်။

ပုလဲတစ်လုံးဖြစ်လာရန် မုတ်ကောင်သည် မိခင်အ
အဓိက ဖန်တီးရှင်ဖြစ်သည်။ မုတ်ကောင်ကို (Pincta
margaritifera)ဟု သိပ္ပံအမည် သတ်မှတ်ထားပြီး အဓိပ္ပါယ်
"ပုလဲမွေးသူ" ဟု ဆိုလိုသည်။ မုတ်ကောင်ကို (OYSTE
"ခုံးကောင်" ဟုလည်း အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုသည်။

မိခင်မုတ်ကောင်၏ကိုယ်ခန္ဓာအတွင်းရှိ အမြုတေ
မဟုတ် သံသေဓဖြစ်သော ပုလဲသည် တစ်စုံတစ်ရာ
အကြောင်းကြောင့် ဖြစ်တည်လာရပေသည်။ အချိန်ကာလ
မြင့်လာသည်နှင့်အမျှ မိခင်မုတ်ကောင်အတွင်း၌ အရည်အ
လှပတင့်တယ်စွဲမက်ဖွယ် "အဇီဝ ပစ္စည်း" (Inorganic Su
stance) ဖြစ်သော ပုလဲအဖြစ် ရရှိလာသည်။

လူတို့ တွေ့ရှိလျှင်လည်း အဖိုးတန် ရတနာ
ရောက်ရှိပြီး အကယ်၍ မသိမိသဖြင့် မိခင်မုတ်ကောင်
လျှင် ယင်းပုလဲရတနာသည်လည်း ပင်လယ်ရေအောက်
ဓာတုဖွဲ့စည်းမှု ပျက်စီးပျောက်ကွယ်ရပေသည်။

"မုတ်ကောင်" ဟူသော ဝေါဟာရမှာ မြန်မာ





စစ် မဟုတ်ချေ။ ပုလဲကို သန္ဓေတည်ပေးသော မိခင်ကမာ
ကောင် (Mother of Pearl)ကို အင်္ဂလိပ်ဘာသာဖြင့် အတို
ကောက် (M.O.P) "မော့ပ်" ဟု ခေါ်ရာမှ အသံကို လိုက်၍
မုပ်၊ ထိုမှ မုတ်ကောင်ဟု ခေါ်ဆိုလာကြခြင်းဖြစ်သည်။

ပို၍ဖြစ်နိုင်ခြေ ရှိသည်မှာ ရှေ့မီနောက်မီ ဆရာကြီးများ
နှင့် ဆွေးနွေးရာတွင် ပုလဲပုတီးကို ရှေးက မုတ်ပုတီးဟု ခေါ်
ကြောင်း၊ "မုတ်ပုတီးရယ် တစ်သွယ်နှစ်သွယ်၊ မမလေး ရွှေခြေ
ကျင်း ဝါဝင်းလှတယ်" ဟု ဆိုကြောင်း သိရသည်။ ထို့ကြောင့်
မုတ်ပုတီးကို မုတ်ကောင်မှ ရသည်ကို အဆိုပြုထားခြင်းဖြစ်
သည်။

ပုလဲလုံးက လှပတင့်တယ်သလောက် မိခင်မုတ်ကောင်
ရုပ်ဆိုးသည်ဟု ဆိုရပေမည်။ မုတ်ကောင်၏ပုံသဏ္ဌာန်မှာ
ပြားပြားဝိုင်းဝိုင်းပုံ ရှိပြီး အချင်း(၁၀)လက်မမှ (၁၄)လက်မ ပတ်
ည်ခန့် ရှိသည်။ အပြင်ခွံ ကြမ်းတမ်းပြီး မိမိနေထိုင်ရာ ပတ်ဝန်း
ကျင် ရေအောက်ပင်လယ်ကြမ်းပြင်နှင့် စရိုက်ဓလေ့ တူအောင်
သွေးအရောင်ကပါ လိုက်လျောညီထွေမှု ရှိစေရန် သဘာဝ
ဖန်တီးပေးထားသည်။

မုတ်ကောင်တွင် အခွံနှစ်ခြမ်း ပါသည်။ ကမာကောင်
မျိုးအစားဖြစ်ပြီး အပြင်ခွံ ကျောနှစ်ဘက်လုံးသည် ထုံး
ကျောက်သားဖြင့် တည်ဆောက်ထားသည်။ အဖုအထစ်များ၊
များ၊ တစ်ခါတစ်ရံ ခယင်းကောင်များ ကပ်နေတတ်သည်။

မုတ်ခွံသည် အများအားဖြင့် ထုံးကျောက်အမျိုးအစား

(Calcium Carbonate)ဖြင့် အများဆုံး အချိုးအဆ ပါဝင်တည် ဆောက်ထားပြီး မုတ်ခွံကဲ့သို့ အမျိုးအနွယ်တူသော ခုံးကောင် ရှပ်ကောင်၊ ခရုညို၊ ယောက်သွားတို့ ဖြစ်ပြီး ယင်းအခွံကို အ ပေးပါက ထုံးမှုန့်အဖြစ် ရရှိသည်။

မုတ်ကောင်၏အတွင်းသားမှာ ချောမွေ့နူးညံ့သည်၊ အရောင်မှာ ငွေရောင်ရွှန်းပ လင်းလက်နေသည်။ အထူးသဖြင့် မုတ်ကောင်များမှာ ကမ်းရိုးတန်း ပင်လယ်ရေတိမ်ပိုင်းမှ ရေနက် ပိုင်းအထိ နေကြသည်။ သို့သော်လည်း ကမ္ဘာ့ပင်လယ်ကမ်းရိုး တန်းတွင်ကား မတွေ့ရချေ။

ပုလဲများ ရရှိအောင် မွေးဖွားသန့်စင်ပေးသော မုတ် ကောင်ကို ပါရှန်ပင်လယ်ကွေ့ရှိ ဘာရိန်းဆိပ်ကမ်းအနီးမှ ပင် လယ်နီ၊ သီရိလင်္ကာနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံကမ်းခြေများ၊ ပနား မား တူးမြောင်း၏အရှေ့ဘက် မိုင်(၃၀)အကွာရှိ ပုလဲကျွန်းများ မက္ကဆီကိုနိုင်ငံ၏ပစိဖိတ်ကမ်းခြေဒေသ၊ ဩစတြေးလျတိုက် မလေးရှားနိုင်ငံ၊ အနောက်အိန္ဒိယကျွန်းစု၊ ဖိလစ်ပိုင်နိုင်ငံ၊ နယူး ဇီလန်နှင့် ဂျပန်နိုင်ငံကမ်းခြေအချို့တွင် တွေ့ရှိရသည်။

မုတ်ကောင်ကို ကမ္ဘာ့ကမ်းရိုးတန်းဒေသများမှ ပင်လယ် ရေအောက်မြေပြင်ရှိ ကျောက်ဆောင်ကျောက်တုံးကြီးများ အပူ အအေး မျှတသည့် ပင်လယ်ရေစီးကြောင်း ရှိသည့်နေရာများ ပင်လယ်ရေ ညစ်ညမ်းမှု မရှိသည့်နေရာများတွင်သာ အများ အားဖြင့် တွေ့ရှိရတတ်သည်။

မြန်မာ့ပုလဲ ထွက်ရှိရာ မုတ်ကောင်များကို တနင်္သာရီ





တိုင်း၊ မြိတ်ခရိုင်အတွင်းရှိ ကျွန်းပေါင်း(၈၀၄)ကျွန်း ပါဝင်သော မြိတ်ကျွန်းစုများမှ ပုလဲကျွန်းဒေသများတွင် တွေ့ရှိရသည်။

ရှေးယခင်က ပုလဲငုတ်ရာတွင် ရေငုတ်ကျွမ်းကျင်သော ဆလုံတို့ကို အသုံးပြုလေ့ရှိကြသည်။

အချို့ဆလုံတို့မှာ လေရှူပိုက် အကူအညီ တစ်စုံတစ်ရာ မပါဘဲ ရေအောက်၌ အချိန်ကြာမြင့်စွာ နေနိုင်ကြလေသည်။

နောက်ပိုင်းကာလများ ရောက်လာတော့ မော်လမြိုင်၊ ထားဝယ်၊ မြိတ်မှ ရေလုပ်သားများ၊ ရေငုတ်ကျွမ်းကျင်သူများကို ခေါ်ယူကာ လုပ်ကိုင်ကြလေသည်။

အထူးသဖြင့် ရေငုတ်သူများမှာ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းသာ လုပ်ကိုင်နိုင်ကြပြီး ရေငုတ်သူသည် ကျန်း မာရေးနှင့် ပြည့်စုံခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ ရေငုတ်ကျွမ်း ကျင်ခြင်း၊ မျက်စိအမြင်ကောင်းခြင်း၊ ဖျတ်ထိုးဉာဏ်ရှိခြင်း အစရှိ သော အရည်အချင်းများ ရှိရလေသည်။

ရေငုတ်သင်စ လူတစ်ဦး ရေငုတ်သင်စဉ် ရေအောက် အနက် သုံးလံ လေးလံမှ အစပြု၍ ရေအောက်တွင် ကြည့်တတ် မြင်တတ်အောင် စတင်သင်ယူကြရလေသည်။

မုတ်ကောင်များသည် ရေစူးနက်သော သန္တာကျောက် တန်းများ(Coral Reef)အနီး၌ တွေ့နိုင်ရာ ရေစူးအနက်ပေ ... ရောက်အောင် ငုတ်နိုင်အောင် လေ့ကျင့်ကြရသည်။ မုတ်ကောင် ရှာဖွေဖမ်းဆီးသောရက်မှာ အများအားဖြင့် ရေသေ ... များတွင် ဖမ်းဆီးလေ့ရှိသည်။

ရေနာရောဂါဖြစ်တော့မည်ဆိုပါက ကြိုတင်သိနိုင်သော
လက္ခဏာများ ပေါ်လာတတ်သည်။

ရင်ဘတ်တစ်ခုလုံး အောင့်လာခြင်း၊

ပခုံးနှစ်ဘက်စလုံး ကျိန်း၍ ကိုက်ခဲနေခြင်း၊

ဆီးသွားချင်သော်လည်း လုံးဝဆီးမထွက်တော့ခြင်း၊

ခါးအောက်ပိုင်းရှိ အဆစ်အမြစ်များ မခံမရပ်နိုင်အောင်
နာကျင်ကိုက်ခဲနေခြင်း၊

တဖြည်းဖြည်းနှင့် အောက်ပိုင်းတစ်ခုလုံး ထုံကျင်သော
ကာ လှုပ်ရှား၍မရအောင် ဖြစ်လာခြင်း၊

ရောဂါလက္ခဏာများ ပြသော်လည်း အချိန်မီ မကုနိုင်
က လေဖြတ်သကဲ့သို့ အောက်ပိုင်းတစ်ခုလုံး သေသွားခြင်း

နောက်ဆုံး အသက်သေဆုံးခြင်းများအထိ ဖြစ်နိုင်သည်
သည်။





## အခန်း(၇)

## ပင်လယ်ပျော်မယ့်ဖော်ကာင်း

နီမောင်သည် ပုလဲနက်ကျွန်းနှင့် မဝေးလှသော ကျွန်း
ကျွန်း၏နံဘေးရှိ ရေအောက်ကျောက်ဆောင်တန်းများအနီး
၎င်း၏အဖော်နှစ်ယောက်ဖြစ်သော စောထီးနှင့် ငမဲအောင်
အတူ မုတ်ကောင်များ ရှာဖွေလျက်ရှိနေလေသည်။

၎င်းတို့သုံးယောက်စလုံးမှာ ရေငုတ်ကျွမ်းကျင်ကြသူများ
သောကြောင့် ရေငုတ်ကိရိယာ တစ်စုံတစ်ရာ မပါပဲ အလွတ်
ငုတ်၍ ရေငုတ်နိုင်ကြလေသည်။

သုံးယောက်စလုံး၏ခါးတွင် အသက်ကယ်ကြိုးများနှင့်

မှတ်ကောင်ထည့်ရန် ပိုက်ကြိုးအိတ်များ ပါလေသည်။

လှေပေါ်မှ စောင့်နေသော ဦးမွန်ထော်က ထိုကြိုးမျာ ကို ကိုင်ရင်း အခြေအနေကို စောင့်ကြည့်ရသည်။

အကယ်၍ ရေအောက်၌ ကမာကောင်များ အရမ္ လျှင် ပိုက်အိတ်ဖြင့် ထည့်ပြီး ကြိုးကို လှုပ်၍ အချက်ပေးလို လျှင် လှေပေါ်မှ စောင့်နေသော ဦးမွန်ထော်က လှေပေါ်မှ တင်ရလေသည်။

သို့မဟုတ် ရေအောက်ဆင်းနေသူများ ရေအောက်တွ အန္တရာယ်တစ်စုံတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့၍ အချက်ပေးလို လျှင်လည်း အမြန်ဆုံး ဆွဲတင်ပေးရလေသည်။

တစ်ခါတစ်ရံလည်း အသက်ကယ်ကြိုး မမီလော သောနေရာတွင် ကမာကောင်များ တွေ့ရှိပါက ခါးမှာ ဆွဲထာ သော အသက်ကယ်ကြိုးကို ဖြုတ်ချထားခဲ့ပြီး အလွတ်သွား သည်လည်း ရှိသည်။

ထိုကြိုးကို အသုံးပြုသူများမှာ အသက်ရှူကိရိယာမျာ အသုံးပြု၍ ရေငုတ်ကြသူများသာ အသုံးပြုမှုများသော်လည နီမောင်တို့လို ရေငုတ်ကျွမ်းကျင်သူများကတော့ အသက်က ကြိုးကို အသုံးပြုမှု နည်းလေသည်။

နီမောင်သည် ရေအောက်၌ တွေ့သော မှတ်ကော များကို ရသမျှ ကောက်ယူပြီး ပိုက်အိတ်ဖြင့် ထည့်ကာ အပေါ် တင်ပေးလိုက်သည်။ ပြီးလျှင် အခြားတစ်နေရာသို့ နေရာ သည်။ မှတ်ကောင်များကို ရှာဖွေရာတွင် ရေအောက်၌





ရှိ ဘယ်လိုမှ မသိနိုင်သဖြင့် အပေါ် ရောက်မှသာ စစ်ဆေး ည့်ကြရသည်။

တစ်နေရာသို့ ရောက်သောအခါ နီမောင်နှင့် မလှမ်း မ်းနေရာမှ ကူးသွားသော သတ္တဝါတစ်ခုကို လှမ်းမြင်လိုက်ရ သည်။

ပထမတော့ ရေသတ္တဝါတစ်ကောင်ကောင်လား၊ ဒါမှမဟုတ် ငမဲအောင်လား၊ စောထီးလားဟု ထင်လိုက် သော်လည်း မဟုတ်ပေ။

သူ့ရှေ့မှ ကူးသွားသောအရာက ကလေးသာသာ ရွယ်ရှိသော လူပုလေးတစ်ယောက်ပင်ဖြစ်သည်။

"ဘာကောင်လဲဟ. ."

နီမောင်က ထိုသတ္တဝါကို လှမ်းကြည့်ကာ ဇဝေဇဝါဖြစ် းသည်။ ရေအောက်မှာဆိုတော့ သတ္တဝါမျိုးစုံ ရှိလေရာ ယ်လိုသတ္တဝါမျိုး ဖြစ်မည်ကို မသိရသေးပဲဖြစ်နေသည်။

ထိုသတ္တဝါက သူနှင့် မလှမ်းမကမ်းနေရာမှ ကူးသွားပြီး အောက်ရှိ ကျောက်တုံးတစ်တုံးပေါ်မှာ ဆောင့်ကြောင့်ထိုင် လေသည်။

နီမောင်က ထိုနေရာသို့ ကူးသွားတော့ သူထိုင်နေရာ ာက်ဘက်သို့ လက်ညှိုးထိုးပြသည်။

ထိုအခါမှ သတ္တဝါတစ်ကောင် မဟုတ်ဘဲ တစ်ပေ သာ အရွယ်အစား ရှိသော လူပုလေးတစ်ယောက်မှန်း တော့သည်။

☺ အောင်မြင်စာပေ ☺

သူက ထိုနေရာသို့ ကူးသွားတော့ လူပုလေးက အ
ကပ်မခံပဲ အခြားနေရာသို့ ရွှေ့သွားသဖြင့် မမြင်ရတော့
ဟိုဟိုသည်သည် လိုက်ကြည့်တော့လည်း မတွေ့ရ
ဒင်းလက်ညှိုးထိုးပြသွားသောနေရာသို့ ကြည့်
မှတ်ကောင်အချို့ကို တွေ့ရလေသည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ
မှတ်ကောင်များကို ပိုက်အိတ်ဖြင့် ထည့်ကာ ကြိုးကို
အချက်ပေးလိုက်ရာ အဘဦးမွန်ထော်က လှေပေါ်မှ ဆွဲတင်
သည်။

မရှေးမနှောင်းမှာပင် နီမောင်လည်း ရေပေါ်သို့
တက်လာလေသည်။

လှေပေါ် ရောက်တော့ စောထီးနှင့်ငမဲအောင်တို့
ယောက်ပင် လှေပေါ်သို့ ပြန်ရောက်နေကြလေပြီ။

"မင်း ရေအောက်မှာ ကြာလှချည်လား၊ မှတ်
တွေ အများကြီး တွေ့နေလို့လား"

"အေး. . . မှတ်ကောင်တွေလည်း တွေ့တယ်၊ နော
ပြီး ထူးဆန်းတာလည်း တွေ့ခဲ့လို့ကွ"

"ဘာတွေ့ခဲ့တာလဲ. . "

"လူသေးသေးလေးတစ်ယောက် ရေကူးနေတာ
လှမ်းမြင်လိုက်ရတယ်"

"ရေသတ္တဝါတစ်ကောင်ကောင် ဖြစ်မှာပါကွာ"

"ရေသတ္တဝါတော့ ဟုတ်ဟန်မတူဘူး၊ သေးတာကြီး





တယ်၊ လူတစ်ယောက်နဲ့တော့ အတော်တူတယ်"

"အဲဒီလိုတွေ့တော့ မင်းကို ဘာလုပ်သေးလဲ"

"ဘာမှတော့ မလုပ်ဘူး၊ သူ လက်ညှိုးထိုးပြတဲ့နေရာက
ကောင်တွေ ရခဲ့တယ်"

"ဟန်ကျတာပေါ့ကွ. . . ဒီလိုသာဆိုရင် ငါတို့တောင်မှ
လိုက်ချင်သေးတယ်"

"အဘ. . . အဲဒါ ဘယ်လိုသတ္တဝါမျိုးလဲ"

ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ဝါးရင်း စဉ်းစားနေသည်။

"ရေထဲမှာတော့ လူနဲ့ တူတာဆိုလို့ စမင်တွေ ရှိတယ်၊
တွေကို ရေဘီလူးလို့လည်း ခေါ်ကြတယ်၊ ဒါပေမယ့်. . .
ဘာတွေကလည်း လူအရွယ်အစားလောက် ရှိကြပါတယ်"

"အဘ မြင်ဖူးလားဟင်"

"စမင်လို့ ခေါ်တဲ့လူတွေဟာ တို့လိုလူတွေပါပဲ၊ သူတို့က
ပျော်ပြီး ရေထဲမှာ နေကြတယ်၊ အနေအထိုင် စရိုက်
တမ်းသလို ရုပ်ရည်ကလည်း ကြမ်းတမ်းတယ်၊ ရုပ်ရည်
ဘာက တစ်ကြောင်း၊ ရေထဲမှာ အမြဲနေထိုင်တာက တစ်
င်းကြောင့် သူတို့ကို ရေဘီလူးတွေလို့ ခေါ်ကြတာပဲကွ"

"သူတို့က ဘယ်နေရာမှာ ရှိတာလဲ"

"အရင်ကတော့ မွန်ပြည်နယ်ထဲမှာ ရှိတဲ့ ဘီလူးကျွန်း
သူတို့ နောက်ဆုံး နေခဲ့တဲ့နေရာလို့ ပြောကြတယ်၊ နောက်
မွန်တိုင်းရင်းသားတွေရဲ့တိုက်ခိုက်မှုကြောင့် တောင်ဘက်
ယ်ထဲကို နေရာရွှေ့သွားကြတယ်"

"ကျွန်တော်ကြားဖူးတာကတော့ စမင်ဆိုတာ လူသား စားတဲ့ နီဂရိုက်လို့ ခေါ်တဲ့ အသားမည်း ကပ္ပလီတွေလို့ ကြားဖူး တယ် အဘ"

"ဒါလည်း ဖြစ်နိုင်တာပါပဲ၊ ဘီလူးကျွန်းဆိုတာ သူတို့ နေခဲ့တဲ့နေရာကို အစွဲပြုပြီးခေါ်တာလို့ သိရတယ်"

"ဒါဖြင့် နီမောင်တွေ့ခဲ့တာ စမင်လို့ ခေါ်တဲ့ ရေဘီလူး သေးသေးလေးများ ဖြစ်နေရော့သလား"

"ဒါကတော့ ဘယ်ပြောနိုင်မလဲကွာ၊ ကုန်းသတ္တဝါထက် ရေထဲမှာ ရှိတဲ့သတ္တဝါက ပိုပြီးများတာပဲ၊ နောက်ပြီး ကုန်းပေါ်မှာ ရှိတဲ့သတ္တဝါတွေမှန်သမျှ ရေထဲမှာ အားလုံးရှိတာပဲ"

"ဘယ်လိုရှိတာလဲ အဘရဲ့"

"ကုန်းပေါ်မှာ လူရှိသလို ရေထဲမှာ ရေသူမ ရှိတယ် ဆင်ရှိသလို ရေဆင်ရှိတယ်၊ ကျားရှိသလို ကျားငမန်းရှိတယ် နွားရှိသလို ရေနွားရှိတယ်၊ ဒီလိုပဲ ဝက်၊ မြွေ၊ မြင်း၊ ခွေး၊ ကြောင် အစရှိတဲ့ သတ္တဝါမှန်သမျှ ရေထဲမှာ အားလုံးရှိကြတယ်"

ထိုသို့ စကားတပြောပြောနှင့် စားသောက်နေကြစဉ် သူတို့လှေနှင့် မလှမ်းမကမ်းနေရာရှိ ရေပြင်ပေါ်မှာ ငှက်ပျောတုံး ဖြင့် ပြုလုပ်ထားသော ဖောင်တစ်ဖောင် မျောပါလာသည်။

ပထမတော့ သာမန်မျောပါလာသည့် ဖောင်ဟုပင် ထင် လိုက်မိသည်။ မလှမ်းမကမ်း ရောက်လာတော့မှ ကလေးငိုသံကို ကြားရသည်။

"ဝါး. . ဝါး. . ဝါး"





"အဘ. . . ကလေးငိုသံဗျ"

"ဟုတ်တယ်. . . တို့လှေကို အဲဒီဘက် လှော်သွားစမ်း၊ သွားကြည့်ကြရအောင်"

ဟု ပြောသဖြင့် လှေကြီးကို ဖြတ်ကာ မျောသွားသော ငှက်ပျောဖောင်နောက်သို့ လိုက်သွားကြသည်။

ငှက်ပျောဖောင်မှာ သာမန်ဖြစ်ပေါ်နေသော လှိုင်းများ ကြားမှာ လူးကာလိမ့်ကာနှင့် မျောပါနေသလို ကလေးငိုသံက လည်း အဆက်မပြတ် ပေါ်ထွက်နေသည်။

ကောင်းကင်မှ ထိုးကျနေသော နေရောင်ခြည်ကလည်း ဖောင်ပေါ်သို့ ထိုးကျနေသည်။

အနားသို့ ရောက်၍ ကြည့်လိုက်တော့ ငှက်ပျောဖောင် ပေါ်မှာ ကလေးတစ်ယောက်ကို အနှီးဖြင့် ပတ်ထုပ်ကာ တင် ထားသည်ကို တွေ့ရသဖြင့် ဆယ်ယူကာ လှေပေါ်သို့ တင်လိုက် သည်။

ကလေးမှာ တစ်ကိုယ်လုံး အမွှေးအမျှင်များ ရှိနေပြီး ငိုကလည်း ဆိုးလှသည်။

ထို့ပြင် နေပူကျဲကျဲအောက်မှာ ဘယ်အချိန်ကတည်းက မျောနေမှန်း မသိရပဲ အသားများမှာလည်း နေလောင်ထား သဖြင့် ရဲတွတ်နေလေသည်။

ကလေးကို ကြည့်ပြီး ငမဲအောင်က. . .

"စမင်ပေါက်စလေး ဖြစ်မယ်ထင်တယ်"

ဟု ပြောသည်။

"စမင်မဟုတ်ဘူး. . . ဘီလူးကလေးနဲ့ တူတာဟ" စောထီးကပါ ပြောသည်။

"မဟုတ်နိုင်ပါဘူးကွာ. . . ကလေးအသားကို လောင်ပြီး ရဲနေတာပါ၊ သေသေချာချာလည်း ကြည့်ကြပါဦး"

ဟု ပြောကာ အနီးကို ဖယ်၍ကြည့်တော့ ယောကျ်ား လေးတစ်ယောက်ဖြစ်သည်။

တဝါးဝါး ငိုနေသောကြောင့် အခြားတိုက်စရာလည်း မရှိသဖြင့် ပါလာသော သောက်ရေအနည်းငယ်ကို တိုက်ပေး လိုက်တော့မှ ငိုသံရပ်သွားတော့သည်။

ထိုအခါမှ အသေအချာ ကြည့်ကြရာ ရုပ်ဆိုးပြီး တစ် ကိုယ်လုံး အမွေးအမျှင်များ ပါသည်ကလွဲ၍ လူအစစ်ပင်ဖြစ်၏

"ဘယ်လိုလုပ်ကြမလဲ အဘ"

"ဒါ တစ်ယောက်ယောက်က မမွေးချင်လို့ စွန့်ပစ်လိုက် တာ ဖြစ်ရမယ်. . . သနားစရာပါပဲ"

"ဘယ်လိုလူတွေကများ ကိုယ့်သားသမီးကို ပင်လယ်ထဲ မျှောလိုက်ရတယ်လို့ဗျာ. . . မသေကောင်း မပျောက်ကောင်း ကျွန်တော်တို့နဲ့သာ မတွေ့ခဲ့ရင် ဒီကလေး အသက်ရှင်ဖို့ အကြောင်းမရှိတော့ဘူး"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"

"အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းတယ်၊ လော လောဆယ်တော့ ရွာကို ခေါ်သွားကြမယ်၊ ဟိုရောက်တော့ ကြည့်ပြီးစီစဉ်ကြတာပေါ့"





ဟု ပြောဆိုတိုင်ပင်ကာ ရွာသို့ ပြန်လာခဲ့ကြသည်။

သူတို့လှေ ပုလဲနက်ရွာခြေသို့ ပြန်ရောက်သောအချိန်မှာ နေစောင်းအချိန်ဖြစ်သည်။

နေဝင်သွားပြီဖြစ်သောကြောင့် အမှောင်ရိပ်အချို့ပင် ခမ်းစပြုနေချေပြီ။

လှေကို ကမ်းဆိပ်ဆိုက်မိသည်နှင့် ရွာသားများက ၎င်း လှေပေါ်တွင် ကလေးတစ်ယောက် ပါလာမှန်း သိသွားကြရာ တစ်ယောက်စကား တစ်ယောက်ကြားပြီး လာရောက်ကြည့်ကြ သည်။

ဦးမွန်ထော်က ၎င်းကိုယ်တိုင် ကလေးကို တဲပေါ်သို့ ခေါ်သွားလေသည်။

"ဘကြီးထော်. . . ကလေးက ဘယ်က ရလာတာလဲ"

"ပင်လယ်ထဲမှာ မုတ်ကောင်ရှာဖို့ သွားတာ ဘယ်လို လေးပါလာတာလဲ"

"မုတ်ကောင်ထဲကနေ ပုလဲမရဘဲ ကလေးရလာတာ လား"

"ဒါမှမဟုတ် ရေသူမ မွေးတဲ့ကလေး တွေ့လို့ ကောက် လာခဲ့တာလား"

ဟု မေးသည်ကတစ်မျိုး။

"ဟယ်. . . ကလေးကိုယ်ပေါ်မှာ အမွေးတွေ ပါတယ်၊ ကလည်း ဆိုး၊ အသားကလည်း နီစပ်စပ်နဲ့ ဘီလူးကလေး င်တယ်"

"အေး. . . ဟုတ်တယ်၊ ရေထဲမှာ စမင်လို့ ခေါ်တဲ့ ဓေ
ဘီလူးတွေ ရှိတယ်ဆိုတော့ မဟုတ်ကာမှလွဲရော စမင်ပေါင်
ကလေးများ တွေ့လို့ ခေါ်လာတာများလား"

"ဟဲ့. . . အဲဒါက အရေးမကြီးဘူး၊ တော်ကြာ ဘီလူးက
အကောင်ကြီးလာမှ တစ်ရွာလုံး ကိုက်စားရင်တော့ ကျွန်းပေါ်မှာ
ပြေးစရာကလည်း မြေမရှိနဲ့တော့ ခက်တော့မှာပဲ"

"ဟဲ့. . . အရမ်းလျှောက်ပြောမနေကြနဲ့၊ နင်တို့ထင်
သလိုလည်း ဟုတ်ချင်မှဟုတ်မှာပါ၊ ဒါထက် အဘထော်တို့က
ယောက်ျားတွေချည်း စုနေကြတာဆိုတော့ အဲဒီကလေးကို ဘယ်
သူက နို့တိုက်ပြီးမွေးမှာလဲ"

ဟု မိမိတို့ စိတ်ထင်ရာ ပြောဆိုနေကြလေသည်။

"ကဲကဲ. . . နင်တို့ထင်မြင်ချက် ပေးတာတွေကို ခဏ
အသာထားကြဦး၊ ဒီကလေးကို နို့တိုက်ဖို့ အရေးကြီးတယ်၊ အနေ
လာတဲ့အထဲမှာ ကလေးအမေတွေ ပါတယ်မဟုတ်လား၊ ပါရင်
နို့ညှစ်ပြီး ပန်းကန်ထဲ ထည့်ပေးကြစမ်း၊ ကလေးနို့ဆာရော့မယ်"

ဟု ဦးမွန်ထော်က ပြောလိုက်သောအခါ စကားပြောသံ
များ ရပ်သွားပြီး အချို့သားသည်အမေများက ပန်းကန်ထဲသို့
နို့ညှစ်ကာ ထည့်ပေးသဖြင့် ဦးမွန်ထော်က ဇွန်းဖြင့် ကလေး
ပါးစပ်ထဲသို့ နို့စက်များ ချပေးရာ ပါးစပ်ကလေး ဟ၍ စို့ရှာလေ
သည်။

"ကိုင်း. . . မမြင်ကြဘူးလား၊ လူမို့လို့ လူနို့စို့တာပေါ့
ဘီလူးဆိုရင် အသားကျွေးမှ စားမှာပေါ့"





ဟု ပြောသောအခါ နောက်ထပ် ဘာမှမပြောကြတော့
ပေ။

ကလေးကို နို့ဝအောင် တိုက်ပြီးသောအခါ ကလေးက
နို့ဝသွားဟန်ဖြင့် အိပ်ပျော်သွားသည်။

"ဒီကလေးက ပင်လယ်ထဲမှာ မျောနေတာ တွေ့လို့
ငါတို့ ဆယ်ယူလာခဲ့တာ၊ ဘယ်လိုမိဘတွေကများ မွေးတုန်းက
မွေးပြီး ကိုယ့်ကလေးကို ရက်ရက်စက်စက် စွန့်ပစ်လိုက်ကြတယ်
မပြောတတ်ဘူး"

"ဟုတ်ပါရဲ့ ဘကြီးထော်ရယ်၊ ကလေးက လသားလေး
ရှိဦးမယ်. . . သနားစရာလေးနော်"

"သနားတာက အရေးမကြီးဘူး၊ ဒီကလေးက တို့
ကံတွေနဲ့ ထိုက်လို့ တို့ရဲ့ရွာကို ရောက်လာတာ၊ အားလုံးက ဝိုင်း
မွေးကြရမှာ"

"ဘယ်လိုမွေးရမှာလဲ ဘကြီးထော်ရဲ့"

"ငါတို့က အလုပ်သမားတွေဆိုတော့ ပင်လယ်ထဲ သွား
စရာရှိတာ သွားရမှာပဲ၊ ဒီတော့ ဒီကလေးကို အားတဲ့လူက ဝိုင်း
ကြည့်ပေးရလိမ့်မယ်၊ နောက်ပြီး ရွာမှာ ရှိတဲ့ သားသည်အမေ
တွေက အလှည့်ကျ နို့လာတိုက်ပေးပေါ့ဟာ"

ထိုသို့ပြောသောအခါ သားသည်အမေ အတော်များ
များကလည်း ကလေးကို ဝိုင်းဝန်းကြည့်ပေးရန် သဘောတူကြ
လေသည်။

"ဒီကလေးကို တစ်ရွာလုံးက ပိုင်တယ်၊ သူ့ကို စောင့်

ရှောက်ပေးတဲ့သူ၊ နို့တိုက်ပေးတဲ့လူ မှန်သမျှ သူ့အဖေ သူ့အမေ တွေချည်းပဲလို့ သဘောထားရမယ်"

ထိုစကားကို အချို့က သဘောကျသော်လည်း အချို့က တော့လည်း မဲ့ကာရွဲ့ကာ အမူအယာဖြင့်. . .

"ဒီလောက်ရုပ်ဆိုးတဲ့ ကလေးမျိုးတော့ သားသမီး မတော်ချင်ပေါင်"

ဟု တီးတိုးပြောကြသေး၏။

"နောက်ပြီး ဒီကနေ့ပဲ ကလေးကို နာမည်ပေးဖို့ တယ်၊ ဘယ်လို နာမည်ပေးရင် ကောင်းမလဲဟေ့"

နီမောင်တို့သုံးယောက်လည်း ခေါင်းချင်းဆိုင်၍ တိုင်ပင် ကြလေသည်။

ထိုအခါ တစ်ယောက်က ထပြီး. . .

"သူက ရုပ်ဆိုးတော့ စမင်လို့ နာမည်ပေးရင် မကောင်း ဘူးလား"

ဟု ပြောသည်။

"မကောင်းပါဘူးကွာ. . . ကလေးကို 'ကောက်ရ' လို့ နာမည်ပေးရင်တောင် လိုက်ဦးမယ်၊ ဒါမှမဟုတ် 'ကံကောင်း' ဆိုရင်လည်း လိုက်တာပါပဲ"

ထိုအခါ နီမောင်က ထပြောသည်။

"သူ့ကို ပင်လယ်ထဲက ရခဲ့လို့ 'မော်ကင်း' လို့ပဲ နာမည် ပေးလိုက်ရင် ကောင်းမယ် အဘ"

"အင်း. . . ကောင်းသားပဲ၊ သူက တို့လို ပင်လယ်မှာ





ပျော်မယ့်သူဆိုတော့ 'မော်ကင်း' ဆိုတဲ့နာမည်နဲ့ အလိုက်ဆုံးပဲ"

ဟု ပြောကာ နီမောင်ပေးသည့် 'မော်ကင်း' ဆိုသော နာမည်ကိုပင် သတ်မှတ်လိုက်ကြလေသည်။





# အခန်း(၈)

# ပရလောကသားတို့၏မှာတမ်းများ

နီမောင်တို့ဆီသို့ မော်ကင်း ရောက်လာခဲ့သည်မှာ လပိုင်းမျှသာ ရှိသေးသော်လည်း ထူးဆန်းမှုအချို့နှင့် ကြုံတွေ့ရလေသည်။

နီမောင်တို့တတွေက နံနက်လင်းသည်နှင့် အလုပ်ကိစ္စအတွက် ပင်လယ်ပြင်သို့ ထွက်ကြရသည်။

ထိုအခါ တဲ၌ ထားခဲ့ရသော ကလေးကို အနီးဝန်းကျင်မှ အလျဉ်းသင့်သလို ဝိုင်းဝန်းကြည့်ရှုကြရလေသည်။ သားသည်အမေများက နို့လာတိုက်ပေးကြပြီး အခြားသူများကလည်း ကြုံ

လျှင်ကြုံသလို ဝင်ကြည့်ပေးကြသည်။

တစ်နေ့တော့ နေဝင်ရီတရောအချိန်အထိ နီမောင်တို့ ပြန်မရောက်လာကြသေးသဖြင့် ၎င်းတို့တဲနှင့် မလှမ်းမကမ်းမှာ နေသော မခင်မေဆိုသော မိန်းမတစ်ယောက်က ကလေးကြည့် ပေးရန် သွားလေရာ တဲနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ အုံ့ဩဖွယ်ရာကို လှမ်းမြင်ရသည်။

အခြားမဟုတ်ပေ. . . ။

တဲအတွင်းမှာ မီးရောင်လင်းနေပြီး လူရိပ်အချို့ကို လှမ်းမြင်ရခြင်းပင်ဖြစ်၏။

"ဘယ်သူတွေများ ရောက်နေတာပါလိမ့်"

မခင်မေ ရောက်သွားတော့ ယောကျ်ားတစ်ယောက်က အိမ်ပေါက်ဝမှာ ထိုင်စောင့်နေပြီး မိန်းမလုပ်သူက ကလေးကို နို့တိုက်ပေးနေလေသည်။

ကြည့်တော့လည်း နှစ်ယောက်စလုံးကို တစ်ခါမှ မမြင်ဖူးပေ။

"ဟို. . ဧည့်သည်တွေလားဟင်"

"ဟုတ်ပါတယ်ဗျ"

"အဘထော်တို့ ပင်လယ်ထွက်သွားကြပါတယ်၊ ဒီကနေ့ အပြန်နောက်ကျမယ်လို့လဲ မှာလိုက်ပါတယ်"

"ရပါတယ်. . . ကျွန်တော်တို့ ဒီကပဲ စောင့်နေပါ့မယ်"

"ဒါထက် ရှင်တို့က အဘထော်တို့နဲ့ အသိမိတ်ဆွေတွေလားဟင်"





"ဟုတ်ပါတယ်ဗျ. . . ဒီမှာ ကလေးတစ်ယောက်တည်း နေလို့ ဝင်ကြည့်ပေးနေတာပါ"

"ဒီလိုဆိုရင်လည်း ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက ကလေးကြည့်ပေးဖို့ လာတာပါ၊ ဒီလိုကြည့်ပေးမယ့်လူ ရှိတော့ ကျွန်မ အိမ်ပြန်ပြီး လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်"

"သွားပါ. . . သွားပါ၊ စိတ်ချပြီး သွားပါ၊ ကျွန်တော်တို့ ကြည့်ပေးထားပါ့မယ်"

ဟု ယောကျ်ားဖြစ်သူက ပြောသဖြင့် မခင်မေက နို့တိုက် ပေးနေသောမိန်းမကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သို့သော် ကျောခိုင်းနေသဖြင့် မျက်နှာကို မမြင်ခဲ့ရပေ။

သူမ အိမ်ပြန်ရောက်ပြီး ညဦးပိုင်းအချိန်ရောက်တော့ ကျွန်ထော်တို့တတွေ ပြန်လာကြသည်။

"ဟဲ့. . ခင်မေ. . ငါ့ကလေးကို သွားကြည့်သေးလား ..."

"ကြည့်ပါ့တော်. . . ကျွန်မရောက်သွားတော့ အိမ်ပေါ်မှာ ဧည့်သည်နှစ်ယောက်တောင် ရောက်နေတာ တွေ့ခဲ့ရသေးတယ်၊ သူတို့ရှိနေလို့ ပြန်လာခဲ့တာ"

"ဟေ. . . အကြောင်းမကြားဘာမကြားနဲ့ ဘယ်က ဧည့်သည်တွေများလဲ"

"ကျွန်မလဲ တစ်ခါမှတော့ မမြင်ဖူးဘူး"

သို့ကြောင့် လေးယောက်သား တဲဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။

ဘဲရှေ့ရောက်တော့ တဲပေါ်မှာ မီးထွန်းထားသည်
သာ တွေ့ရပြီး လူတော့ မတွေ့ရပေ။

ဟိုဟိုဒီဒီ ကြည့်ပြန်တော့လည်း အရိပ်အယောင်
မတွေ့ရပေ။

"အဘ. . . မခင်မေ ပြောတော့ ညှော့သည်တွေ ရော
နေတယ်ဆို၊ အခု ဘယ်ရောက်သွားပြီလဲ"

"ငါလည်း မင်းတို့နဲ့ အတူတူ လာတာ၊ ဘယ်သိပါ့မ"

"ဟော. . . ဒီမှာ ပန်းကန်ထဲမှာ နို့ရေတွေ ညှစ်ထ
ထားခဲ့တယ်ဗျ"

"ဒါက ရွာထဲက သားသည်အမေတစ်ယောက်ယော
လာထည့်ပေးထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဟဲ့. . စောထီး
ခင်မေကို သေသေချာချာ သွားမေးကြည့်ပါဦးဟ၊ ညှော့သည်
ဆိုတာ ဘယ်များ ထွက်သွားကြပြီလဲ"

စောထီး ထွက်သွားပြီး ခဏကြာတော့ မခင်မေ
ပါလာသည်။

"ဟဲ့. . . ခင်မေ၊ နင်ပြောတဲ့ ညှော့သည်ဆိုတာ ဘယ်မှာ
လဲ"

"မသိဘူးလေ အဘထော်ရဲ့၊ ကျွန်မရောက်လာတုန်းက
တော့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် တွေ့ခဲ့ရတာ
ပဲ၊ မိန်းမက ကလေးနို့တိုက်နေပြီး ယောကျ်ားက အိမ်ပေါက်ဝမှာ
ထိုင်နေတာပဲ၊ ဆီမီးတိုင်တွေဘာတွေတောင် ထွန်းထားကြသေး
တယ်"





"ဟင်. . "

မခင်မေ ပြောပြတော့မှ မိမိတို့ ရောက်စက အိမ်ပေါ်မှာ
ခွက် လင်းနေသည်ကို သတိပြုမိတော့သည်။

"အခု သူတို့က ဘယ်ရောက်သွားလို့လဲ"

"ငါလည်း မသိလို့ နင့်ကို ခေါ်မေးကြည့်တာပေါ့ဟာ"

ထိုနေ့ညက အတော်ညဥ့်နက်အောင် စောင့်သော်
ညှော့သည်နှစ်ယောက်ကတော့ ပြန်ရောက်မလာတော့

နောက်တော့ လေးယောက်သား ညစာစားသောက်ကြ
မောမောပန်းပန်းနှင့် အိပ်ကြလေသည်။

နီမောင်ကတော့ အတော်နှင့် အိပ်မပျော်ဘဲ ကလေး
ကြောင်းကို တွေးတောနေမိသည်။

'မော်ကင်း' ဟု သူတို့အမည်ပေးထားသော ကလေးကို
လယ်ထဲမှ ရရှိလာပုံက ဆန်းလေသည်။

ပင်လယ်ရေလှိုင်းများကြားမှာ ရေစုန်ရေဆန် မျောနေ
အသက်ရှင်နေပုံကလည်း ဆန်းကြယ်လှသည်။

တိုက်ဆိုင်မှုနှင့် ကံတရားဟု ဆိုလျှင်လည်း ထိုကိစ္စ
သည် သာမန်မဟုတ်မှန်းတော့ သိသာနိုင်ပေသည်။

ဒီကလေးကို ဘယ်သူတွေက ဘာကြောင့် စွန့်ပစ်လိုက်
လဲ။

ဘယ်လိုကြောင့် ပင်လယ်ရေပြင်ပေါ်မှာ အသက်ရှင်
နိုင်တာလဲ ဟူသော မေးခွန်းများက တရစ်ဝဲဝဲ လည်နေ

သည်။

ညဉ့်နက်ပိုင်းရောက်တော့မှ ကလေးငိုသံကြားသဖြင့် နေရာမှ ထကာ နို့တိုက်ရန် နို့ရည်ထည့်ထားသော ပန်းကန်ကို လိုက်ရှာတော့ မတွေ့ရတော့ပေ။

တစ်ယောက်ယောက်က ထတိုက်ပြီးပြီအထင်နှင့် လိုက်ကြည့်တော့ ကလေးရင်ဘတ်ပေါ်မှာ နို့ပန်းကန်ကို တွေ့ရသည်။

"ဟင်. . ."

တအံ့တသြဖြင့် နို့ပန်းကန်ကို ယူ၍ နံဘေးသို့ ချထားလိုက်သည်။ ထိုအခိုက်မှာပင် ကလေးက မျက်လုံးတစ်ချက်ဖွင့်ကာ နီမောင့်ကို ကြည့်သည်။

နီမောင်က ငုံ့ကြည့်နေသည်မို့ မျက်လုံးချင်း ဆုံသွားလေသည်။

ထိုအခိုက်မှာပင် နီမောင်မှာ တုန်လှုပ်သွားလေသည်။

ခဏကြာတော့ ကလေးက ငေါက်ကနဲ နေရာမှ ထထိုင်လေသည်။ ပြီးလျှင် သူ့နံဘေးမှာ ငုတ်တုတ်ကလေး ထိုင်ပြီး. . .

"အစ်ကိုက ကျွန်တော့်ကို ကြည့်ပြီး အံ့သြနေတာမဟုတ်လား"

ဟု မေးသည်။

"ဟင်. . . မင်းက ဒီအရွယ်လေးနဲ့ ထိုင်လည်း ထိုင်နိုင်တယ်၊ စကားလည်း ပြောနိုင်တယ် ဟုတ်လား"

"ပြောနိုင်ပါတယ်. . . ကျွန်တော်က ကလေးမှ မဟုတ်





ဘာ"

"ငါတော့ နားမလည်အောင် ဖြစ်နေပြီကွာ၊ မင်းက ဘယ်သူလဲ"

"ကျွန်တော်က မှင်စာငတေပါ"

"ဟင်. . . မှင်စာဟုတ်လား၊ ဒါဖြင့် မင်းက ပရလောကသားပဲပေါ့ ဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့က သာမန်မှင်စာတွေနဲ့တော့ မတူပါဘူး"

"ဘယ်လိုကွာလို့လဲ"

"ကျွန်တော်တို့က ကမ္ဘဇိတ္တိ ရှိတဲ့ ဖန်ဆင်းနိုင်တဲ့ မှင်စာတွေပါ"

"ဒါထက် မင်းတို့က ဘယ်မှာနေတာလဲ"

"ဟိုး. . ပင်လယ်ထဲမှာ"

ထိုစကားကြားသောအခါ ဟိုတလောက ပင်လယ်ရေအောက်၌ လူပုလေးတစ်ယောက်ကို အမှတ်မထင် တွေ့ခဲ့ရပြီး ထိုလူပုလေး ညွှန်ပြပေးသဖြင့် မုတ်ကောင်များ ရခဲ့ပုံများကိုပါ သတိရမိလေသည်။

"ဒါထက် နေပါဦး၊ ပင်လယ်ထဲမှာ နေတဲ့မှင်စာက လူ့ပြည်ကို ဘာကြောင့် ရောက်နေတာလဲ"

"လင်မယားနှစ်ယောက်ကို အကူအညီပေးမလို့ လာခဲ့တာပါ၊ ဒါပေမယ့် သူတို့က ကျွန်တော့်ကို စွန့်ပစ်လိုက်ကြတယ်"

"ဘာကြောင့် စွန့်ပစ်ကြတာလဲ"

"သူတို့က မကောင်းမှုတွေ များတော့ သူတို့အနားမှာ မကောင်းတဲ့မိစ္ဆာတွေက အများကြီး ဝန်းရံနေကြတယ်၊ ကျွန်တော်ရောက်သွားတော့ နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်ကြတယ် နောက်ဆုံးတော့ ကျွန်တော့်ကို ပင်လယ်ထဲကို မျှောလိုက်ကြတယ်"

"ဒါထက် ပင်လယ်ထဲမှာ မင်းက ဘာကြောင့် မသေတာလဲ"

"ကျွန်တော့်ရဲ့ဘဝဟောင်းက အဖော်တွေက စောင့်ရှောက်ပေးနေကြလို့ပါ"

"ဒါဖြင့် ညဦးပိုင်းက ရောက်လာတာရော မင်းရဲ့အဖော်တွေပဲလား"

"ဟုတ်ပါတယ်"

နီမောင်က တအံ့တဩ ဖြစ်နေစဉ် မှင်စာငတေက ပြောသည်။

"အစ်ကို. . ကျွန်တော်တို့ နေတဲ့နေရာ လိုက်ခဲ့မလား"

"ငါလိုက်ခဲ့လို့ ရပါ့မလား"

"ကျွန်တော်ပါရင် ရပါတယ်"

ဟု ပြောကာ နေရာမှ ထရပ်ကာ ရှေ့မှ သွားသဖြင့် နီမောင်လည်း တဲပေါ်မှ ဆင်းလိုက်သွားလေသည်။

ပင်လယ်ကမ်းစပ် ရောက်တော့ လှေတစ်စင်း ရပ်ထားကာ လှေလှော်မည့်သူက ဦးတစ်ယောက် ပဲ့တစ်ယောက် ရှိနေသည်။





သူတို့ လှေပေါ် ရောက်တော့ လှေကို ကမ်းစပ်မှ ခွာ ွက်လာခဲ့သည်။ ခဏကြာတော့ လှေက ပင်လယ်ထဲ ရောက် ာသည်။

ဘယ်နေရာကို ရောက်လာနေသည်ကိုတော့ သူမသိ ခဲ့။

အမှောင်ထဲမှာမို့ ဘယ်နေရာကို ဦးတည်၍ သွားနေ ည်ကို မသိနိုင်ပေ။

အတန်ကြာအောင် သွားမိသောအခါ မီးရောင်အချို့ ွန်းထားသော ကျွန်းတစ်ကျွန်းကို လှမ်းမြင်ရသည်။

မနီးမဝေး ရောက်တော့ ကျွန်းပေါ်မှာ ဆူဆူညံညံ သံများကို ကြားရလေသည်။

"ကျွန်းပေါ်မှာတော့ ပရလောကသားတွေ အများကြီး တယ်၊ အစ်ကို့ကို မြင်ရင် လူသစ်ရောက်လာတယ် ထင်ပြီး နှောင့်ယှက်ကြလိမ့်မယ်၊ ဒါပေမယ့် မကြောက်ပါနဲ့၊ ကျွန်တော် နေရင် သူတို့ အနားကပ်လို့ မရပါဘူး"

ဟု ပြောပြသည်။

နီမောင်စိတ်ထဲမှာတော့ လိုက်လာမိတာ များမှားများ လပြီလားဟု တွေးလိုက်မိသည်။

ခဏကြာတော့ လှေက ကျွန်း၏ကမ်းစပ်တစ်နေရာသို့ က်ကပ်ပေးလိုက်သည်။ ထိုအခါ ကျွန်းပေါ်မှ မီးတုတ်၊ မီးတိုင် း ကိုင်ထားသောလူများ ဆင်းလာကြသည်။

"ဟေး. . . ဟိုမှာ လူသစ်ရောက်လာပြီဟေ့"

ဟူသော အသံသြသြကြီးများဖြင့် လှမ်းပြောသံများကို လည်း ကြားရလေသည်။ နီမောင်က ဆင်းလာသူများကို ကြည့်လိုက်တော့ မျက်နှာနှင့် ပုံပန်းသဏ္ဌာန်များက ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန် ရှိနေကြသည်ကို လှမ်းမြင်ရသည်။

နီမောင်မှာ ကြောက်တတ်သူ မဟုတ်စေကာမူ ထိုမျှများပြားသော ပရလောကသားများကို မြင်ရသောအခါ စိုးရိမ်စိတ် ဝင်လာမိသည်။ အချို့ကလည်း နီမောင်တို့ ကမ်းပေါ် တက်လာသည်နှင့် ဝိုင်းဆွဲရန် ဟန်ပြင်ကြသည်။

"လာဟေ့. . . ငါတို့ဆီ လာဟေ့"

"မဟုတ်ဘူး. . . သူက ငါတို့နဲ့ နေမှာကွ"

ဟူသောအသံများကိုလည်း မသဲမကွဲ ကြားနေရသည်။

ကမ်းပေါ် တက်သွားသောအခါ ဘယ်နေရာမှ ထွက်လာမှန်း မသိရသော လက်တံရှည်ကြီးတစ်ဖက် ထွက်လာပြီး သူ့ကို လာဆွဲရန် ပြင်သည်။ သို့သော်လည်း မလှမ်းမကမ်း ရောက်သည်နှင့် မှင်စာငတေက တစ်ချက်ကြည့်လိုက်တော့ လက်ကို ပြန်ရုတ်သွားသည်။

"ဒီကျွန်းပေါ်မှာ တစ္ဆေ၊ သရဲ၊ ဘုတ်၊ ကျွတ်၊ ပြိတ္တာတွေ အားလုံးရှိတယ်၊ သက်ဆိုင်ရာ ဘုံဘဝကို မရောက်မချင်း ဒီမှာ စုနေကြရတော့ ပရလောကသားတွေ အများကြီး ရှိတယ်၊ အစ်ကိုနဲ့ သိတဲ့လူတွေလည်း ဒီမှာ ပရလောကသား ဖြစ်နေတာတွေ အများကြီး တွေ့ရလိမ့်မယ်. . . သတိထားပါ"

ဟု မှင်စာငတေက သတိပေးသည်။





နီမောင်မှာ ထိုအခြေအနေရောက်မှ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေလေတော့သည်။

၎င်းနှင့် မှင်စာငတေတို့သည် အမှောင်ရိပ်ဖုံးနေသော တောလမ်းအတိုင်း လာကြရာ လမ်းဘေးတစ်ဖက်တစ်ချက် အမှောင်ရိပ်ထဲမှာ စုရုံးတိုးဝှေ့နေကြသော မည်းမည်းသဏ္ဌာန်များကို အရွယ်အစားအမျိုးမျိုးနှင့် လှမ်းမြင်ရသည်။

အချို့က ရှေ့မှ ပိတ်ဆီးရန် ကြိုးစားသည်။

အချို့ကလည်း အမှောင်ရိပ်ထဲမှ လက်တံရှည်ကြီးများ ထွက်လာကာ လှမ်းဆွဲရန် ဟန်ပြင်သည်။

အချို့ကျတော့လည်း နောက်ဘက်မှ တဘုန်းဘုန်းနှင့် ပြေးလိုက်လာသံကြားရသည်။

တစ်နေရာရောက်တော့ မည်းမည်းသဏ္ဌာန်တစ်ခုက ရှေ့မှ ပိတ်ရပ်နေလေသည်။

"နီမောင်. . ."

အသံသြသြကြီးနှင့် မိမိအမည်ကို ခေါ်လိုက်တော့ စိတ်ထဲမှာ နည်းနည်းတော့ လန့်သွားလေသည်။

"နီမောင်. . . ငါ ပုလဲနက်ရွာသား စိန်မှတ်ကြီးပါကွာ"

ဟု ပြောတော့မှ မကြာသေးမီ ရက်ပိုင်းအတွင်းက ရေငုတ်ရင်း ပင်လယ်ဂျတ်မြွေ အကိုက်ခံရသဖြင့် သေဆုံးသွားခဲ့သော စိန်မှတ်ကြီးအကြောင်းကို ဖျပ်ခနဲ သတိရမိလေသည်။

"ငါ့မိန်းမ မယ်မြနဲ့ တွေ့ရင် တဆိတ်လောက် ပြောပေးပါကွာ၊ ငါ သရဲဘဝ ရောက်နေတယ်ဆိုတာလည်း ပြောပြပေးပါ

နောက်ပြီး ငါ့အတွက် ရည်စူးပြီးတော့ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုလေး ပြုလုပ်ပြီးတော့ အမျှအတမ်း ဝေပေးပါလို့ ပြောဖြစ်အောင် ပြောလိုက်ပါကွာ"

ဟု အသံသြသြကြီးဖြင့် မှာကြားပြီးနောက် လမ်းဖယ်ပေးလေသည်။ ဤသို့ဖြင့် ရှေ့သို့ ဆက်သွားသောအခါမှာလည်း ပရလောက ဘဝအမျိုးမျိုးသို့ ရောက်နေသော အသိမိတ်ဆွေများနှင့် တွေ့ရပြီး ကျန်ခဲ့သူများကို အမျိုးမျိုး မှာကြားကြသည်များနှင့် ကြုံရသည်။

တစ်နေရာရောက်သောအခါ လမ်းမပေါ်တွင် နားရွက်ကြီးတစ်ဖက် ဖြန့်ခင်း၍ အိပ်နေပြီး ကျန်နားရွက်တစ်ဖက်ကို တဖျပ်ဖျပ် ခတ်နေသော သဘက်ကြီးတစ်ကောင်ကို တွေ့ရပြန်သည်။

"ငါက အောင်ဘာရွာက ဖဲသမား ဖိုးတေပါကွာ၊ ငါဖဲနိုင်လို့ စုထားတဲ့ငွေတွေကို အိမ်နောက်ဘက်က သစ်ပင်အခေါင်းထဲမှာ ထည့်ပြီးဝှက်ထားခဲ့ပါတယ်၊ ငါကတော့ ဖဲလိမ်ရိုက်မိလို့ သူများတွေ သတ်လို့ သေခဲ့ရတာပါ၊ ကျန်ခဲ့တဲ့ ငါ့ဆွေမျိုးတွေကို သွားပြောပေးပါကွာ၊ ငါဝှက်ထားခဲ့တဲ့ငွေတွေကို ရှာယူပြီး ကုသိုလ်ကောင်းမှု လုပ်ပေးကြပါလို့၊ ငါ့အတွက် အမျှအတမ်းလည်း ဝေပေးကြပါလို့ ပြောဖြစ်အောင် ပြောပြပေးပါ"

ဟု မှာကြားလေသည်။

နီမောင်တို့လည်း ၎င်းကို ကွင်းရှောင်၍ ဆက်လျှောက်လာကြလေသည်။ အချို့ဆိုလျှင် နောက်မှ လိုက်လာပြီး တငိုငို





တရီရီနှင့် တတွတ်တွတ် လိုက်ပြောနေကြသည်များပင် ရှိလေသည်။

ထိုနေရာမှ လွန်သောအခါ မီးရောင်တထိန်ထိန်နှင့် ရွာတစ်ရွာကို လှမ်းမြင်ရသည်။

"ရှေ့က မီးရောင်တွေ မြင်နေရတာ ကျွန်တော်တို့ နေတဲ့နေရာပဲ"

ဟု မှင်စာငတေက ပြောသည်။

"ကျွန်တော်တို့ဆီမှာတော့ ဒီလိုမဟုတ်ပါဘူး"

ဟု ပြောကာ ခေါ်သွားလေရာ ခဏကြာတော့ ထိုရွာသို့ ရောက်သွားလေသည်။

ထိုရွာမှာတော့ အတော်အတန် ကောင်းမွန်သော နေအိမ်အချို့နှင့် ထိုနေအိမ်အချို့မှ မီးရောင်များ ရှိနေသည်။

တွေ့ရသောလူများကလည်း ဝတ်စားဆင်ယင်ပုံ မတူသည်ကလွဲ၍ သာမန်လူများအတိုင်းပင် မြင်နေရသည်။

ဝတ်စားဆင်ယင်ပုံများကတော့ ရှေးခေတ်က ဝတ်ဆင်ကြသော အဝတ်အစားပုံစံများအတိုင်း တွေ့မြင်ရသည်။

မှင်စာငတေကို မြင်သောအခါ အားလုံးက နှုတ်ဆက်ကြသည်။

"ငတေ. . . မင်း လူ့ဘဝကို သွားခွင့်ရတာမဟုတ်လား၊ ဘာကြောင့် ပြန်လာတာလဲ"

"ကိစ္စရှိလို့ ပြန်လာတာပါ"

အချို့က နီမောင်ကို အကဲခတ်သလို ကြည့်ကြသည်။

အချို့ကတော့ ပြုံး၍နှုတ်ဆက်လေသည်။

ထိုအခါ နီမောင်ကလည်း ရောယောင်၍ ပြန်ပြုံးပြရသည်။

"သူက ဘယ်သူလဲ"

"သူက ငါ့ရဲ့ကျေးဇူးရှင်ပါ၊ အဘိုးနဲ့ တွေ့ပေးရအောင် ခေါ်လာခဲ့တာ"

"အဘိုး ဂူထဲမှာ ရှိတယ်. . . သွားချေဦး"

ဟု ပြောသည်နှင့် မှင်စာငတေက ဦးဆောင်ကာ ဂူတစ်ဂူအတွင်းသို့ ခေါ်သွားလေရာ နောက်မှ လိုက်သွားလေသည်။

ဂူအတွင်းရောက်တော့ မီးရောင်အချို့ ရှိနေပြီး အဘိုးအိုတစ်ယောက် ပုတီးစိပ်နေသည်ကို လှမ်းမြင်ရသည်။

မှင်စာငတေ ဝင်လာတော့ အဘိုးအိုက ပုတီးစိပ်နေရာမှ ရပ်ကာ သူတို့ဘက်သို့ လှည့်လာသည်။

အသက်အရွယ် ကြီးရင့်လှပြီး ဆံပင်မွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့မှာ ဆွတ်ဆွတ်ဖြူလျက်ရှိနေသည်။

"ဘာကြောင့် ပြန်လာတာလဲ"

"ကျွန်တော် ပထမနေရာမှာ နေခွင့်မရခဲ့ဘူး အဘိုး"

အဘိုးအိုက မျက်စိမှိတ်ကာ အတန်ကြာအောင် ငြိမ်သက်နေသည်။ အတော်ကြာမှ. . .

"သူတို့မှာ ကုသိုလ်ကံ မရှိဘူး၊ အကုသိုလ်ကံတွေချည်း ရှိတော့ မင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ"





ဟု ပြောသည်။

"အခု သူတို့ဆီကို ရောက်နေရတယ်"

"ငါသိပြီးပြီ. . . သူ့ကို ဘာကြောင့် ဒီနေရာအထိ ခေါ်လာတာလဲ"

"ကျွန်တော့်ရဲ့အကြောင်းရင်းကို သိရင် ပိုကောင်းမယ်ထင်လို့ပါ အဘိုး"

ထိုအခါ အဘိုးအိုက မျက်စိမှိတ်ကာ ငြိမ်နေပြန်သည်။

"အင်း. . . ဆင်းရဲပေမယ့် စိတ်ရင်းဖြူစင်ကြတယ်"

ဟု ပြောသည်။

"ကျွန်တော် သူတို့နဲ့ နေခွင့်ရှိပါသလား"

"မင်း ကံရှိသရွေ့ နေနိုင်ပါတယ်"

ဟု ပြောလေရာ မှင်စာငတေက သဘောကျသွားသောအမူအယာဖြင့် နီမောင်ဘက်သို့ လှည့်၍ပြုံးပြလေသည်။

"အဲဒါဖြင့် ကျွန်တော်တို့ ပြန်တော့မယ် အဘိုး"

"နေဦး. . . သူ့ကို ငါမှာစရာလေးတွေ ရှိသေးတယ်"

ဟု ပြောကာ နီမောင်ကို တစ်နေရာမှာ ထိုင်ခိုင်းသဖြင့် ထိုင်လိုက်ရလေသည်။

"မင်း သူ့ကို ပြုစုစောင့်ရှောက်ပေးပါ၊ ဒီလိုစောင့်ရှောက်ရင် သူကလည်း မင်းကို စောင့်ရှောက်ပါလိမ့်မယ်"

"ဒါထက် ကျွန်တော်သိချင်တာလေးတွေ မေးပါရစေ အဘိုး"

"မေးပါကွယ်. . ."

"တခြားတော့ မဟုတ်ပါဘူး၊ အဘိုးတို့က ဘယ်သူ[illegible] သဲ"

"ငါတို့က ပရလောကသားတွေပါပဲ၊ ဒါပေမယ့် သာ[illegible] တစ္ဆေ၊ သရဲ၊ ဖုတ်၊ ကျတ်၊ ပြိတ္တာမျိုးတွေတော့ မဟုတ်ဘူ[illegible] အဲဒါမျိုးတွေက အနိမ့်စား ပရလောကသားတွေလို့ ခေါ်တ[illegible] ငါတို့က ကမ္မဇိတ္တ ရှိတဲ့ ပရလောကသားတွေပါပဲ၊ နာမ်ပဲ ရှိ[illegible] ရုပ်မရှိတဲ့ ပရလောကသားတွေပေါ့"

"ဒါဖြင့် အဘိုးတို့က ဥစ္စာစောင့်တွေများလား"

"ဥစ္စာစောင့်တွေနဲ့တော့ အဆင့်ချင်း တူတယ်၊ ဒါ[illegible] မယ့် ဥစ္စာစောင့်တော့ မဟုတ်ပါဘူး"

ဟု အေးအေးဆေးဆေး ပြောပြလေသည်။

"အဘိုးတို့က ဘယ်လိုကြောင့် ဒီဘဝမျိုး ရောက်နေ[illegible] တာလဲဟင်"

"ရှေးဘဝကံ မကောင်းခဲ့ကြလို့ပဲ ပြောရမှာပေါ့ ငါ့မြေ[illegible] ရယ်၊ အဘိုးတို့က သေတာတောင် တစ်ယောက်ချင်း နှစ်ယောက်[illegible] ချင်း သေတာမဟုတ်ဘူး၊ တစ်ရွာလုံးကျွတ် တစ်ယောက်မကျန် သေခဲ့ကြရတာလေ၊ ဟောဟိုနံရံကို ကြည့်လိုက်တော့. . . လူကလေး"

ဟု ပြောကာ မလှမ်းမကမ်းရှိ ကျောက်ဂူနံရံကို လက်[illegible] ညွှန်းထိုးပြရာ အလင်းရောင်များ တဖြည်းဖြည်း ပျောက်ကွယ်သွား[illegible] ကာ မြင်ကွင်းအချို့ ပေါ်လာလေသည်။

အခြားမဟုတ်ပေ. . .။





ပင်လယ်မျက်နှာပြင်တစ်နေရာ၌ ကြီးမားလှပသော [illegible]န်းကြီးတစ်ကျွန်း၏ပုံရိပ်အချို့ ပေါ်လာလေသည်။

ကျွန်းမှာ ကြီးမားသလောက် သစ်တောဥယျာဉ်များဖြင့် [illegible]စွာ ရှိလေသည်။

ထိုကျွန်းပေါ်၌ ရွာကြီးတစ်ရွာရှိပြီး ထိုရွာမှာ နေထိုင်ကြ[illegible]များမှာ ရှေးခေတ်အဝတ်အစား အသုံးအဆောင်များ ဝတ်[illegible]င်ကာ သွားလာလှုပ်ရှားလျက် ရှိနေကြသည်။

တစ်နေ့သောအခါ ရေအောက်မီးတောင်တစ်ခု ပေါက်[illegible]ကာ ကျွန်းတစ်ခုလုံး ရေအောက်သို့ ပြုတ်ကျသွားရုံမက ရွာသူ[illegible]သားများအားလုံးမှာ မီးတောင်ချော်ရည်ပူများအောက်မှာ [illegible]စ်ယောက်မကျန် အသက်ပျောက်ကုန်ကြလေတော့သည်။

အတန်ကြာသောအခါ ကယ်ပါယူပါအသံများ ကွယ်[illegible]ျောက်သွားရုံမက ရေပြင်ပေါ်မှာ ပေါ်နေသော ကျွန်းကြီးမှာ [illegible]ည်း အစအနပါမကျန် ပျောက်ကွယ်သွားလေတော့သည်။

"အဘိုးတို့ရဲ့အဖြစ်အပျက်ကတော့ အခု ငါ့မြေးမြင်ရတဲ့ [illegible]တိုင်း အဖြစ်ဆိုးကြီးနဲ့ ကြုံခဲ့ရပြီး အားလုံး တစ်ယောက်မကျန် [illegible]သေဆုံးခဲ့ရပြီး ဒီဘဝကို ရောက်ခဲ့ကြရတာပါပဲကွယ်"

ဟု ပြောပြလေသည်။

"အခုလို ကြားရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော် [illegible]ယ်လိုများ အကူအညီပေးရမလဲ အဘိုး"

"တခြားတော့ မရှိပါဘူးကွယ်၊ သူ့ကိုသာ တတ်နိုင်သမျှ [illegible]ကူအညီပေးလိုက်ပါ၊ သူကလည်း ငါ့မြေးတို့ကို ပြန်ပြီး အကျိုး

ပြုပေးပါလိမ့်မယ်၊ ငါ့မြေးကို မှာစရာရှိတယ်ဆိုတာ တခြား
မဟုတ်ပါဘူး၊ မင်း သူတို့နှစ်ယောက်ကို သိတယ်မဟုတ်လား"

ဟု ပြောကာ ဂူနံယံသို့ လက်ညှိုးထိုးပြရာ လူနှ
ယောက်၏ပုံရိပ်နှစ်ခု ပေါ်လာလေသည်။

တစ်ယောက်က ငါးဖမ်းသမား နက်ကျော်ဖြစ်ပြီး ကျ
တစ်ဦးက ရွာလူကြီး ဦးသာကျော်၏သား ပန်းစိန်တို့နှစ်ဦး၏
ဖြစ်လေသည်။

"သိ. . သိပါတယ်၊ ကျွန်တော်တို့ရွာက လူနှစ်ယော
ပါ"

"တစ်ယောက်က ငါးဖမ်းရင်းနဲ့ အန္တရာယ်တွေ့ပြ
ခုနစ်ရက်ပြည့်တဲ့နေ့မှာ သေလိမ့်မယ်၊ ကျန်တဲ့တစ်ယောက်
အခုရက်ကနေ တစ်လပြည့်တဲ့နေ့မှာ ပုလဲငုတ်ရင်းနဲ့ အန္တရာ
တွေ့ပြီး သေလိမ့်မယ်၊ အဲဒါကို မှတ်သွားပါ"

"ဗျာ. . ဒီ. . ဒီလိုဆိုရင် သူတို့ကို ကယ်. . ကယ်လို့မ
တော့ဘူးလား အဘိုး"

"ဒါကတော့ ကံစီမံရာအတိုင်းဆိုတော့ တခြားလူတွေက
ကယ်တင်လို့ မရနိုင်ဘူး၊ သူတို့ရဲ့ကံကြမ္မာက အပြောင်းအလဲဖြ
မှပဲ သက်သာတော့မယ်"

"ကျွန်တော်က သူတို့နှစ်ယောက်ကို ဘယ်လိုပြောရမလ
အဘိုး၊ ကျွန်တော်ပြောရင်ရော ယုံပါ့မလား"

"မင်းပြောရင်လည်း ယုံမှာမဟုတ်ဘူး၊ သတိပေးရုံတော့
ပေးလိုက်ပေါ့ကွယ်၊ ကဲ. . ကဲ. . အချိန်လည်း အတော်လင့်နေ





ငါ့မြေးတို့လည်း ပြန်ကြပေဦးတော့"

ဟု ပြောသဖြင့် နီမောင်တို့လည်း အပြင်သို့ ပြန်ထွက်
ခဲ့ကြသည်။ သူတို့အပြန်ခရီးမှာတော့ အန္တရာယ်များ
မတွေ့ရတော့ပေ။ ထိုအချိန်မှာပင် နားထဲမှာ ဆူညံမှုတစ်ခု
ကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

နားစွင့်လိုက်တော့ ကလေးငိုသံပင် ဖြစ်သဖြင့် နေရာမှ
ကာ ကလေးသိပ်ထားရာသို့ လျှောက်သွားလေသည်။

ပြီးလျှင် မီးတိုင်ခွက် ထွန်း၍ ပုလင်းဖြင့် ထည့်ထား
သာ နို့ရည်ကို တိုက်ပေးလိုက်သည်။

သည်တော့မှ အငိုတိတ်သွားတော့သည်။

နီမောင်မှာ ကလေးကို နို့တိုက်ရင်း ကလေးမျက်နှာကို
ကြည့်လေရာ အိပ်မက်ထဲမှာ တွေ့ရသော မှင်စာငတေမျက်နှာ
နှင့် အတော်ကလေး ဆင်ကြောင်း သတိပြုမိလေသည်။

"စောစောက အိပ်မက်ထဲမှာ တွေ့ရတဲ့ မှင်စာငတေရဲ့
က်နှာက ဒီကလေးမျက်နှာနဲ့ အတော်ကလေး ဆင်ပါလား၊
စောစောက အိပ်မက်ထဲမှာ တွေ့နေရတာတွေကရော တကယ်
လား၊

ဒါမှမဟုတ်. . . ငါစိတ်စွဲလို့များ အိပ်မက်မက်နေတာ
လား၊ အိပ်မက်ထဲကအတိုင်း အမှန်ဆိုရင်တော့ ကိုနက်ကျော်နဲ့
န်းစိန်တို့နှစ်ယောက် သေရတော့မှာပါလား၊

ငါ သူတို့ကို ဘယ်လိုပြောရပါ့မလဲ၊ သူတို့ကရော ငါပြော
တာကို ယုံပါ့မလား၊ လက်ခံပါ့မလား၊

မပြောဘဲ နေလို့ တစ်ခုခုဖြစ်သွားရင် ငါ့ရဲ့အပြစ်မှာ ဖြစ်နေမလား၊ ငါဘယ်လိုလုပ်ရင် ကောင်းမလဲ”

ဟု တစ်ယောက်တည်း အတွေးဖြင့် ချာလည်လည်နေ တော့သည်။ အပြင်ဘက်မှာတော့ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် အတူ အမှောင်ထုများက ဖုံးလွှမ်းထားနေဆဲဖြစ်ပေသည်။





## အခန်း(၉)

## ထူးဆန်းသောအိပ်မက်နှင့် ရေအောက်မှ မရောက်သေးမင်း

နောက်တစ်နေ့ အိပ်ရာမှ နိုးသောအခါ ဦးမွန်ထော်ကို ...အကြောင်းများပြောပြလိုက်ရာ ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ ...ရင်း အတန်ကြာအောင် စဉ်းစားနေသည်။

“ငါလည်း ဒီကလေးကို စတွေ့ကတည်းက ထူးခြား ...ယ်လို့တော့ ထင်မိသား၊ အိပ်မက်ဆိုတာလည်း အခက်သားပဲ၊ ...ယ်က သူတို့ကို စေတနာနဲ့ သတိပေးမိကာမှ ဥပါဒါန်ဖြစ်ပြီး ...ဖြစ်မှာလည်း စိုးရိမ်ရသေး၊

နောက်ပြီး ကိုယ်ပြောတာကို ယုံရင် တော်ပါ့၊ မယုံဘ
အနှောင့်အယှက် လာပေးတယ် ထင်သွားရင်လည်း စေတနာက
ဝေဒနာဖြစ်ပေဦးမယ်၊

ဒီကိစ္စမျိုးက ပြောလည်း မကောင်း၊ မပြောလည်း
မကောင်းဆိုတဲ့ကိစ္စမျိုးပဲကွ”

ဟု စဉ်းစဉ်းစားစား ပြောသည်။

ထိုအခါ စောထီးက ဝင်ပြောသည်။

“ဒီလိုလုပ်ပါလား နီမောင်”

“ဘယ်လိုလဲ. .”

“မင်းအိပ်မက်ထဲမှာ သေသွားတဲ့ စိန်မှတ်ကြီးကို သဘ
ဘဝနဲ့ တွေ့ခဲ့ရတယ် မဟုတ်လား”

“အေး. . . တွေ့ခဲ့တယ်”

“အဲဒီအကြောင်းကို သူ့မိန်းမကို သွားပြောရင်မကောင်း
ဘူးလား”

ထိုသို့ အကြံပေးသောအခါ ငမဲအောင်က ဝင်ပြော
သည်။

“ဒီအတိုင်း သွားပြောလို့ ဘယ်ကောင်းပါ့မလဲ၊ လှူဖို့
တန်းဖို့ ငွေလေးဘာလေး ပေးပြီးလှူခိုင်းတာက ပိုကောင်းတာ
ပေါ့”

ဟု ပြောရာ အားလုံးက သဘောတူကြလေသည်။

“နောက်ပြီး အောင်ဘာရွာက ဖဲသမား ဖိုးတေဆိုတာ
လည်း တွေ့ခဲ့သေးတယ်ဆို”





“အေး. . . ဟုတ်တယ်၊ သူက သဘက်ဘဝ ရောက်နေ
တယ်”

“ဒီတော့ မင်းအိပ်မက် ဘယ်လောက်မှန်သလဲ သိချင်
င် တို့သုံးယောက် အောင်ဘာရွာကို သွားပြီး သူမှာလိုက်တဲ့
အတိုင်း သူဝှက်ထားတဲ့ငွေတွေ ရှိမရှိ သွားကြည့်ကြရင် ပို
ကောင်းဘူးလား”

“အေး. . . ဒီအကြံကောင်းတယ်၊ သွားကြတာပေါ့”

ဟု ပြောဆိုတိုင်ပင်ကာ သုံးယောက်သား လှေတစ်စင်း
နှင့် အောင်ဘာရွာသို့ လာခဲ့ကြလေသည်။

အောင်ဘာရွာနှင့် ပုလဲနက်ရွာမှာ ကျွန်းချင်း မဝေးလှ
သဖြင့် နေ့ဝက်ခရီးမျှ သွားရုံနှင့် ရောက်သွားလေသည်။

ထိုရွာသို့ ရောက်သောအခါ ဖဲသမားဖိုးတေ၏နေအိမ်
ကို အလွယ်တကူ စုံစမ်း၍ရလေသည်။

သူတို့သုံးယောက် လာတာမြင်တော့ အိမ်သူအိမ်သား
များက မျက်လုံးပြူးနေကြသည်။

အားလုံးက ဖိုးတေ မသေခင်က ယူထားသောဖဲကြွေး
လာတောင်းကြသည်ဟု ထင်နေကြသည်။

“ဘာကိစ္စလဲကွယ်. . . ဖိုးတေ မသေခင်က ယူထားတဲ့
ဖဲကြွေးများ လာတောင်းကြတာလား”

“မဟုတ်ပါဘူး. . . ပြောစရာရှိလို့ လာခဲ့တာပါ”

“ဘာများပါလိမ့်ကွယ်”

“ကျွန်တော်တို့က ကိုဖိုးတေနဲ့ အသိမိတ်ဆွေတွေပါ၊

သူမသေခင်က မှာထားခဲ့တဲ့စကား ရှိလို့ လာပြောတာပါ။ ဟုတ် မဟုတ်တော့ မသိရသေးပါဘူး"

"ဘာများလဲကွယ်..."

"တခြားတော့ မဟုတ်ပါဘူး၊ သူ မသေခင်က နောက် ဘက်မှာ ရှိတဲ့ သစ်ပင်အောက်မှာ ငွေတွေ ဝှက်ထားတယ်လို့ မှာထားပါတယ်၊ အဲဒါ လာပြောတာပါ၊ ဟုတ်မဟုတ် သိရအောင် ရှာကြည့်ကြပါ"

ထိုစကားကြားတော့ အံ့ဩနေကြသည်။

"သူ့လို ဖဲသမားတစ်ယောက်က အခုလို ငွေတွေ မြှုပ် ထားခဲ့တယ်ဆိုတာ ဟုတ်ပါ့မလားကွယ်၊ ဟုတ်မယ်ထင်ရင် လည်း မောင်ရင်တို့ပဲ ရှာကြည့်ပေးကြပါ"

ဟု ကာယကံရှင်များက ခွင့်ပြုပေးသဖြင့် နီမောင်တို့ လည်း တဲအနောက်ဘက်သို့ ဝင်ကြည့်တော့ ထူးထူးခြားခြား လဗ်ပင်ကြီးတစ်ပင်ကို တွေ့ကြရသည်။

ထိုသစ်ပင်ကြီးကို တွေ့သောအခါ အပေါက်ဝက လက် ဝင်သာရုံ ရှိသော အခေါင်းပေါက်တစ်ခုကို တွေ့ရလေသည်။

ထိုအပေါက်ထဲသို့ ဦးစွာ တုတ်တစ်ချောင်းဖြင့် ထိုးကြည့် ရာ အတွင်း၌ မြွေကဲ့သို့ အန္တရာယ်ပေးတတ်သော သတ္တဝါ မရှိ မှန်း သိရမှ နီမောင်က လက်ဖြင့် နှိုက်ကြည့်သောအခါ အတွင်း၌ အဝတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့သဖြင့် ဆွဲထုတ်လိုက်သည်။

အပြင်ရောက်၍ ဖြေကြည့်သောအခါ အတွင်း၌ ငွေ





များ ရှိနေသည်ကို တွေ့ရလေသည်။

ထိုအခါမှ နီမောင်တို့လည်း အံ့ဩသွားသလို ကာယကံ ရှင်များကလည်း များစွာအံ့ဩဝမ်းသာသွားကြလေသည်။

"ဒါ ကိုဖိုးတေ ဝှက်ထားခဲ့တဲ့ငွေတွေပါ၊ ဒီငွေတွေကို ဘချို့သုံးပြီး တချို့ကို သူ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုပေးကြပါ၊ အမျှအတမ်း ဝေပေးကြပါ"

ဟု မှာကြားကာ ငွေထုပ်ကို ပေး၍ ပြန်လာခဲ့ကြသည်။

လမ်းရောက်တော့ ငမဲအောင်က ပြောသည်။

"နီမောင် ဒီအတိုင်းဆိုရင် မင်းအိပ်မက် မက်တာတွေက အားလုံး အမှန်တွေ ဖြစ်မယ်ထင်တယ်"

"မှန်လို့သာ ဖဲသမားဖိုးတေ ဝှက်ထားတဲ့ငွေတွေ ရတာ ပေါ့၊ ဒီအတိုင်းဆိုရင် ကိုစိန်မှတ်ကြီးရဲ့မိန်းမကို ငွေလေးဘာလေး ပေးပြီး သူ့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး အမျှဝေဖို့ ပြောရမှာပေါ့"

စောထီးက ဝင်ပြောသည်။

"ဒါကတော့ လုပ်ပေးရမှာပေါ့ကွာ၊ တို့လည်း ကုသိုလ်ရ ပါတယ်၊ ဒါထက် ကိုနက်ကျော်နဲ့ ပန်းစိန်တို့ နှစ်ယောက်ကိစ္စက ရော ဘယ်လိုလုပ်မှာလဲ"

"မင်းသွားပြောရင်ကော သူတို့က လက်ခံမှာလား"

"တော်ကြာ သွားပြောတော့မှ ကိုယ်ပြောတာကို လက် မခံဘဲ သူတို့ကို ဥပါဒါန်ဖြစ်အောင် လာလုပ်ပါတယ်ဆိုပြီး အထင် လွဲတော့မှ ရန်များကုန်ကြပါလိမ့်မယ်"

“ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“သွယ်ဝိုက်တဲ့နည်းလမ်းနဲ့တော့ သတိပေးကြည့်ပေါ့ ကွာ၊ လက်ခံတော့လည်း သူတို့ကံ၊ လက်မခံတော့လည်း သူတို့ရဲ့ ကံပဲပေါ့”

ဟု ပြောဆိုတိုင်ပင်ကြပြီးနောက် မိမိတို့ရွာ ရောက်သော အခါ သုံးယောက်သား အဘဦးမွန်ထော်နှင့် တိုင်ပင်ကာ စိန်မှတ် ကြီး မိန်းမဆီသို့ သွားကာ အကျိုးအကြောင်း ပြောပြကြသည်။

“ကျွန်မကတော့ မုဆိုးမဘဝနဲ့ ရှာဖွေစားသောက်နေရ လို့ အဲဒါတွေလည်း မလုပ်နိုင်ပါဘူး အဘရယ်၊ အဘထော်တို့က ဒီလိုလုပ်ပေးနိုင်ရင်တော့ သူ့အတွက် ပိုကောင်းတာပေါ့”

ဟု မျက်ရည်စက်လက်နှင့် ပြောသဖြင့် ဦးမွန်ထော်က ပင် ဦးဆောင်၍ ဘုန်းကြီးများ ပင့်ပြီးနောက် ဆွမ်းကျွေး၊ သင်္ကန်း ကပ်ခြင်းများ ပြုလုပ်ပေးသည်။

ပြီးလျှင် အမျှအတန်းများ ဝေပေးလိုက်သည်။

ဤသို့ပြုလုပ်ပြီးနောက် ဦးမွန်ထော်ကပြောသည်။

“အိပ်မက်ဆိုတာ အမျိုးမျိုး ရှိတယ်၊ ဖြစ်ပြီးတဲ့ကိစ္စတွေ ကို စိတ်က စွဲလန်းနေလို့ ပြန်မက်တာ ရှိသလို ဖြစ်ပျက်တော့မယ့် ကိစ္စတွေကို အတိတ်နိမိတ် ထင်တဲ့အနေနဲ့ ကြိုတင်ပြီး မက်တာ မျိုးလည်း ရှိတယ်”

“ဟုတ်ကဲ့. . .”

“တစ်ခါတစ်လေတော့လည်း ကိုယ်စောင့်နတ်နဲ့ သမ္မာ ဒေဝနတ်တွေက ကောင်းမှုဆိုးမှုတွေကို ကြိုတင်ပြီး အိပ်မက်ပေး





ာမျိုး ရှိသလို မကောင်းတဲ့ နတ်မိစ္ဆာတွေက အိပ်မက်ပေးတာ ျုံးတွေလည်း ရှိတယ်”

“ဟုတ်တယ်”

“နောက်တစ်ခုက ကိုယ့်ကို စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ် တွေက သတိပေးတဲ့အနေနဲ့ အိပ်မက်လာပေးတာလည်း ရှိ တယ်”

“အဲဒါ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေလဲ အဘ”

“ဘိုးတော်၊ မယ်တော်၊ ဘဝဆက်က ဆွေမျိုးတွေ၊ ပရ လောကသားတွေ၊ သိုက်စောင့်ပုဂ္ဂိုလ်တွေ၊ ဝိဇ္ဇာဇော်ဂျီတွေ အမျိုးမျိုး ရှိတာပေါ့”

“ဒါဖြင့် ကျွန်တော်မက်ခဲ့တဲ့ အိပ်မက်က ဘယ်လို ကြောင့်လဲ အဘ”

“ဒါကတော့ အရှင်းကြီးပါပဲ၊ မင်းမက်တဲ့ အိပ်မက်မျိုးက ပရလောကသားတွေရဲ့အကူအညီကြောင့် မြင်မက်တဲ့ အိပ်မက် မျိုးပဲ၊ သိုက်စောင့်တွေနဲ့ ပရလောကသားတွေက လူတွေနဲ့ နီးစပ် မှု ရှိလေတော့ ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် အခုလို အိပ်မက်မျိုးတွေ မကြာခဏ ပေးနိုင်ကြတယ်”

“အခု ကျွန်တော်မက်တဲ့ အိပ်မက်က တကယ်ဖြစ်မယ့် ကိစ္စတွေကို မက်တဲ့အိပ်မက်မျိုးပေါ့ ဟုတ်လား အဘ”

“ဒါကတော့ သေချာလောက်ပါတယ်၊ မင်းမက်တဲ့ အိပ်မက်မျိုးက စိတ်စွဲလန်းလို့ မက်တဲ့ အိပ်မက်မျိုးမှ မဟုတ်ဘဲ၊ ပရလောကသားတစ်ယောက်က မင်းရဲ့ဝိညာဉ်ကို ခေါ်သွားပြီး

ပြောချင်တာတွေ ပြောပြတဲ့သဘောပဲ"

"ဒါဖြင့် ကျွန်တော်တို့ ပင့်လယ်ထဲက ရတဲ့ ကလေးလေးက ပရလောကသားလေးပေါ့ ဟုတ်လား အဘ"

"သူ ဘယ်ဘဝက လာတယ်ဆိုတာထက် လူဝင်စားတစ်ယောက် ဖြစ်တယ်ဆိုတာတော့ သေချာတယ်၊ ဒါပေမယ့် တို့တွေကို ဒုက္ခပေးဖို့ ရောက်လာတာတော့ မဟုတ်ဘူး. . . သေချာတယ်"

"ဒါဖြင့် ကျွန်တော်မက်ခဲ့တဲ့ အိပ်မက်က မှန်နိုင်သလား အဘ"

"မှန်ဖို့ များတယ်၊ ဒါကြောင့် မင်းတို့ အောင်ဘာရွာမှာ ပစ္စည်းသွားရှာတာကို တွေ့ခဲ့ရတာပေါ့"

"ဒီအတိုင်း မှန်ရင်တော့ ကိုနက်ကျော်တို့ ပန်းစိန်တို့တော့ ဒုက္ခပါပဲ၊ သွားပြောရင်လည်း ယုံကြမှာ မဟုတ်ဘူး"

"ဒါကတော့ ကံတရားအတိုင်းပေါ့ကွာ"

ဟု ပြောဆိုနေကြလေသည်။

ဤသို့ဖြင့် ထူးဆန်းသောအိပ်မက်ကို မြင်မက်ပြီး ခြောက်ရက်မြောက်သောနေ့သို့ ရောက်လာသောအခါ နီမောင်မှာ အလုပ်လုပ်ရသည်ပင် စိတ်မဖြောင့်နိုင်အောင် အိပ်မက်အကြောင်းကို မကြာခဏ သတိရနေတော့သည်။

"မနက်ဖြန်ဆိုရင် ငါ အိပ်မက်မက်တာ ခုနစ်ရက် ပြည့်တော့မယ်၊ အိပ်မက်ထဲကအတိုင်း မှန်မယ်ဆိုရင်တော့ မနက်ဖြန် ရောက်ရင် ကိုနက်ကျော်တစ်ယောက် သေရတော့မှာ မုချပဲ





ငါဘယ်လိုလုပ်ရမလဲ. . .

သူ့ကို အလုပ်မဆင်းဖို့ သွားတားရရင် ကောင်းမလား၊ ဒီလိုလည်း မဖြစ်သေးပါဘူးလေ၊ တော်ကြာ ဟုတ်ရင် တော်ပါရဲ့၊ မဟုတ်ရင် သူ့ကို အနှောင့်ယှက်ပေးသလို ဖြစ်ပြီး ငါ့ကို တစ်မျိုးမြင်နေရင် ခက်မယ်"

ဟု တစ်ယောက်တည်း ချီတုံချတုံ ဖြစ်နေတော့သည်။

ထိုနေ့ညဘက်တွင် မှင်စာငတေကို အိပ်မက်ထဲမှာ ပြန်တွေ့ရသည်။

မှင်စာငတေက မနက်ဖြန်နေ့လည်ဘက်အချိန် မရဏအငူကွေ့နား၌ နက်ကျော်တစ်ယောက် သေဆုံးရတော့မည်ဟု လာပြောလေသည်။

သို့ကြောင့် နောက်တစ်နေ့ မနက်ပိုင်းအချိန်မှာပင် နက်ကျော်တို့ တဲရှိရာဘက်သို့ ထွက်ခဲ့လေသည်။

နက်ကျော်မှာ အသက်သုံးဆယ်ကျော်အရွယ်ခန့် ရှိသော ပသျှူးတစ်ယောက်ဖြစ်သည်။

၎င်း၏အသားမှာ သပိတ်ရောင်ကဲ့သို့ မဲနက်နေသောကြောင့် နက်ကျော်ဟု ခေါ်ကြခြင်းဖြစ်သည်။

သူ၏အဓိကလုပ်ငန်းမှာ မိုင်းခွဲ၍ငါးရှာခြင်းနှင့် ပုလဲတော်ခြင်းဖြစ်သည်။

သူရောက်သွားတော့ နက်ကျော်နှင့် သူ့တပည့် နှစ်ယောက်တို့မှာ အရက်ထိုင်သောက်နေကြသည်။

နီမောင် ဝင်လာတာ မြင်တော့ အထူးအဆန်းလို ဖြစ်

နေသဖြင့် ရီဝေလျက်ရှိသော မျက်လုံးများဖြင့် လှမ်းကြည့်ေ
သည်။

"ဘာကိစ္စလဲ နီမောင်"

နီမောင်က မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ရင်း. . .

"ဒီကနေ့ ကိုနက်ကျော်တို့ အလုပ်ဆင်းကြဦးမှာလား"

ဟု မေးလိုက်သည်။

"အေးလေ. . . ဆင်းမှာပေါ့၊ ခဏနေရင် သွားကြမှာ
အရက်ထိုင်သောက်နေကြတာ. . . ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ ဒီကနေ့ ဘယ်နေရာကို သွားမှာလဲ"

ထိုစကားကြောင့် နက်ကျော်မျက်နှာပေါ်မှာ အလိုမကျ
သော အမူအယာများ ပေါ်လာသည်။

"ဘာကိစ္စရှိလို့ လာမေးတာလဲ၊ ငါ့ဖာသာ ဘယ်နေရာ
သွားသွား မင်းအပူပါလို့လား၊ ရေလုပ်သားအချင်းချင်း နေရာ
မမေးရဘူးဆိုတဲ့စည်းကမ်းကို မင်းနားမလည်ဘူးလား"

ဟု လေသံမာမာဖြင့် ပြန်မေးလေသည်။

"ကျွန်တော့်ကို အထင်မလွဲပါနဲ့ ကိုနက်ကျော်ရယ်
အချင်းချင်း ဘယ်နေရာ သွားမလဲလို့ မမေးရတာ ကျွန်တော်
သိပါတယ်၊ ဒါပေမယ့် အခုဟာက. . ."

နီမောင်က ရှေ့ဆက်ရမှာ ခက်ဟန်ဖြင့် စကားစ ရပ်
သွားသည်။

"ဧကန္တ မင်း ငါ့ဆီ လာပြီး ဘယ်နေရာ သွားမှာလဲ
ဘာလုပ်မှာလဲလို့ စပ်စုနေပုံထောက်ရင် ငါတို့ ရှာမယ့်နေရာကို





ပြီး ဝင်လုပ်ချင်လို့ဖြစ်ရမယ်၊ နက်ကျော်တို့ကို ဒီလိုလာကျော
လို့တော့ တစ်သက်လုံး မရဘူးမှတ်ပါ"

ဟု ဒေါသသံဖြင့် ပြောကာ သောက်လက်စ အရက်
ခွက်ကို ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲ ဆောင့်ချလိုက်သဖြင့် နီမောင်
င် လန့်ဖျတ်သွားသည်။

"ဒီလိုသဘောမျိုးနဲ့ လာမေးတာ မဟုတ်ပါဘူး ကိုနက်
ကျော်ရယ်. . . အထင်မလွဲပါနဲ့ဗျာ၊ ခင်ဗျားတို့ ဒီကနေ့ မရဏ
အငူကွေ့ဘက်ကို သွားမယ်ဆိုရင် မသွားဖို့ လာပြောတာပါ"

ထိုစကားကြောင့် နက်ကျော်ရော ကျန်သည့်နှစ်
ယောက်ပါ မျက်လုံးပြူးသွားကြလေသည်။

"ဟင်. . . မင်း ငါတို့သွားမယ့်နေရာကို ဘယ်လို ကြိုသိ
နေတာလဲ၊ ဘာကြောင့် ဒါတွေ လာပြောနေတာလဲ"

"ကျွန်တော်တို့ မနေ့က အဲဒီဘက် ရောက်တော့
ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးတစ်ကောင် တွေ့ခဲ့လို့ပါ၊
ကယ်လို့ ခင်ဗျားတို့ ဒီကနေ့ အဲဒီဘက် သွားမယ်လို့ စိတ်ကူး
င်တော့ မသွားတာ ကောင်းမယ်လို့ စေတနာနဲ့ လာပြောတာ
ါ"

ထိုသို့ပြောသော်လည်း နက်ကျော်က လုံးဝလက်မခံ
သည့်အပြင် အယုံအကြည်လည်း ရှိဟန်မတူချေ။

"ဟေ့ကောင် နီမောင်၊ မင်းဘယ်လိုသဘောနဲ့ ဒီစကား
တွေ လာပြောနေတယ်ဆိုတာကို ငါသဘောပေါက်ပါတယ်ကွာ၊
ါးနုက ဝါးရင့်ကို လာလိမ်ချင်လို့ကတော့ ဘယ်ရပါမလဲ၊

နက်ကျော်တို့က ရေလုပ်ငန်း လုပ်စားလာတာ အံ့ကို တိုနေပြီ၊ ငါတို့ကို လှိမ့်လုံးချောက်လုံးတွေနဲ့ အဲဒီနေရာ မသွားအောင် လာပြောပြီး ငါတို့ မသွားတော့မှ မင်းတို့က အချောင်ဝင်ချင်လို့ မဟုတ်လား၊

ဒီမှာ မြဲမြဲမှတ်ထား၊ နက်ကျော်ဆိုတဲ့အကောင်က ကိုယ်လုပ်တဲ့အလုပ်ကို လာပြီးအနှောင့်အယှက်ပေးရင် သိပ်မကြိုက်ဘူး၊

နေဇက်ပြီး ဘယ်လိုအန္တရာယ်မျိုးမှလဲ မကြောက်ဘူး

လုပ်မယ်လို့ ရည်စူးထားရင် ဘာပဲဖြစ်ဖြစ် လုပ်မှာပဲဟေ့၊ အခုလို စေတနာနဲ့ လာပြီးသတိပေးတာတော့ ကျေးဇူးတင်တယ်၊ ဒါပေမယ့် နောက်ကို အခုလို အနှောင့်အယှက်ပေးရင်တော့ လုံးဝသည်းမခံဘူးဆိုတာ မြဲမြဲမှတ်ထားဟေ့”

ဟု ကြိမ်းမောင်းပြောဆိုသဖြင့် နီမောင်လည်း စိတ်မကောင်းစွာဖြင့် ပြန်လှည့်ခဲ့ရလေသည်။

သူထွက်လာတော့ မီးဖိုထဲမှာ ထမင်းချက်နေသော နက်ကျော်မိန်းမကပင် မဲ့ကာရွဲ့ကာနှင့် မျက်စောင်းလှမ်းထိုးလိုက်သေးသည်။

နေ့လည်ဘက် ရောက်တော့ နက်ကျော်တို့သုံးယောက် လှေတစ်စင်းနှင့် ထွက်သွားကြလေသည်။

မရဏအငူကွေ့နား ရောက်တော့ ပုလဲငုတ်ရန်အတွက် ရေထဲ ဆင်းကြလေသည်။

ရေအောက်ရောက်တော့ နက်ကျော်စိတ်ထဲမှာ မသိုး





သန့် ဖြစ်လာသည်။ အလုပ်လုပ်ရတာ ခါတိုင်းနှင့် မတူဘဲ ဝန်းကျင်မှာ တစ်စုံတစ်ခု ရှိနေသည်ဟု စိတ်ထဲမှ ထင်နေမိသည်။

ကြည့်ပြန်တော့လည်း သာမန်အခြေအနေမှလွဲ၍ ခြားဘာမှမတွေ့ရပြန်ပေ။

သို့ဖြင့် အဖော်နှစ်ယောက်နှင့်အတူ ရေအောက် ကျောက်ဆောင်များကြား၌ ကမာကောင်များကို လိုက်လံရှာဖွေ ...က်ရှိနေသည်။

ထိုနေရာသည် မီးတောင်ပေါက်ကွဲခဲ့ဖူးသောနေရာ ဖြစ်သာကြောင့် ရေစူးနက်သောချောက်များ၊

လိုဏ်ခေါင်းများနှင့် ကျောက်ဆောင်ကျောက်တန်းများ ...များလှပြီး ငါးမန်းများလည်း အနေများသောနေရာဖြစ်သည်။

မကြာခဏ ရေဝဲကတော့ကြီးများ ပေါ်လာတတ်ပြီး လှေနှင့်သင်္ဘောများကို ဒုက္ခပေးလေ့ရှိသည်။

ပင်လယ်ရေစီးကြောင်းနှင့် မျက်နှာချင်းဆိုင်ဖြစ်ပြီး ရေစီးသန်လှသောကြောင့် ဝဲကတော့ကြီးများ ရှိနေရုံမက လှိုင်း...းများကလည်း အစဉ်မပြတ် ရှိနေတတ်သဖြင့် မရဏအငူကွေ့...ပင် အမည်ဆိုးဖြင့် ကျော်ကြားသောနေရာဖြစ်သည်။

ထိုအငူကွေ့ကို လှေနှင့်သင်္ဘောများက ကွင်းရှောင်သွားလေ့ ရှိကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

ရေစီးသန်သည်က တစ်ကြောင်း၊ ရေစူးနက်သည်က

တစ်ကြောင်းနှင့် ကျောက်ဆောင်ကျောက်စွန်းများ ပေါလှသေ
ကြောင့် ဖြစ်သည်။

ယခု ထိုနေရာသို့ နက်ကျော်တို့အဖွဲ့ ရောက်နေ
သည်။

သူတို့သည် ရေအောက်သို့ မဆင်းမီမှာပင် အချင်းချ
ပြောနေကြသေးသည်။

"မနက်က ငါတို့အလုပ်မဆင်းခင် စိတ်အနှောင့်အယှ
ဖြစ်အောင် နီမောင်က လာပြောနေသေးတယ်၊ ဒါ တမင်
ပြောတာကွ၊ ငါတို့က သူပြောတဲ့အတိုင်း ကြောက်လန့်ပြီး မ
ဘဲ နေရင် သူတို့က အချောင်လာချင်လာကြမှာ"

"ဒါပေ့ါ ဆရာရယ်၊ သူပြောတဲ့အထဲမှာ ရေအောက်
သတ္တဝါကြီးတစ်ကောင် တွေ့တယ်ဆိုလားပဲ၊ ပင်လယ်ထဲမှာ
သတ္တဝါတွေကတော့ မျိုးစုံရှိတာပေ့ါ၊ ကျွမ်းကျင်မှုရှိရင် ဘယ်
သတ္တဝါမျိုးမှ ကြောက်စရာမလိုပါဘူး"

"နီမောင်ကို အစက ရိုးရိုးအေးအေး နေမယ်လို့ ထ
ထားတာ၊ အခုပုံမျိုးနဲ့ မလှိမ့်တပတ်လည်း လုပ်တတ်သေးတ
အခုမှ သိရတော့တယ်"

ဟု ပြောဆိုကာ ရေအောက်သို့ ဆင်းကြလေသည်၊

ထိုနေရာသည် ရေစူးနက်သောကြောင့် ရေငုတ်ကိ
ယာ အကူအညီ မပါဘဲ ရေငုတ်ကြသူများ တော်ရုံနှင့် မလာ
သောနေရာလည်းဖြစ်သည်။

ထိုနေရာတဝိုက်မှာ ပေ(၂၀၀)အောက် နက်သည်





ရာများသောကြောင့် သာမန်ရေငုတ်သမားတို့ မလာနိုင်
သာနေရာလည်းဖြစ်၏။

နက်ကျော်တို့ကတော့ ရေငုတ်ကျွမ်းကျင်ကြသဖြင့် ထို
ရာမျိုးကိုသာ လိုက်လံ၍ငုတ်လေ့ရှိကြသည်။

ထိုနေရာရောက်တော့ လှေပေါ်မှာ တစ်ယောက်ထားခဲ့
ကျန်လူများက ရေအောက်ဆင်းကြသည်။

မရဏအငူကွေ့တဝိုက်မှာတော့ ရေသေရက်ဖြစ်စေ
ာမူ ရေစီးအရှိန်နှင့် ဝဲကတော့များက ရှိနေဆဲဖြစ်သည်။

ရေထရက်၊ ရေစီးသန်သောအချိန်များဆိုလျှင် ဝဲ
တော့ကြီးများက လှေနှင့်သင်္ဘောများကို ရေအောက်သို့ စုပ်
သွားလေ့ရှိကြလေသည်။

နက်ကျော်သည် ရေနက်ပိုင်းဘက်သို့ လာခဲ့သည်။

ထိုနေရာတဝိုက်တွင် ငါးမန်းများ ရှိသော်လည်း လူကို
အန္တရာယ် မပေးကြချေ။

ငါးမန်းတို့၏သဘာဝမှာ သွေးနံ့ရမှသာ နောက်မှ လိုက်
ာ အန္တရာယ်ပေးတတ်ကြသည်။

နက်ကျော်သည် ရေအောက်တစ်နေရာသို့ ရောက်
သာအခါ ထူးခြားမှုတစ်ခုကို လှမ်းမြင်ရသည်။

အခြားမဟုတ်ပေ. . . ။

ကျောက်ဆောင်တစ်ခုအနီး၌ ဝဲကတော့တစ်ခု လည်
နခြင်းပင်ဖြစ်သည်။

ရေအောက်မှာ ဝဲကတော့ တွေ့ရသည်မှာ အဆန်း

တကြယ် မဟုတ်သော်လည်း ယခုကဲ့သို့ ရေသေရက်မှာ ထူး
ခြားခြား ရေဝဲကတော့ ထိုးနေတာကို မြင်တော့ နည်းနည်းေ
အံ့သြသွားသည်။ ထို့ထက်ပို၍ဆန်းကြယ်ခြင်းက ဝဲကေ
အတွင်း၌ ဝဲလည်နေသော ကမာကောင်များကို လှမ်းမြင်ရ
ပင်ဖြစ်၏။

"ကမာကောင်တွေ ဝဲကတော့ထိုးနေပါလား. . ဟန်
တာပဲ"

ဟု တွေးကာ ထိုနေရာနှင့် မလှမ်းမကမ်းနေရာ ရော
အောင် ကူးသွားလိုက်သည်။

မနီးမဝေးနေရာသို့ ရောက်သောအခါ ဝဲကတေ
အတွင်း၌ ကြီးမားသော ကမာကောင်ကြီးတစ်ကောင်ကို လှ
မြင်ရသည်။

ထိုကမာကောင်ကြီးက ဝဲကတော့အရှိန်ဖြင့် လည်ထွ
လာပြီးနောက် ကျောက်ဆောင်တစ်ခုကြားသို့ ကျသွားေ
သည်။

"ဟန်ကျပြီ. . . "

နက်ကျော် ဝမ်းသာအားရနှင့် ထိုနေရာသို့ ကူးသွားပြ
ကြည့်သောအခါ ကမာကောင်ကြီးက ကျောက်တုံးနှစ်ခုကြားသ
တည့်တည့်မတ်မတ် ကျသွားပြီးနောက် အထဲသို့ ရောက်သော
အခါ အခွံနှစ်ချပ်ကို ဟထားသောကြောင့် အတွင်းမှ ပုလဲလုံးကြီး
ကို အတိုင်းသား လှမ်းမြင်ရသည်။

"ဟာ. . . ပုလဲနက်ကြီးပါလား၊ ငါနဲ့ထိုက်လို့ ငါရတာပဲ"





ဟု တွေးကာ အထဲသို့ လက်ထိုးသွင်းကာ ကမာကောင်
းပါးစပ်အတွင်းမှ ပုလဲနက်လုံးကို နှိုက်ယူလိုက်သည်။

ကမာကောင်မှာ အတော်ကြီးသဖြင့် သူ့လက် အတွင်း
ရောက်သောအခါ ဟထားသော အခွံနှစ်ခုကို ပြန်စေ့ချလိုက်
နက်ကျော်လက်မှာ ညပ်သွားလေတော့သည်။

"ဟာ. . "

ထိုအခါမှ အထိတ်တလန့်ဖြင့် လက်ကို ပြန်နှုတ်သော
ခါ မရတော့ပေ။ ကမာကောင်ကြီးက ကျောက်တုံးနှစ်တုံးကြား
ညပ်နေသဖြင့် အပြင်သို့ မရောက်နိုင်တော့ပေ။

အားစိုက်၍ ရုန်းပါသော်လည်း အရာမရောက်သဖြင့်
ဘ်ဝန်းကျင်သို့ အကူအညီ ရလိုရငြား ကြည့်သော်လည်း
ဖော်များကို တစ်ယောက်မှ မတွေ့ရပေ။

သို့နှင့် နက်ကျော်မှာ ရုန်းရင်းကန်ရင်းနှင့် ရေမွန်းလာ
ချပြီ။

"ဒီအတိုင်း ဆက်နေရင် မကြာခင် ရေမွန်းလို့ သေမှာပဲ၊
စ်ခုခုတော့ လုပ်မှဖြစ်တော့မယ်"

ဟု တွေးကာ ခါးကြားမှ ဓါးကို ဆွဲထုတ်လိုက်သည်။

ထို့နောက် မျက်စိကို မှိတ်၍ မိမိလက်ကို ဓါးဖြင့် ခုတ်
ဘ်ချလိုက်တော့သည်။

လက်က ပြတ်သွားသည်နှင့် သွေးများက ဒလဟော
က်လာတော့သည်။

နက်ကျော်မှာ သေမင်းခံတွင်းမှ လွတ်မြောက်သူပမာ

ရေမျက်နှာပြင်ပေါ် ပြန်ရောက်အောင် ကြိုးစား၍ ပြန်တက်ေ
သည်။

သို့စေကာမူ. . . လက်တစ်ဖက်က ပြတ်ကျန်ခဲ့ေ
ကြောင့် ထင်တိုင်းမရောက်တော့ပေ။

ထို့ပြင် သွေးများက အဆမတန် ထွက်နေသောကြေ
နောက်မှ ငါးမန်းအုပ်များက လိုက်လာကြချေပြီ။

နက်ကျော်တစ်ယောက် မရဏကွန်ယက်အတွင်
မလွတ်နိုင်တော့ပေ။ အတန်ကြာသောအခါ ရေမျက်နှာပြင်ေ
မှာ သွေးကွက်ကြီးများ တက်လာလေတော့သည်။





## အခန်း(၁၀)

## လူသတ်တရားခံ ဘယ်သူလဲ

နက်ကျော် သေဆုံးသွားသည့်သတင်းက ပုလဲနက်ရွာ
တစ်ရွာလုံး တောမီးလောင်သကဲ့သို့ ပျံ့နှံ့သွားလေတော့သည်။

ရေငုတ်သမားတစ်ယောက် ရေအောက်မှာ အန္တရာယ်
နှင့် တွေ့ပြီး သေဆုံးသွားရတာ အထူးအဆန်း မဟုတ်သော်
သည်း ယခု ထူးဆန်းနေသည်က မသေခင် အချိန်ကလေးမှာပင်
သူတစ်ယောက်က ထိုနေရာသို့ မသွားရန် လာရောက်သတိပေး
ခဲ့ခြင်းပင် ဖြစ်သည်။

နောက်တစ်ရက်တွင် သဲသောင်ပေါ်မှာ တင်နေသော
နက်ကျော်အလောင်းကို ပြန်တွေ့ကြရသည်။

တစ်ကိုယ်လုံး ငါးမန်းကိုက်ထားသောဒဏ်ရာများဖြင့်

ပွနေသော်လည်း လက်တစ်ဖက်မှာ ဓါးဖြင့် ခုတ်ဖြတ်ထား
တိတိရိရိ ပြတ်နေခြင်းပင် ဖြစ်သည်။

ဝင်းကဲ့သို့ မသင်္ကာစရာ တွေ့သောအခါ နက်ကျော်
မိန်းမနှင့် အဖော်နှစ်ယောက်က သူကြီးအိမ်သို့ လာတိုင်
သည်။

"ကျွန်မယောက်ျားကို သူတို့သတ်ပစ်လိုက်တာ ဖြစ်
မယ်"

ဟု ငိုယိုကာ တိုင်ကြားသည်။

ရွာလူကြီး ဦးသာကျော်က အဖြစ်အပျက်ကို သေချာ
အောင် မေးရလေသည်။

"နင့်ယောက်ျားကို ဘယ်သူတွေ သတ်လို့လဲ"

"ဘယ်သူရှိရမလဲ သူကြီးရယ်၊ နီမောင်တို့ပဲ ဖြစ်ရမှာပေါ့
အဲဒီမနက်က နီမောင်ရောက်လာပြီး အဲဒီနေရာကို မသွား
လာတားသေးတယ်၊ ကိုနက်ကျော်က ဇွတ်ထွက်သွားလို့ သူတို့
ဝိုင်းသတ်လိုက်တာ ဖြစ်မှာပေါ့"

ထိုအခါ နက်ကျော်နှင့် ပါသွားသောအဖော်နှစ်ယောက်
ကပါ ဝင်ပြောကြသည်။

"ဟုတ်တယ်. . . အဲဒီနေရာကို ကျွန်တော်တို့ သွားမယ်
ဆိုတာ ကြိုသိလို့ နီမောင်က လာတားသေးတယ်၊ ကိုနက်ကျော်
က အဲဒါကို လက်မခံဘဲ ဇွတ်သွားလို့ အခုလို ဝိုင်းသတ်လိုက်ကြ
တာ ဖြစ်မယ်"

"သတ်တယ်ဆိုတာကတော့ သေချာပါတယ်၊ လက်





တစ်ဖက်မှာတောင် ဓါးခုတ်ထားတဲ့ဒဏ်ရာ ပါလာတာပဲ"

ဟု ဝိုင်းဝန်းတိုင်ကြားကြသဖြင့် ရွာလူကြီးက နီမောင်တို့
တွေကို သွားအခေါ်ခိုင်းရာ ခဏကြာတော့ လေးယောက်
လုံး ရောက်လာကြသည်။

"ကျွန်တော်တို့ကို ခေါ်တာ ကိစ္စရှိလို့ပါလား"

"အေး. . . မေးစရာရှိလို့ ခေါ်တာပေါ့ကွာ၊ မင်းတို့
နေ့က အလုပ်သွားကြသေးလား"

"ဟုတ်ကဲ့. . . သွားပါတယ်"

"ဘယ်နေရာကို သွားကြတာလဲ"

"မရဏအင်ူကွေ့နဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ကျွန်းတစ်
ကျွန်းမှာ ကမာကောင် သွားရှာကြတာပါ"

"နက်ကျော်တစ်ယောက် မနေ့က ရေအောက်မှာ ကမာ
ကောင် ဆင်းရှာရင်းနဲ့ သေသွားတာကို မင်းတို့ ကြားတယ်
မဟုတ်လား"

"ဟုတ်ကဲ့. . . သိပြီးပါပြီ"

နီမောင်က စိတ်မကောင်းသောလေသံဖြင့် ခေါင်းငုံ့ကာ
ပြောသည်။

"တကယ်တော့ နက်ကျော်သေရတာ ရိုးရိုးသေရတာ
မဟုတ်ပဲ ရေအောက်မှာ တစ်ယောက်ယောက်က သတ်လိုက်လို့
သေရတယ်ဆိုပြီး သူ့မိန်းမက ဒီမှာ လာပြီး တိုင်ချက်ဖွင့်နေ
တယ်"

ထိုစကားကြောင့် နီမောင်တို့က တအံ့တဩဖြစ်သွားပြီး

မလှမ်းမကမ်းမှာ ထိုင်နေသော နက်ကျော်မိန်းမကို လှမ်းကြည့်လိုက်တော့ မီးဝင်းဝင်းတောက်လုမတတ် ဒေါသဖြစ်နေသော မျက်လုံးများဖြင့် သူတို့ကို ကြည့်နေသည်။

အခြားရောက်နေသော ရွာသားများကလည်း သူတို့ကို မသင်္ကာသောမျက်လုံးများဖြင့် အကဲခတ်သလို ဝိုင်းကြည့်နေကြသဖြင့် နားမလည်သလို ဖြစ်သွားကြသည်။

"ကိုနက်ကျော် သေရတာ ငမန်းကိုက်လို့ သေရတာ မဟုတ်ဘူးလား သူကြီး"

"နင် ဘာအခုမှ ညာနေတာလဲ၊ ငါ့ယောကျ်ားကို နင်တို့ သတ်လိုက်ကြတာ မဟုတ်လား"

ဟု နက်ကျော်မိန်းမက ဒေါသသံဖြင့် လှမ်းပြောသည်၊

"ကျွန်တော်တို့ ကိုနက်ကျော်ကို မသတ်ပါဘူး၊ ခင်ဗျား ထင်တာ မှားနေပြီနဲ့ တူတယ်"

နီမောင်က အေးအေးဆေးဆေးပင် လှမ်းပြောသည်၊

ထိုအခါ သူကြီးက ဝင်ပြောပြသည်။

"မင်းတို့ သတ်တယ် မသတ်ဘူးဆိုတာကတော့ အခု အချိန်မှာ ငါတို့လည်း မဆုံးဖြတ်နိုင်သေးဘူး၊ ဒါပေမယ့် မင်းက သူတို့ဆီကို လာပြီး အဲဒီနေရာကို မသွားဖို့ လာတားတယ်လို့ ပြောတယ်၊ အဲဒါကို နက်ကျော်က နားမထောင်ဘဲ သွားခဲ့လို့ အခုလို သေရတာလို့ ထင်ပြီး ဒီမှာ တိုင်ချက်လာဖွင့်တာပဲ"

"ဟင်. . ."

ထိုစကားကြားသောအခါ နီမောင်မှာ များစွာတုန်လှုပ်





သွားလေသည်။

ကျန်သုံးယောက်ကလည်း မျက်စိမျက်နှာပျက်သွားကြလေသည်။

"အမှန်တိုင်းပြောရရင် ကိုနက်ကျော် သေရတာ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး၊ သူ့အကြောင်းနဲ့သူ သေရတာပါ"

"ဒါဖြင့် မင်းက မနေ့က သူ့ဆီ သွားပြီး ဘာကြောင့်တားရတာလဲ"

ထိုသို့မေးသောအခါ နီမောင်မှာ အမှန်အတိုင်း ပြောပြရမှာ မဖြစ်နိုင်သည်မို့ အခက်တွေ့သွားလေသည်။

အကယ်၍ ထိုအကြောင်းကို အမှန်အတိုင်း ပြောလိုက်ပါက ယုံလျှင် တော်ရဲ့၊ မယုံကြည်ပါက ကိုယ့်အပေါ် အထင်အမြင်လွဲစရာ ပိုလာမည်ကို တွေးလိုက်မိသည်။

"ကျွန်တော် သူတို့ဆီ သွားပြီးသတိပေးတာက တခြား မဟုတ်ပါဘူး၊ ကျွန်တော်တို့ သွားတုန်းက အဲဒီနားမှာ အန္တရာယ်တစ်ခု တွေ့ခဲ့တာကြောင့် အန္တရာယ်ဖြစ်မှာစိုးလို့ သွားပြီးသတိပေးတာပါ"

ဟု မရေမရာ ပြန်ပြောလိုက်သည်။

ထိုအဖြေကိုတော့ သူကြီးက ကျေနပ်ပုံ မပေါ်ပေ။

"ကဲ. . . ထားပါတော့၊ သူတို့ အဲဒီနေရာကို သွားမယ်ဆိုတာကရော မင်းဘယ်လိုကြိုပြီးသိရတာလဲ"

"ဒီ. . ဒီလိုပဲ သတင်းကြားလို့ပါ"

"မင်းအဖြေက သိပ်ပြီးမခိုင်လုံဘူး၊ ဒီကိစ္စကို ဖြေရှင်းဖို့

မင်းကို တစ်ရက်နှစ်ရက် အချိန်ပေးမယ်၊ နက်ကျော်တစ်ယောက် သွေးရိုးသားရိုးနဲ့ သေတာဖြစ်ကြောင်း ခိုင်လုံတဲ့ သက်သေပြနိုင် ရင်ပြနိုင်၊ မပြနိုင်ရင်တော့ မင်းတို့ကို ပုလိပ်တွေ ခေါ်ပြီးအပ်လိုက် ရမှာပဲ”

ဟု ပြောကာ ပြန်လွှတ်လိုက်လေသည်။

နီမောင်တို့တတွေလည်း ရင်ထဲမှာ အပူကိုယ်စီဖြင့် အိမ် ပြန်လာခဲ့ကြလေသည်။

အိမ်သို့ ရောက်သောအခါ လေးယောက်သား ခေါင်း ချင်းဆိုင် ထိုင်၍ တိုင်ပင်ကြရလေသည်။

“ကိုင်း. . . အခုတော့ ဘယ်လိုလုပ်ကြမလဲ၊ ကိုယ်က စေတနာနဲ့ သွားပြောမိတယ်၊ နေရင်းထိုင်ရင်းနဲ့ အမှုက အိမ်ပေါ် တက်လာပါပကောလား”

“ဒီလောက်လဲ စိတ်မပူပါနဲ့ အဘရယ်၊ ဒီကိစ္စကို ကျွန် တော် ရအောင်ရှင်းပါ့မယ်၊ တကယ်လို့ မရှင်းနိုင်ရင်လည်း ကျွန်တော်တစ်ယောက်တည်းပဲ ခံပါ့မယ်”

“ကိုယ်မပါတ်ပဲနဲ့တော့ ဒီအတိုင်း ငုံ့ခံနေလို့ ဘယ်ဖြစ် ပါ့မလဲ၊ တို့လေးယောက်က တစ်ယောက်ဖြစ် အများပေါ့”

ဟု ပြောရင်းမှာပင် စောထီးက. . .

“ဒါထက် နီမောင် မင်းအိပ်မက်က တယ်ပြီးမှန်ပါလား၊ ဖဲသမားဖိုးတေ ဝှက်ထားတဲ့ငွေတွေလည်း ပြန်ရပြီ၊ အခု ကိုနက် ကျော်လည်း ပြောတဲ့နေ့မှာပဲ သေသွားပြီ”

ဟု ဝင်ပြောသည်။





“ဒီအတိုင်း ဆက်မှန်နေရင်တော့ သူကြီးသား ပန်းစိန် လည်း တစ်လပြည့်ရင် သေဦးမှာပေါ့နော်”

“ဒီပုံအတိုင်းဆိုရင် သေချာနေပြီပေါ့ ငမဲအောင်ရဲ့”

“ဒါဖြင့် ပန်းစိန်ကို ဒီအကြောင်းတွေ ကြိုပြောလိုက်ရင် ကောင်းမလား”

“မင်း အဲသည်လို သွားပြောမှ ထိပ်တုံးစာမိမှာပေါ့၊ အခု တောင် တို့ပြောတာကို ဘယ်သူမှ မယုံကြလို့ အခုလို ပြဿနာ ဝင်လာတာပေါ့”

“ကဲ. . . ဒါက အရေးမကြီးဘူး၊ သူကြီးမှာလိုက်တဲ့ အတိုင်း နက်ကျော် ဘာကြောင့် သေရတယ်ဆိုတာ သက်သေပြ နိုင်ဖို့ လိုတယ်၊ မဟုတ်ရင် အားလုံး ပုလိပ်လက်ထဲ ရောက်ကြ လိမ့်မယ်”

ဟု ဦးမွန်ထော်က လူကြီးပီပီ စိတ်ပူစွာဖြင့် ဝင်ပြောလေ သည်။

“ဒီအတွက်တော့ သိပ်ပြီးစိတ်မပူပါနဲ့ အဘရာ၊ တရား ကို နတ်စောင့်ပါတယ်၊ တစ်နေ့တော့ အမှန်တရား ပေါ်လာမှာ ပါ”

ဟု ပြောဆိုနေကြလေသည်။

ထိုနေ့က သူတို့တွေ အလုပ်ပင် မဆင်းနိုင်ကြတော့ပေ။

ညဘက်ရောက်တော့လည်း နီမောင်မှာ တော်တော်နှင့် မအိပ်နိုင်ဘဲ ကလေးအနီးမှာ ထိုင်စောင့်ရင်း အတွေးနယ်ချဲ့နေ မိသည်။

သူ့အနေနှင့် နက်ကျော် သေဆုံးသောကိစ္စအတွက် ဆွမ်းခံရင်း ငှက်သင့် ဆိုသကဲ့သို့ မမျှော်လင့်ဘဲ တရားခံဘေး ရောက်ရတော့မလို ဖြစ်နေချေပြီ။

အဘယ်မျှပင် ကံတရားကို ယုံကြည်သည်ဆိုစေကာမူ အကယ်၍ ပြေလည်အောင် မရှင်းနိုင်ပါက တရားခံဘဝသို့ ရောက်ရတော့မည် ဖြစ်သည်။

"ဟယ်. . . ကံတရားပဲပေါ့၊ ကိုယ်မလုပ်ပါဘဲ ခံရမယ့် ဝဋ်ကြွေးရှိလို့ ခံရတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"

ဟု စိတ်ကို လျှော့ချကာ အိပ်ယာထဲမှာ အိပ်ပျော်နေသော 'မော်ကင်း' ဟု အမည်ပေးထားသော ကလေးမျက်နှာကို ကြည့်နေလေသည်။

ထိုသို့ကြည့်နေရင်းမှပင်. . .

"အင်း. . . ဒီကလေး ငါတို့ဆီကို ရောက်လာတာ ကောင်းဖို့လား ဆိုးဖို့လားဆိုတာ မသိတော့ပါဘူး"

ဟု တွေးတောနေစဉ် ကမ်းစပ်ဘက်မှ လှေဆိုက်ကပ်သံ ကြားရလေသည်။

နီမောင်က လှမ်းကြည့်လိုက်တော့ လူကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ သူတို့တဲရှိရာသို့ တက်လာသည်ကို လှမ်းမြင်ရသည်။

ခဏကြာတော့ တဲပေါက်ဝ ရောက်လာသဖြင့် နီမောင်က အပြင်ဘက်သို့ ထွက်သွားသည်။

"ဘာကိစ္စရှိကြလို့ပါလဲ"





"ဒါ မှင်စာငတေ ရှိတဲ့အိမ် ဟုတ်ပါသလား"

"ဟုတ်. . ဟုတ်ပါတယ်"

နီမောင်က ကယောင်ကတမ်းနှင့် ပြန်ဖြေလိုက်သည်။

"ကျုပ်တို့ကို အဘိုးလွှတ်လိုက်တာပါ၊ မိတ်ဆွေလေးတို့မှာ အခက်အခဲတစ်ခု ကြုံနေရတယ်လို့ ပြောလိုက်ပါတယ်၊ အဲဒီအတွက် စိတ်မပူဖို့ မှာလိုက်ပါတယ်"

ထိုလူကြီးက ပြောသည်။

"ဘယ်. . ဘယ်လိုလုပ်ရမလဲဟင်"

"မနက်ဖြန်ကျတော့ နက်ကျော်သေတဲ့နေရာကိုသာ သူတို့ကို ခေါ်လာခဲ့ပါ၊ ဘယ်လိုသေတယ်ဆိုတာ တွေ့ရပါလိမ့်မယ်၊ အခု နက်ကျော်က ကျုပ်တို့နေရာနဲ့ မဝေးတဲ့နေရာမှာ ရှိတဲ့ကျွန်းမှာ သရဲဖြစ်နေပါပြီ"

"ဟင်. . ."

ထိုစကားကြားသောအခါ နီမောင်မှာ များစွာထိတ်လန့်သွားလေသည်။

"ကျုပ်တို့ကို ဘာမှမကြောက်ပါနဲ့၊ ကျုပ်တို့က အန္တရာယ်မပေးပါဘူး၊ မှင်စာငတေကို စောင့်ရှောက်ပေးထားတဲ့အတွက် ကျေးဇူးဆပ်ဦးမှာပါ"

"ဟုတ်ပါတယ်ရှင်. . . ဒီက မောင်ကြီးတို့ကို ကျွန်မတို့က အကူအညီပေးမှာ၊ မနက်ဖြန်ရောက်တော့ သူတို့ကို ခေါ်လာခဲ့ပါ၊ နက်ကျော် ဘယ်နေရာမှာ ဘယ်လိုသေတယ်ဆိုတာ ပြပါ့မယ်"

ဟု မိန်းကလေးကပါ ဝင်ပြောပြီး နှစ်ယောက်စလုံး ကမ်းစပ်သို့ ပြန်ဆင်းသွားကြလေသည်။

ခဏကြာတော့ လှေတစ်စင်း ပြန်ထွက်သွားသည့်အသံကို ကြားလိုက်ရသည်။

နောက်တစ်နေ့ မနက်လင်းတော့ နီမောင်ကိုယ်တိုင် သူကြီးအိမ်သို့ သွားလေသည်။

"စောစောစီးစီး ဘာကိစ္စလဲ နီမောင်"

"ဒီကနေ့ ကိုနက်ကျော် သေတဲ့နေရာကို သွားရင် သူ ဘယ်လိုသေခဲ့တယ်ဆိုတာ သိရပါလိမ့်မယ်"

"မင်းဟာ သေချာလို့လားကွ"

"တကယ်လို့ မဟုတ်ဘူးဆိုရင် ကျွန်တော့်ကို တစ်ခါတည်းသာ ဖမ်းလိုက်ပါတော့ သူကြီး"

ဟု ရဲရဲဝံ့ဝံ့ ပြောရာ သူကြီးဦးသာကျော်ပင် စိတ်ဝင်စားသွားလေသည်။

"ကောင်းပြီလေ. . . မင်းပြောတဲ့အတိုင်း လိုက်ကြည့်ရမှာပေါ့"

ဟု ပြောကာ နီမောင်တို့က လှေတစ်စင်း၊ နက်ကျော်တပည့်နှစ်ယောက်က လှေတစ်စင်းအပြင် သူကြီးနှင့် ၎င်း၏ အလုပ်သမားက လှေတစ်စင်းနှင့် လိုက်လာကြသည်။

သူကြီးဦးသာကျော်၌ ပုလဲရှာဖွေခြင်းလုပ်ငန်းနှင့် ငါးဖမ်းသောလုပ်ငန်းများ ရှိလေသည်။

၎င်းဆီမှ အလုပ်သမားများမှာ သာမန်မဟုတ်ဘဲ ရေငုပ်





ကိရိယာများ အသုံးပြု၍ ငုတ်ကြခြင်းဖြစ်သည်။

ထိုလုပ်ငန်းများကို သားဖြစ်သူ ပန်းစိန်က ဦးစီးလုပ်ကိုင်လေသည်။ ပန်းစိန်မှာ အသက်(၂၅)နှစ်ခန့် ရှိပြီး နီမောင်နှင့် ရွယ်တူဖြစ်လေသည်။

ယခုလည်း ၎င်းတို့လှေပေါ်မှာ သူကြီးနှင့်အတူ ပန်းစိန်လည်း လိုက်ပါလာလေသည်။

မရဏအငူကွေ့အနီးသို့ ရောက်တော့ နက်ကျော်၏ တပည့်နှစ်ယောက်က သူတို့ ရေငုတ်ခဲ့သောနေရာကို ပြပေးသည်။

"ကိုနက်ကျော် ရေငုတ်ခဲ့တာ ဒီနေရာပဲ"

သို့ကြောင့် ထိုနေရာမှာ ရပ်တန့်လိုက်ပြီး ရေထဲ ဆင်းရန် ပြင်ကြလေသည်။

နီမောင်နှင့် နက်ကျော်၏တပည့်နှစ်ယောက်အပြင် ပန်းစိန်နှင့် တခြားတစ်ယောက်တို့ပါ ရေထဲ ဆင်းကြရန် ပြင်လေသည်။

၎င်းတို့နှစ်ယောက်က ပုလဲငုတ်ရာ၌ အသုံးပြုသောကိရိယာများကို ဝတ်ဆင်ကြသည်။

စုစုပေါင်း ငါးယောက် ရေအောက်သို့ ဆင်းကြမည်ဖြစ်သည်။

ရေအောက်သို့ ရောက်သောအခါ နီမောင်က ရှေ့မှ သွားပြီး ကျန်လေးယောက်က နောက်မှ လိုက်ကြလေသည်။ ကျန်လေးယောက်တို့မှာ နီမောင်က ရှေ့မှ သွားသောကြောင့်သာ

နောက်မှ လိုက်ရသော်လည်း ထိတ်လန့်နေကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုနေရာမှာ အန္တရာယ်များသောကြောင့်ဖြစ်သည်။

တစ်နေရာရောက်သောအခါ ရှေ့မှ မည်းမည်းသဏ္ဍာ တစ်ခု ပေါ်လာပြီး ရှေ့မှ ကူးသွားရာ နီမောင်ကလည်း နောက် လိုက်သွားလေရာ ကျန်လူများကလည်း နောက်မှ လိုက်ခဲ့ကြ သည်။

နီမောင့်ရှေ့ဘက်မှ ကူးသွားသောသဏ္ဍာန်မှာ လူပုငယ် ယောက်နှင့် သဏ္ဍာန်တူသဖြင့် နောက်မှ လေးယောက်မှာ အံ့ဩ ခြင်းနှင့်အတူ ထိတ်လန့်နေကြသည်။

ဤသို့ဖြင့် နက်ကျော်သေဆုံးသောနေရာ ရောက်သော အခါ ရှေ့မှ သွားနေသော လူပုလေးက လက်ညှိုးထိုးပြသဖြင့် ထို နေရာသို့ သွားကြည့်ကြရာ ကျောက်တုံးနှစ်ခုကြားမှာ ညပ်နေ သော လက်ပြတ်တစ်ဖက်ကို တွေ့ရသည်။

ထိုလက်ပြတ်ကို ဆွဲထုတ်ကြည့်သော်လည်း မရသဖြင့် အသေအချာ ကြည့်သောအခါ ကမာကောင်တစ်ကောင်၏ ပါးစပ်ထဲမှာ ညပ်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြင့် လူအားဖြင့် ကျောက်တုံးကြီးကို ဖွဲ့ထုတ်ပြီး ကမာ ကောင်ကိုပါ ယူ၍ ရေပေါ်သို့ ပြန်တက်ခဲ့ကြလေသည်။

လှေပေါ်သို့ ပြန်ရောက်သောအခါ လက်ပြတ်ကြီးကို ကိုက်ထားသည့် ကမာကောင်ကြီးကို တွေ့ရသောအခါ အားလုံး အံ့ဩထိတ်လန့်နေကြတော့သည်။





"ကိုနက်ကျော်ကို သတ်လိုက်တာ ဒီကမာကောင်ကြီးပါ သူ့ကြောင့် သေရတာပါ၊ ကမာကောင်ပါးစပ်ထဲက ပုလဲလုံး နှိုက်ယူတဲ့အချိန်မှာ ပါးစပ်ပိတ်သွားတော့ လက်က ပြန်နှုတ် မရတော့ဘူး၊ ကမာကောင်ကလည်း ကျောက်တုံးကြားမှာ ညပ်နေတော့ ဆွဲထုတ်လို့ မရတော့တာပါ၊ ဒါကြောင့် သူ့လက် ဓါးနဲ့ ဖြတ်ပြီး အပေါ်ပြန်တက်တဲ့အချိန်မှာ သွေးနံ့ကြောင့် ငါးမန်းတွေ ဝိုင်းလာပြီး အခုလို သေရတာ ဖြစ်မှာပါ"

နီမောင်က အကျိုးအကြောင်း ရှင်းပြတော့ အားလုံး အံ့ဩနေကြသည်။

သူတို့ကိုယ်တိုင် ရေအောက်မှာ ကျောက်တုံးကြားမှာ ညပ်နေသော ကမာကောင်ကြီးကို တွေ့ခဲ့ရသဖြင့် နီမောင်ရှင်းပြ သည်များကို လက်ခံကြရတော့သည်။

နီမောင်က ကမာကောင်၏ပါးစပ်ကို ဓါးဖြင့် ဟလိုက်ပြီး လက်ပြတ်ကြီးကို ထုတ်ယူကာ ပင်လယ်ထဲသို့ ပစ်ချလိုက်သည်။

ပြီးမှ ပုလဲလုံးကို ထုတ်ယူကာ အများမြင်သာအောင် ပြလိုက်သည်။

"ဟင်. . . ပုလဲနက်ကြီးပါလား"

ကမာကောင်၏နှုတ်ခမ်းသားတဝိုက်မှာ အမည်းရောင် များ ရှိနေသည်ကို မြင်ကတည်းက အတွင်း၌ ပုလဲနက်လုံး ရှိနေ လိမ့်မည်ဟု ထင်ထားသည့်အတိုင်း ပုလဲနက်ကြီးကို တွေ့ရ သဖြင့် နီမောင့်အနေနှင့် အံ့ဩခြင်းတော့ မဖြစ်မိတော့ပေ။

"တကယ်လို့ ကျွန်တော်ပြောတာကို မယုံကြည်ရင် နတ်

ဆရာကို ကိုနက်ကျော်ရဲ့ဝိညာဉ်ကို ခေါ်ပြီးမေးကြည့်ရင် သိ
ရမှာပေါ့"

"ခေါ်မမေးတော့ပါဘူးကွာ. . အခု မင်းပြတဲ့သက်
ထက် ခိုင်လုံတာ မရှိတော့ပါဘူး၊ ငါ့တစ်သက်တော့ ဒီလော
အံ့ဩစရာကောင်းတဲ့ အဖြစ်အပျက်မျိုး တစ်ခါမှ မကြုံဖူးသေး
ဘူးကွာ"

ဟု သူကြီးဦးသာကျော်ကိုယ်တိုင် ဝန်ခံရတော့သည်

"ရော့. . . ဒီပုလဲနက်ကြီးကို သူကြီးကပဲ ယူပြီး ကိုန
ကျော် မိန်းမလက်ထဲကို ထည့်ပေးလိုက်ပါ၊ သူ့ယောက်
အသက်နဲ့ လဲပြီး ရှာထားတဲ့ပစ္စည်းဆိုတော့ သူတို့ပဲ ရသင့်
တယ်၊ ဒီပစ္စည်းကို ရောင်းရင် သူ့အတွက်လည်း ရင်းနှီး
သောက်လို့ ရမယ်၊ နောက်ပြီး ကိုနက်ကျော်အတွက်လည်
ကုသိုလ်ကောင်းမှု လုပ်ပေးပါလို့ ဆက်ဆက်ပြောလိုက်ပါ"

ဟု ပြောကာ ပုလဲနက်ကြီးကို သူကြီးဦးသာကျော်လ
ထဲ ထည့်ပေးခဲ့ပြီး နီမောင်တို့လှေက ထွက်ခွာသွားလေတော့
သည်။

နက်ကျော်၏တပည့်နှစ်ယောက်ကလည်း အကျိုး
ကြောင်း ပြောပြရန် ရွာသို့ ပြန်သွားကြလေသည်။

ထိုနေရာမှာတော့ ဦးသာကျော်တို့ လှေတစ်စင်းသာ
ကျန်ခဲ့တော့သည်။

"အဖေ. . . ဒီပုလဲနက်ကြီး ရတာတော့ ဟန်ကျတာ
တန်ဖိုးက နည်းမှာမဟုတ်ဘူးနော်"





"ဒါပေါ့ကွ. . . ဒီပုလဲနက်တစ်လုံး ရောင်းလိုက်ရင် ငွေ
နည်းရမှာ"

"ဒီပုလဲနက်ကြီးကို ကိုနက်ကျော်မိန်းမကို ပေးလိုက်မှာ
အဖေ"

"ဟာ. . . ဘယ်ပေးလို့ဖြစ်မှာလဲ၊ သူတို့က ဘာမှ နား
တာ မဟုတ်တော့ ကုန်သည်တွေရဲ့ လိမ်တာ ခံရမှာပေါ့"

"ဒီတော့ ဘယ်လိုလုပ်မှာလဲ"

"ဒီပုလဲနက်ကြီးကို ငါတို့ယူထားပြီး နက်ကျော်မိန်းမကို
နည်းနည်းပါးပါး ပေးလိုက်ရင် ပြီးတာပဲပေါ့ကွာ"

"ဟာ. . . ဟန်ကျတာပေါ့ အဖေရဲ့၊ ဒါထက် ရေ
အက်ဆင်းတော့ နီမောင်ရှေ့က မည်းမည်းသဏ္ဌာန်တစ်ခု
သွားတာ လှမ်းမြင်လိုက်ရတယ်"

"ဘာကောင်လဲ"

"ကျွန်တော်တို့လည်း သေသေချာချာတော့ မမြင်ရဘူး၊
ဒီသတ္တဝါ ပြပေးလို့ ဒီပုလဲနက်ကို ရခဲ့တာ"

"ဆန်းတော့ အဆန်းသားပဲ"

"နောက်ပြီး မရဏအငူကွေ့နားမှာ ပုလဲနက်တွေ ရှိ
ယ်လို့သာ သတင်းကြားရတာ၊ တစ်ခါမှ မရခဲ့ဖူးကြသေးဘူး၊
ခုမှ တွေ့ဖူးကြတာ၊ ဒီအတိုင်းဆိုရင် နောက်ထပ်ပုလဲနက်တွေ
ဦးမှာ သေချာတာပေါ့နော်"

"ရှိနိုင်တာပေါ့ကွာ. . . ရှေးကလူတွေ ပြောပုံအရဆိုရင်
နေရာက မီးတောင်ပေါက်ကွဲပြီး ရွာတွေပျက်၊ လူတွေ သေခဲ့ဖူး

တယ်လို့ ပြောသံကြားရတယ်၊ မီးတောင်ပေါက်ကွဲဖူးတဲ့နေ တွေမှာ ပုလဲနက်တွေ ရှိနိုင်တာပေါ့”

“ဒါဖြင့် ကျွန်တော်တို့အတွက် နေရာကောင်းတ တွေ့ပြီပေါ့၊ အရင်က ဒီနေရာမှာ အန္တရာယ်များတယ် ဘယ်သူမှ မလာဝံ့ကြဘူး၊ နောက်ပိုင်းတော့ ကျွန်တော် ဒီဘက်ကို နေရာပြောင်းပြီး အလုပ်လုပ်ကြရမယ်”

ဟု ပန်းစိန်က အားရပါးရ ပြောနေလေရာ ကျန်အလု သမားများကတော့ ထိုနေရာသို့ ရွှေ့ပြောင်း၍ အလုပ်လုပ် ဆိုသောကြောင့် စိတ်မသက်မသာ ဖြစ်နေကြလေသည်။

ထိုအခိုက်မှာပင် စောစောက ငြိမ်သက်နေသော မျက်နှာပြင်မှာ ဝဲကတော့များ လည်လာလေသည်။

ခဏကြာတော့ ဝဲကတော့မှ သူတို့လှေကို ပတ်ချာလည် နေရာ ဝဲနှင့်အတူ ပါလာသော လက်ပြတ်ကြီးတစ်ဖက်က လှေ အနီးမှာ ဝဲလည်နေတော့သည်။

ထိုအရာကို မြင်သောအခါ ဆက်မနေဝံ့ကြတော့ပဲ ထို နေရာမှ အမြန်ဆုံး ပြန်ထွက်ခဲ့ကြရလေသည်။

သူတို့ထွက်လာပြီး အတော်ဝေးဝေး ရောက်ကာမှ နောက်ဘက်တစ်နေရာဆီမှ ပင်လယ်ဟီးသံကဲ့သို့ အသံမျိုးကြီးကို ကြားလိုက်ရသေးသည်။





## အခန်း(၁၁)

## မရဏာအငူမှ ပရလောကသားတို့၏နေရာ

ရွာလူကြီး ဦးသားကျော်တွင် ပန်းစိန်ဆိုသော သားတစ် ယောက်နှင့် မြလေးဆိုသော သမီးတစ်ယောက် ရှိလေသည်။

ပန်းစိန်က (၂၅)နှစ်အရွယ်ခန့်ရှိပြီး မြလေးက (၁၈)နှစ် ခန့်သာ ရှိသေးသည်။

မြလေးက အစ်ကိုဖြစ်သူ ပန်းစိန်နှင့် စရိုက်ချင်း မတူ ပေ။ ရုပ်ရည်ချောမောသလောက် စိတ်ထားဖြူစင်သူဖြစ်သည်။ တစ်နေ့တော့ သူမ၏ဖခင်မှာ ပုလဲနက်တစ်လုံး ရလာသည်ကို သိရပြီး မည်သို့မည်ပုံ ရလာခဲ့သည်ကို စုံစမ်းကြည့်သောအခါ

အနည်းငယ်မျှသာ သိရလေသည်။

ထိုပုလဲနက်မှာ နီမောင်ရှာဖွေပေးသဖြင့် ရရှိခဲ့သည်... သိသောအခါ နီမောင်ဆီသို့ သွားလေသည်။

နီမောင်တို့ တဲသို့ ရောက်သောအခါ နီမောင်နှင့်အ... နက်ကျော်၏မိန်းမပါ ရောက်နေသည်ကို တွေ့ရလေသည်။

"ငါ့မောင်ရယ်. . . မင်းအပေါ်မှာ အထင်လွဲပြီး စွပ်စွဲခဲ့... မိတာတွေကို အစ်မတောင်းပန်ပါတယ်ကွယ်၊ ဒီမှာ သူကြီးက... ကိုနက်ကျော်အတွက် ကုသိုလ်လုပ်ဖို့ ပိုက်ဆံလာပေးတယ်၊ အဲဒါ မင်းတို့ကပဲ ကုသိုလ်ကောင်းမှု လုပ်ပေးကြပါကွယ်"

ဟု ပြောဆိုကာ သူကြီးဦးသာကျော် လာပေးသွားသော ငွေကို နီမောင်အား ပေးသည်။

ငွေမှာ ရာဂဏန်းမျှသာ ရှိလေသည်။

"ပိုက်ဆံက ဒါပဲလား အစ်မ"

"ဒါအကုန်ပါပဲကွယ်"

နီမောင်မှာ များစွာအံ့သြသွားသည်။

သူပေးခဲ့သော ပုလဲနက်ကို ရောင်းချပါက အနည်းဆုံး ထောင်ဂဏန်း၊ သောင်းဂဏန်းအထိ ရနိုင်ပါလျက်နဲ့ ယခုကဲ့သို့ ရာဂဏန်းမျှသာ ပေးခဲ့သဖြင့် အံ့သြနေခြင်းပင်ဖြစ်၏။

သို့သော်လည်း မတတ်နိုင်တော့ပေ။

"စိတ်မပူပါနဲ့ အစ်မရယ်၊ ကျွန်တော်တို့ ဝိုင်းဝန်းကူညီပြီး ဖြစ်အောင်လုပ်ပေးပါ့မယ်"

ဟု ပြောလိုက်သောအခါ ထိုမိန်းမမှာ ပြန်သွားလေ





...သည်။

ထိုအချိန်တွင် မြလေးရောက်လာလေသည်။

နီမောင်က နက်ကျော်မိန်းမ ပေးထားခဲ့သော ငွေအချို့... ရှေ့မှာ ချထားလေသည်။

"လာလေ မြလေး. . . ဘာကိစ္စရှိလို့လဲ"

"နင့်ကို မေးစရာရှိလို့ လာခဲ့တာပါ"

"ဘာမေးမှာလဲဟင်"

"အဖေတို့ ရလာတဲ့ ပုလဲနက်က နင်ရှာပေးလိုက်တာဆို ...ုတ်လား"

"တကယ်တော့ ဒီပုလဲနက်ကို ပထမဆုံး ရှာတွေ့တဲ့သူ ...က ကိုနက်ကျော်ပါ"

"အဲဒီလိုဆိုရင် ငါ့ကို အကြောင်းစုံ ပြောပြစမ်းပါဟာ၊ ...ါသိချင်လို့ပါ"

ဟု မေးသဖြင့် နီမောင်က အဖြစ်အပျက်များကို အကျဉ်းချုပ်ကာ ပြောပြလိုက်လေသည်။

"ထူးဆန်းလိုက်တာ. . . ဒါဖြင့် ဒီပုလဲနက်က ကိုနက် ...ကျော်မိန်းမ ပိုင်သင့်တာပေါ့နော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် နင်က ဘာဖြစ်လို့ အဖေ့လက်ထဲ ထည့်ပေး လိုက်တာလဲဟင်"

"သူက တို့ရွာရဲ့သူကြီး မဟုတ်လား၊ ဒါကြောင့် သူ့ကိုပဲ ...ပေးလိုက်တာပါ"

"ဒါ ကိုနက်ကျော်မိန်းမကို အဖေပေးတဲ့ငွေ မဟုတ်လား"

မြလေးက နီမောင်ရှေ့မှာ ချထားသောငွေများကို ကြည့်ရင်း မေးလိုက်ရာ နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

မြလေးက ထိုငွေကို ကြည့်ပြီး မျက်စိမျက်နှာပျက်နေလေသည်။

ထိုအခြေအနေကို ရိပ်မိသော နီမောင်က. . .

"ဒီအတွက် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ လူကြီးက သင့်မယ်ထင်လို့ စီစဉ်ပေးတာ ဖြစ်မှာပါ"

ဟု ပြောလိုက်လေသည်။

"နောက်. . နင့်ကို မေးစရာရှိသေးတယ် နီမောင်"

"ဘာမေးမှာလဲ"

"နင်တို့ ပင်လယ်ထဲက ရလာတဲ့ကလေးက မှင်စာဝင်စားတဲ့ ကလေးဆို. . . ဟုတ်လား"

"နင့်ကို ဘယ်သူက ပြောလို့လဲ"

"ငါ စောထီးတို့ ငမဲအောင်တို့နဲ့ တွေ့တုန်းက မေးကြည့်ပြီးပြီ၊ သူတို့ပြောပြလို့ အားလုံးသိပြီးပါပြီ၊ နင်က အဲဒီမှင်စာလေးကို မြင်လို့ရတယ်ဆို. . . ဟုတ်လား"

"အိပ်မက်ထဲမှာ မြင်ရတာပါ"

"နောက်ပြီး နင်ကို သူတို့နေတဲ့နေရာကို ခေါ်သွားသေးတယ်ဆို၊ ငါ့ကို ပြောပြစမ်းပါ နီမောင်ရယ်"

"နင်က အဲဒီလိုအကြောင်းတွေကို စိတ်ဝင်စားလို့လား"





"စိတ်ဝင်စားတာပေါ့. . . ငါက ပရလောကသားတွေ အကြောင်းဆိုရင် သိပ်ပြီးစိတ်ဝင်စားတာ"

ဟု ပြောသဖြင့် နီမောင်က သူအိပ်မက်မက်သော အကြောင်းအချို့ကို ပြန်ပြောလိုက်သည်။

"ငါ့အိပ်မက်ထဲမှာ ကိုနက်ကျော် သေမယ့်အကြောင်းကို ကြိုပြီးသိခဲ့ရသေးတယ်၊ ဒါကြောင့် သူ့ကို သွားပြီးသတိပေးခဲ့ပေမယ့် သူက လက်မခံခဲ့ဘူး"

"ဒါကြောင့် သူသေသွားတော့ နင့်အပေါ် အမှုလာပတ်တာပေါ့၊ ဒါထက် နောက် ဘယ်သူတွေအကြောင်းလည်း သိခဲ့ရသေးလဲ"

နီမောင်က ပန်းစိန်အကြောင်းကို ပြောရန်မသင့်သဖြင့် ဆက်မပြောတော့ပေ။

"ငါတော့ အဲဒီတစ်ယောက်ကိုပဲ သိခဲ့ရတယ်"

"ဒါထက် စောထီးက ငါ့ကို ပြောလိုက်တော့ နင်သိခဲ့တာ နှစ်ယောက်လို့ ပြောတယ်၊ တစ်ယောက်က ကိုနက်ကျော်၊ နောက်တစ်ယောက်က ဘယ်သူလဲဟင်"

"မသိချင်ပါနဲ့ဟာ. . . ငါလည်း မမှတ်မိတော့ပါဘူး"

ဟုသာ ငြင်းကွယ်လိုက်သည်။

မြလေးကတော့ နီမောင်ထံမှ သိလိုတာ မသိရသဖြင့် ကျေနပ်ဟန် မတူပေ။

"နင့်အိပ်မက်က ထူးဆန်းတာတော့ အမှန်ပဲ၊ အောင်ဘာရွာက ဖဲသမားတစ်ယောက် ဂျက်ထားတဲ့ ပိုက်ဆံတွေ ရှာ

တွေ့တာရော၊ ကိုစိန်မှတ်ကြီးရဲ့မိန်းမကို အလှူလုပ်ပေးတာရော နှင့်အိပ်မက်ကြောင့်လို့ ပြောတယ်၊

နှင့်အိပ်မက်ထဲကအတိုင်းဆိုရင် ကိုနက်ကျော်တစ်ယောက်တော့ သေသွားရှာပြီ၊ ဒါဟာ တိုက်ဆိုင်တယ်ဆိုရင်တောင် အတော်ကလေး ထူးခြားဆန်းကြယ်တဲ့ တိုက်ဆိုင်မှုပဲ၊

ငါစိတ်ဝင်စားတာက နှင့်အိပ်မက်ထဲမှာ သေဖို့ သတ်မှတ်ထားတဲ့ နောက်တစ်ယောက်က ဘယ်သူလဲဆိုတာပဲ၊

နင်မပြောရင်လည်း တစ်နေ့ကျတော့ အဖြေပေါ်လာရမှာပါပဲ”

ဟု ပြောကာ နေရာမှ ထသည်။

ပြီးလျှင် သူမယူလာသောငွေအချို့ကို နီမောင်လက်ထဲသို့ ထည့်လေသည်။

“ဒါ ကိုနက်ကျော်မိန်းမ ကုသိုလ်ကောင်းမှုပြုတဲ့အခါ ထည့်ပြီးလှူပေးပါ၊ ဒါ ငါစုထားတဲ့ငွေနဲ့ လှူတာပါ”

ဟု ပြောပြီး ပြန်သွားလေတော့သည်။

ထိုအချိန်မှစ၍ ပုလဲနက်တစ်ရွာလုံး လွန်စွာစိတ်ဝင်စားဖွယ် ထိတ်လန့်ဖွယ်ကောင်းသော သတင်းတစ်ခုမှာ နေ့ချင်းညချင်း ပေါ်ထွက်လာခြင်းဖြစ်တော့သည်။

အခြားမဟုတ်ပေ. . .။

နက်ကျော် သေပြီးနောက်တွင် ပုလဲနက်ရွာမှ နောက်ထပ်တစ်ယောက် သေဆုံးရမည်ဆိုသော သတင်းပင် ဖြစ်သည်။

ထို့ထက်ပို၍ စိတ်ဝင်စားဖွယ် ကောင်းသောအချက်က





ထိုသေမည့်သူ၏နာမည်ကို ကြိုတင်သိနေခြင်းပင်ဖြစ်သည်။ ထိုနာမည်ကို ကြိုသိသူက နီမောင်ဖြစ်ပြီး နီမောင်က ကြိုတင်မပြောသဖြင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိကြရပေ။

ထိုသို့ မသိရခြင်းကပင် အားလုံးအတွက် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေလေတော့သည်။

ဘယ်သူမှန်း မသိရသောကြောင့် မကြာခင် ရောက်လာတော့မည့် သေမင်းခေါ်သံမှာ အားလုံးထဲမှ တစ်ယောက်ယောက်နှင့်တော့ သက်ဆိုင်နေမည်မှာ အမှန်ဖြစ်၏။

အချို့ကလည်း နီမောင်ကို ပွင့်ပွင့်လင်းလင်းပင် လာမေးလေသည်။

“မင်းသိတယ်ဆိုရင်လည်း ဖွင့်သာပြောစမ်းပါ နီမောင်ရယ်၊ ငါတို့က မကြောက်တတ်ပါဘူး၊ အားလုံးက တစ်နေ့ကျရင် သေရမယ့်လူတွေချည်းပါပဲ”

“ဟုတ်ပါတယ်ကွာ. . . ငါတို့တတွေက ပင်လယ်ထဲမှာ အလုပ်လုပ်ကြတယ်ဆိုတာ သေမင်းနဲ့ နပန်းလုံးနေကြရတာ မင်းလည်း သိပါတယ်၊ သေရမှာလည်း မကြောက်ပါဘူး၊ အခုလို တအုံ့နွေးနွေးနဲ့ နေရတာ စိတ်ထဲမှာ မတင်မကျနဲ့ ဖြစ်နေလို့ပါ”

“နီမောင်. . . မင်းနဲ့ငါတို့နဲ့က လုပ်ဖော်ကိုင်ဖက်တွေပဲကွာ၊ ငါတို့နာမည်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်းသာ ပြောပါကွာ၊ စိတ်မဆိုးပါဘူး”

“တကယ်လို့ ကြိုသိရတော့ ပိုကောင်းတာပေါ့၊ မသေခင် ကြိုတင်ပြင်ဆင်စရာ ရှိတာလေးတွေ ပြင်ထားခဲ့ရတာပေါ့”

ဟု အမျိုးမျိုး လာပြောနေကြသော်လည်း နီမောင်-
ဘယ်သူ့ကိုမှ ဖွင့်မပြောပေ။

"ကိုနက်ကျော် သေရတာက အိပ်မက် မက်တာနဲ့ တို-
ဆိုင်သွားလို့ပါ၊ ကျွန်တော်သိတာ မဟုတ်ပါဘူး၊ နောက်ပြီး
ကျွန်တော်က အဲဒီလို ကြိုသိနိုင်တဲ့ အကြားအမြင် ရနေသူလည်း
မဟုတ်ပါဘူး၊ သေတဲ့ကိစ္စက ဘယ်သူမှ ကြိုမသိနိုင်ပါဘူး၊ ကျွန်
တော်လည်း အချိန်မရွေး သေချင်သေမှာပါပဲ"

ဟုသာ အဖြေပေးနေသဖြင့် သိပ်တော့ ဘဝင်မကျကြ
ပေ။

နီမောင်မှာလည်း အလုပ်ကိုပင် ဖြောင့်အောင် မလုပ်နိ
တော့လောက်အောင် ဖြစ်နေတော့သည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"

နီမောင်က ဦးမွန်ထော်ကို မေးသည်။

"ဒါကတော့ မင်းစခဲ့တဲ့ဇာတ်ဆိုတော့ မင်းပဲ ရှင်းရမှာပဲ
လူတွေက ဘယ်နေ့ သေမယ်မှန်း မသိလို့သာ မကြောက်ကြတာ
ဟ၊ အခုလို သေမယ့်ရက်ကို တစွန်းတစ သိရုံနဲ့တင် အတော်
ကြောက်တတ်ကြပါလား"

ဟု မှတ်ချက်ချသည်။

"ကျွန်တော်လည်း အတော့်ကို စိတ်ညစ်လာပြီဗျ၊ အမှန်
တိုင်း ဖွင့်ပြောလိုက်ရတာ ပိုကောင်းမလားပဲ"

"ပိုဆိုးသွားမှာပေါ့. . . တစ်အချက်က မင်းပြောလိုက်
ရင် ကာယကံရှင်အတွက် ဥပါဒါန် ဖြစ်သွားမှာပေါ့၊ နှစ်အချက်





က ဒါက မှန်မမှန် သိနိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူး၊ ပရလောကသား
ပြောတာအားလုံးကိုလည်း အမှန်ယူလို့ ရချင်မှရမှာပေါ့၊

မဟုတ်ရင် မင်းအပေါ် တစ်မျိုးမြင်ကြလိမ့်မယ်၊ ဒီကိစ္စ
မျိုးက မှန်ရင်လည်းမကောင်း၊ မှားသွားရင်လည်း မကောင်းတဲ့
ကိစ္စမျိုးပဲ၊

ဒီတော့ မသိကျိုးကျွံသာ နေလိုက်ပေတော့"

ဟု အကြံပေးသဖြင့် နောက်ထပ် ဘယ်သူ့ကို ဘာမှ
မပြောတော့ပေ။

နောက်ရက်တွင် နက်ကျော်တို့အိမ်သို့ သွားကာ ဆွမ်း
ကျွေးရန်ကိစ္စအတွက် ဝိုင်းဝန်းကူညီကြလေသည်။

ထိုညက နီမောင်တို့ သုံးယောက်စလုံး ထိုအိမ်မှာပင်
အိပ်ကာ ဝေယျာဝစ္စ ဆောင်ရွက်ပေးကြလေသည်။

ထိုသို့ ဆောင်ရွက်ပေးနေရင်း ညဉ့်နက်ပိုင်း ရောက်
တော့ တဲပေါ်မှာ အိပ်နေသော ကလေးများ စူးစူးဝါးဝါး ထငိုကြ
သံကို ကြားလိုက်ရသည်။

"နီမောင်. . . ကလေးတွေ ငိုသံကြားရတယ်၊ ကိုနက်
ကျော်ကြီးများ ရောက်လာပြီလား မသိဘူး"

"ရက်လည်ဆွမ်းသွပ်တော့မှာဆိုတော့ လာချင်လည်း
လာမှာပေါ့"

ခဏကြာတော့ ရေနွေးအိုး တည်နေသော လူတစ်
ယောက်က နီမောင်တို့ ရှိရာသို့ ပြေးလာလေသည်။

"နီမောင် လုပ်ပါဦးဟ"

"ဘာဖြစ်လို့လဲ ကိုသာဝ"

"ငါ ရေချိုးကျိုနေတုန်း နောက်ဖက်က သစ်ကိုင်းခြောက်နဲ့ လှမ်းပေါက်လို့ လှည့်ကြည့်လိုက်တော့ တောစပ်မှာ မည်းမည်းကြီး ရပ်နေတာ တွေ့ရတယ်"

"ကိုနက်ကျော် လာတာဖြစ်မှာပေါ့"

"ဟာကွာ. . . ငါတစ်ယောက်တည်းတော့ မနေဝံ့တော့ဘူး၊ မင်းတို့ပါ လာစောင့်ကြဦး"

ဟု အတင်းခေါ်သဖြင့် စောထီးနှင့် ငမဲအောင်တို့ အဖော်လိုက်သွားရလေသည်။

နီမောင်မှာ ကနဖျင်းထဲ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ သူသည် တစ်နေကုန် ပင်ပန်းလာသောကြောင့် ဖျာပေါ်မှာ လှဲနေရင်း အတွေးကောင်းနေစဉ် နောက်ဘက်တောစပ်မှ ခြေသံလိုလို ကြားရသဖြင့် ကပျာကယာ ထကြည့်လိုက်တော့ တောစပ်မှာ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် ရပ်နေသည်ကို တွေ့ရလေသည်။

နီမောင်စိတ်ထဲမှာတော့. . .

"အော်. . . ကိုနက်ကျော်တစ်ယောက် အမျှလိုချင်လို့ ရောက်လာတာ ထင်ပါရဲ့"

ဟု တွေးမိလေသည်။

နောက်တစ်နေ့မနက်ပိုင်း ရောက်သောအခါ ဘုန်းကြီးပင့်၍ ဆွမ်းကျွေး၊ သင်္ကန်းကပ်ကာ ရေစက်ချ အမျှအတမ်းဝေပေးလိုက်သည်။





ပြီးလျှင် နီမောင်လက်ထဲမှာ ပိုနေသောငွေများအားလုံး နက်ကျော်မိန်းမအား ပေးထားခဲ့လေသည်။

နောက်တစ်နေ့ညမှာ နီမောင်သည် အိပ်မက်ထဲမှာ နက်ကျော်ကို ပြန်တွေ့ရသည်။

သူသည် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီး လက်တစ်ဖက်ပြတ်နေပေ။

"အခုလို ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှတမ်း ဝေပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ မင်းသတိပေးတာကို နားမထောင်လို့ ငါသေရတာပါ၊ ငါ့လက်တစ်ဖက်နဲ့ အသက်ဆုံးခံပြီး ရှာခဲ့ရတဲ့ ပုလဲနက်ကြီးကို မတရားယူထားတဲ့လူတွေကိုတော့ ငါမကျေနပ်ဘူး၊ သူတို့ကို ကောင်းကောင်းဒုက္ခပေးရလိမ့်မယ်"

ဟု ပြောကာ ပြန်ပျောက်သွားသည်။

ထိုနေ့မှစ၍ နောက်ပိုင်းရက်များမှာ သူကြီးဦးသာကျော်၏ နေအိမ်မှာ ခြောက်လှန့်မှုအမျိုးမျိုးနှင့် ကြုံရလေတော့သည်။

ညဉ့်နက်ပိုင်း ရောက်လာလျှင် တောစပ်ဘက်မှသော်လည်းကောင်း၊ အိမ်ပတ်ဝန်းကျင်တဝိုက်မှသော်လည်းကောင်း အသံနက်ကြီးဖြင့် အော်သံကို ကြားရလေသည်။

"ငါ့ပုလဲနက်ကြီး ပြန်ပေး၊ ငါ့ပုလဲနက်ကြီး ပြန်ပေး"

ထိုအသံကြီးကို ကြားသောအခါ တစ်အိမ်လုံး ကြောက်၍ တုန်လှုပ်ကြရလေသည်။

တစ်နေ့မှာလည်း ပန်းစိန်တစ်ယောက် ညအချိန်ရောက်ကာမှ ဗိုက်နာလာသဖြင့် အပြင်သို့ ထွက်၍ တပိုတပါးသွားရာ

အိမ်သာထဲမှာ ထိုင်နေစဉ် အပုတ်နံ့လိုလို ရသဖြင့် လှည့်ကြ
လိုက်ရာ အိမ်သာနောက်တွင် ရပ်နေသော မည်းမည်းသဏ္ဍာ
ကြီးကို မြင်ရသဖြင့် ထိတ်လန့်တကြားနှင့် ပြန်ပြေးလာရသည်

တစ်ကြိမ်မှာတော့ ဦးသာကျော်ကိုယ်တိုင် အိပ်မက်
မှာ နက်ကျော်ကို ပြန်တွေ့ရသည်။

နက်ကျော်မှာ ငါးမန်းစားထားသောကြောင့် တစ်ကိုယ်
လုံး ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီး ပြတ်နေသော လက်ကြီးတစ်
ဖက်ကို သူ့ရှေ့မှာ ဝှေ့ယမ်းပြပြီး. . .

"ငါ့ပုလဲနက်ကို ပြန်ပေး"

ဟု အသံနက်ကြီးဖြင့် တောင်းလေသည်။

ထိုအသံကြီးကြောင့် ဦးသာကျော်မှာ အထိတ်တလန့်
ဖြင့် အိပ်ယာမှ ပြန်နိုးလာလေသည်။

တစ်ကြိမ်မှာတော့ အိမ်သားများရော အလုပ်သမားများ
ပါ အားလုံးအိပ်ပျော်နေကြစဉ် အိမ်ရှေ့ရေစင်ပေါ်မှ 'ဝုန်း' က
အသံကြားလိုက်ရသဖြင့် အချို့နိုးလာပြီး သွားကြည့်သောအခါ
ပုတ်ပွလျက်ရှိနေသော လက်ပြတ်ကြီးတစ်ဖက်ကို တွေ့ကြ
သဖြင့် အားလုံး အထိတ်တလန့် ဖြစ်သွားကြလေတော့သည်။

ရေစင်ပေါ်မှာ တင်နေသော လက်ပြတ်ကြီးကို မြင်
သဖြင့် အလုပ်သမားတစ်ယောက်က အော်ပြောလိုက်ရာ အိမ်
သားများရော အလုပ်သမားများပါ နိုးလာကြလေသည်။

"ဒီလက်ပြတ်ကြီးက ဒီစင်ပေါ် ဘယ်လိုရောက်နေတာ
လဲဟ"





"မသိဘူး. . . ကျွန်တော်တို့လည်း အသံကြားလို့ ထ
ကြည့်ကြတော့ အဲဒါကြီးကို တွေ့ရတာပဲ"

"ဝေးရာကို မြန်မြန်သွားလွှင့်ပစ်လိုက်စမ်းကွာ၊ ကျက်
သရေ မရှိလိုက်တာ"

ဟု ဦးသာကျော်က အော်ပြောသဖြင့် အလုပ်သမားများ
က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လက်ပြတ်ကြီးကို ယူပြီး ဝေးရာသို့
သွားပစ်လိုက်ကြလေသည်။

ထိုအဖြစ်အပျက်များက ထိုမျှနှင့် ပြီးမသွားသေးဘဲ
နောက်ထပ်တစ်ပတ်ခန့်ကြာပြီး လူများ သတိမေ့သလောက်
ရှိသောအချိန်တွင် ရေစင်ပေါ်မှ 'ဝုန်း'ကနဲ အသံကို ကြားရ
သဖြင့် သွားကြည့်သောအခါ ပုတ်ပွနေသော လက်ပြတ်ကြီး
တစ်ဖက်ကို တွေ့ရပြန်သဖြင့် ဒီတစ်ကြိမ်မှာတော့ ပင်လယ်ထဲသို့
ပစ်မချခိုင်းတော့ဘဲ မြေကျင်းနက်နက်တူး၍ မြှုပ်ခိုင်းလိုက်လေ
တော့သည်။

ထိုအခါ သားဖြစ်သူ ပန်းစိန်က ပြောသည်။

"အဖေ. . . ဒီအတိုင်းဆိုရင်တော့ ပုလဲနက်ကြီးကို အိမ်
မှာ ဆက်ထားလို့ မဖြစ်တော့ဘူးထင်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"မြို့က ကုန်သည်တွေ မလာသေးရင်လည်း ကျွန်တော်
တို့ပဲ ကော့သောင်းဘက် သွားပြီးရောင်းပစ်လိုက်ရင် ပိုကောင်း
မယ် ထင်တယ်"

"အဲဒီလိုဆိုရင်လည်း မြန်မြန်သာ စီစဉ်ပေတော့၊ ငါ

…ည်း ဒီပုလဲနက်ကြီးကို အိမ်မှာ ဆက်မထားချင်တော့ဘူး”

ဟု ပြောဆိုတိုင်ပင်ရာ သမီးဖြစ်သူ မြလေးက ဝင်…လေသည်။

“ဒီလိုလုပ်လို့ ဖြစ်ပါ့မလား အဖေ၊ သူ့သက်ဆိုင်တဲ့လူ… ပြန်ပေးလိုက်ရင် မကောင်းဘူးလား”

သမီးဖြစ်သူစကားကြောင့် ဦးသာကျော် မျက်နှာ… တင်းကနဲ ဖြစ်သွားလေသည်။

“သက်ဆိုင်သူက ဘယ်သူလဲ”

“ကိုနက်ကျော်မိန်းမပဲ ဖြစ်မှာပေ့ါ”

“သူ့ကို ငါက တန်ရာတန်ကြေး ပေးထားတာပဲ၊ င… ပိုင်ရမှာပေ့ါ”

ထိုအခါ ပန်းစိန်ကပါ ဝင်ပြောသည်။

“နင်က ဘယ်လောက်သိလို့ ဝင်ပြောနေတာလဲ၊ အ… ပစ္စည်းကို ငါတို့က ပိုက်ဆံပေးပြီးသားဆိုတာ သိရဲ့လား”

“သိပါတယ်. . . အစ်ကိုတို့ ပေးခဲ့တဲ့ပိုက်ဆံက ပုလဲ… တန်ဖိုး ဆယ်ပုံတစ်ပုံတောင်မှ မရှိတာပဲ”

“ဟင်. . . နင်က ဒါတွေကို ဘယ်လိုသိနေတာလဲ”

“သိတာပေ့ါ. . . ကိုနက်ကျော်မိန်းမက ဒီအကြောင်… ကို တွေ့တဲ့လူတိုင်းကို ပြောပြနေတာပဲ”

“ဟင်. . .”

မြလေးထံမှ ထိုစကားကြားသောအခါ ဦးသာကျော်နှ… ပန်းစိန်တို့ သားအဖနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တ…





…ယောက်ကြည့်လိုက်ကြလေသည်။

“အို. . . ဘာပဲဖြစ်ဖြစ် နက်ကျော်မိန်းမကို တန်ရာ…န်ကြေး ပေးပြီးသားပဲ၊ ဒါကြောင့် ဒီပုလဲကို ငါတို့ပဲ ပိုင်တယ်၊ …တော့ ငါတို့ သဘောကျသလို လုပ်မယ်၊ နင် ဘာမှမသိဘဲနဲ့ …င်မပါနဲ့”

ဟု ပန်းစိန်က ညီမဖြစ်သူကို မာန်မဲလိုက်သဖြင့် မြလေး…ာ ဘာမှထပ်မပြောသာတော့ပေ။

နောက်တစ်ရက်ရောက်တော့ ပန်းစိန်နှင့် အဖော်နှစ်…ယောက်တို့သည် စက်လှေတစ်စင်းနှင့် ကော့သောင်းသို့ သွားရန် …ဦင်ကြလေသည်။

၎င်းတို့သည် ပုလဲနက်ကြီးကို ရောင်းချရန်အတွက် …ပါတည်း ယူဆောင်သွားကြလေသည်။

ပုလဲနက်ကျွန်းမှ ထွက်လာစဉ်က ရာသီဥတုမှာ သာသာ…ယာယာ ရှိနေသော်လည်း ပင်လယ်ထဲ ရောက်ကာမှ အရှေ့…ဘက်တကျောမှာ မိုးများက ညို့တက်လာသည်။

ဒီလိုရာသီမျိုးမှာ အချိန်မဲ့အခါမဲ့ မိုးရွာလေ့ရှိသော်လည်း …ရွာခဲလှသည်။ အရှေ့ဘက်ကျွန်းစုများဘက်မှာတော့ နေရာ…ကွက်ကြား မိုးရွာနေဟန်ရှိသည်။

ပင်လယ်ထဲသို့ သွားလာနေကြသူများအဖို့ ဒီလိုမိုး…လောက်တော့ ဂရုပြုစရာမလိုပေ။

မိုးရွာရုံနှင့် အန္တရာယ်မဖြစ်နိုင်ဘဲ လေထန်ပြီး လှိုင်းကြီး…သောအခါမှသာ အန္တရာယ်ရှိနိုင်လေသည်။

ပင်လယ်ထဲ ရောက်ပြီး အတော်ကလေး ကြာ အခါ သူတို့စက်လှေရှေ့မှ လှေငယ်တစ်စင်းက တားနေသည်

လှေက ပေါင်းမိုးမပါသောကြောင့် လှေပေါ်မှ မြင်ကွင်း များကို အရှင်းသား လှမ်းမြင်ရသည်။

ပင်လယ်ထဲမှာ ခရီးသွားနေကြသူများအတွက် ယခု သို့ လမ်းမှ ဖြတ်တားသောအခါ ရပ်ပေးလေ့ မရှိကြပေ။

အကယ်၍ ရပ်ပေးမိပါက မသမာသူများနှင့် တွေ့ပြီး အသက်ဆုံးရှုံးကာ စက်လှေပါ နှစ်မြုပ်ပစ်ခြင်း ခံကြရသည်

လူတစ်ယောက်က လက်ပြသဖြင့် ရပ်ပေးမိပါက အနီး ရောက်ကာမှ ပေါင်းမိုးအတွင်းမှ အခြားလူများ ထွက်လာ သေနတ်ပြပြီး ဓါးပြတိုက်တတ်လေသည်။

အချို့ဓါးပြများက ပစ္စည်းယူရုံမကဘဲ လူများကိုပါ ကြိုး တုပ်၍ ကျောက်တုံးဖြင့် ဆွဲကာ ပင်လယ်ထဲ နှစ်သတ်ကာ အ ဖျောက်ပစ်တတ်လေသည်။

အချို့ဓါးပြများက လှေကပ်အောက်မှာ သေနတ်များ ဝှက်ကာ ငါးဖမ်းသမားဟန်ဆောင်၍ ဓါးပြတိုက်တတ်သော ကြောင့် ယခုကဲ့သို့ ပင်လယ်ထဲမှာ ခရီးသွားလာနေစဉ်အတွင်း တစ်စုံတစ်ယောက်က ရပ်ခိုင်းပါက ရပ်ပေးလေ့ မရှိကြချေ။

ယခု သူတို့စက်လှေရှေ့ဘက်မှ တားနေသော လှေက တော့ ပေါင်းမိုးမပါသော လှေငယ်တစ်စင်းဖြစ်ပြီး လှေပေါ်မှာ လည်း လူနှစ်ယောက်သာ ပါသည်။

နောက်ဘက်မှ လှေလှော်နေသူက အသက်ကြီးသော





ဘိုးကြီးတစ်ယောက်ဖြစ်ပြီး လှေဦးမှ တားနေသူက မိန်းက လေးတစ်ယောက်ဖြစ်သည်။

"ကိုပန်းစိန်. . . ရှေ့မှာ မိန်းမတစ်ယောက် တားနေ တယ်. . . ရပ်ပေးလိုက်ရမလား"

စက်လှေမောင်းနေသူက အော်မေးသည်။

"ခဏရပ်ပြီး အခြေအနေ မေးကြည့်လိုက်ကွာ"

ဟု ပြောသဖြင့် စက်လှေသမားက စက်ရှိန်ကို လျှော့၍ လှမ်းမကမ်းမှာ ရပ်ပေးလိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

"ကော့သောင်းဘက် ရောက်မယ်ဆိုရင် လူကြုံလိုက်ချင် လို့ပါရှင်"

"ဘယ်နှစ်ယောက် လိုက်မှာလဲ"

"ကျွန်မတစ်ယောက်တည်း လိုက်ခဲ့မှာပါ"

မိန်းကလေးတစ်ယောက်တည်း လိုက်မှာဆိုတော့ ဘာ မှ စိုးရိမ်စရာ မရှိပေ။

သို့ကြောင့် အလွယ်တကူပင် လက်ခံကာ လှေချင်း ကပ်ပေးလိုက်သည်။

မိန်းကလေးက လွယ်အိတ်ကလေး ယူပြီး စက်လှေပေါ် တက်လာသည်။

ထို့နောက် လိုက်ပို့သော အဘိုးကြီးကို နှုတ်ဆက်လိုက် သောအခါ အဘိုးကြီးက ဘာမှမပြောဘဲ လှေကို နောက်သို့ ပြန်လှည့်သွားရာ ပန်းစိန်တို့လည်း ရှေ့သို့ ဆက်မောင်းလာကြ

သည်။

ထိုအခါမှ ပန်းစိန်က လူကြုံလိုက်လာသော မိန်းကလေး ကို အကဲခတ်ကြည့်သည်။

မိန်းကလေးက အသက်နှစ်ဆယ်ဝန်းကျင်ခန့် ရှိပြီး ရုပ်ရည်ကလေးကလည်း မဆိုးပေ။

အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာခေါင်း က ပေါ်ပေါ်ဖြစ်သည်။

"မင်းက ဘယ်ရွာကလဲ"

"ကျွန်မက မရဏကျွန်းစုကပါ"

"ဟင်. . . မရဏကျွန်းစုဆိုတာ ဘယ်နားမှာလဲ၊ တစ်ခါ မှလည်း မကြားဖူးပါလား"

"မရဏကျွန်းစုဆိုတာ မရဏအငူကွေ့နားလောက်မှာ ရှိပါတယ်"

"အော်. . . ငါတို့ တစ်ခါက ပုလဲနက်ကြီး ရတဲ့နေရာမှာ ရှိတဲ့ကျွန်းကို ပြောတာထင်တယ်"

"ဟုတ်ပါတယ်"

"အဲဒီကျွန်းပေါ်မှာ ရွာရှိလို့လား"

"ရှိပါတယ်"

"ငါတို့ ဖြတ်သွားဖြတ်လာ လုပ်နေတာပဲ၊ တစ်ခါမှ မတွေ့မိပါလား"

"ကျွန်မတို့ရွာက အတွင်းဘက်မှာဆိုတော့ သာမန်ကြည့် ရုံနဲ့တော့ မမြင်ရပါဘူးရှင်"





ထို့ကြောင့် ပန်းစိန်လည်း ထိုအကြောင်းကို ဆက်မမေး တော့ချေ။

"ဒါထက် မင်းနာမည်က ဘယ်လိုခေါ်လဲ"

"သင်းမေလို့ ခေါ်ပါတယ်ရှင်"

"အင်း. . . မင်းက လူကလည်း လှသလို နာမည်လေး ကလည်း အလှသားပဲ"

ဟု ပန်းစိန်က မိန်းကလေးတစ်ယောက်တည်းမို့ ရိသဲ့သဲ့ စကားဆိုလိုက်လေသည်။

ထိုသို့ပြောလိုက်သော်လည်း မိန်းကလေးက ဘာမှပြန် မပြောဘဲ ပြုံးရုံသာပြုံးနေလေသည်။

ပင်လယ်ရေပြင်ပေါ်မှာ စက်လှေက စက်သံမှန်မှန်ဖြင့် မောင်းနေရာ ခဏကြာတော့ မိုးဖွဲကလေးများ ရွာချလာသည်။

မိုးနှင့်အတူ လေကလည်း ပါလာသဖြင့် ပင်လယ်ရေ ပြင်မှာ လှိုင်းအနည်းငယ် ထလာသည်။

မိုးရွာလာသဖြင့် အသင့်ပါလာသော မိုးကာများကို ခြုံ ထားကြရသည်။

ပိုသည့် မိုးကာစက မိန်းကလေးအား တစ်ခုပေးထား သဖြင့် ခေါင်းမြီးခြုံထားလေသည်။

သို့သော်လည်း မတတ်သာတော့ပေ။

လှိုင်းကြားထဲမှာပင် ဖြတ်မောင်းရတော့သည်။

ကြည့်နေရင်းမှာပင် မိုးက သည်းလာသောကြောင့် ရှေ့ ကိုပင် မမြင်နိုင်အောင် ရှိတော့သည်။

မိုးကလည်း သည်းလာသလို လှိုင်းကလည်း ပိုကြီးလာ
သည်။

"ဒီအတိုင်း ဆက်သွားလို့ မရဘူးထင်တယ်"

"ဒါဖြင့် နီးရာကျွန်းတစ်ကျွန်းသာ ဝင်ကပ်လိုက်တော့
ပေါ့၊ လှိုင်းငြိမ်မှပဲ ခရီးဆက်ကြတာပေါ့"

"ရှေ့နားလောက်မှာ ကျွန်မတို့ရွာ ရှိတဲ့ မရဏကျွန်း
ရှိပါတယ်၊ အဲဒီမှာ ဝင်နားလို့ရပါတယ်ရှင်"

ဟု မိန်းကလေးက လှမ်းပြောသဖြင့် သူမလက်ညှိုးထိုးပြ
ရာသို့ ဦးတည်ကာ မောင်းရလေတော့သည်။

အတန်ကြာသောအခါ ကျွန်းတစ်ကျွန်း၏ပုံရိပ်ကို ဝိုး
တဝါး လှမ်းမြင်ကြရသဖြင့် ထိုနေရာသို့ ဦးတည်မောင်းရာ တစ်
နာရီလောက် အချိန်ကြာမှ ကျွန်း၏ကမ်းခြေသို့ ရောက်တော့
သည်။

လေကွယ်ရာဘက်သို့ လှည့်၍ကပ်ရာ ထိုနေရာရောက်
တော့ ကျွန်းပေါ်မှ လူအချို့ ဆင်းလာကြသည်။

ထိုလူများထဲမှာ စောစောက လှေနှင့် လိုက်ပို့ပေးသော
အဘိုးကြီးလည်း ပါလာလေသည်။

"ဟင်. . . သူက တို့အရင်တောင် ဒီကို ပြန်ရောက်နေ
ပါလား"

ဟု ပန်းစိန် တွေးလိုက်မိသည်။

"လှိုင်းတွေက သိပ်ထန်နေတယ်၊ ဒီအတိုင်း ခရီးဆက်
ရင် အန္တရာယ်ဖြစ်မှာစိုးရပါတယ်၊ အပေါ်တက်ပြီး ခဏတဖြုတ်





နားကြပါဦးလား၊ လှိုင်းလေငြိမ်တော့မှပဲ ခရီးဆက်ကြတာပေါ့"

ဟု ခေါ်ကြသဖြင့် ပန်းစိန်တို့လည်း မတတ်သာတော့
သဖြင့် စက်လှေကို လေကွယ်ရာတစ်နေရာ၌ ကပ်ထားခဲ့ပြီး
ကမ်းပေါ်သို့ တက်၍ ၎င်းတို့ခေါ်ရာနောက်သို့ လိုက်သွားကြလေ
တော့သည်။

သင်းမေဆိုသော မိန်းကလေးက သူမရွာသို့ ပြန်ရောက်
သဖြင့် ရှေ့မှ ဦးဆောင်ကာ ခေါ်သွားသဖြင့် ပန်းစိန်စိတ်ထဲ၌ . .

"အင်း. . . ဒီမိန်းကလေးကို လူကြုံတင်ခေါ်လာမိလို့
သာ တော်ရော့တယ်၊ မဟုတ်ရင် ပင်လယ်ထဲမှာ လမ်းပျောက်ပြီး
ဒုက္ခရောက်ဖို့သာ ရှိတော့တယ်. . . တော်ပါသေးရဲ့"

ဟု တွေးနေမိသည်။

အတွင်းပိုင်း ရောက်သောအခါမှ ကုန်းမြင့်တစ်ခုပေါ်မှာ
တည်ထားသော ရွာစုကို တွေ့ကြရသည်။

မိန်းကလေးက ပန်းစိန်တို့ကို သူတို့အိမ်ကိုပင် ခေါ်သွား
လေသည်။

အချိန်မှာ ညနေစောင်းအချိန် ရောက်နေပြီမို့ ညစာ
ကျွေးရန်အတွက် သူမကိုယ်တိုင်ပင် စီမံချက်ပြုတ်ပေးလေသည်။

အဘိုးကြီးကတော့ ဘာတစ်ခွန်းမှ မပြောဘဲ ကွမ်းအစ်
ကြီးကို ရှေ့မှာ ချကာ ကွမ်းယာများကို တစ်ယာပြီးတစ်ယာ
ယာစားနေတော့သည်။

ထမင်းချက်နေစဉ်မှာပင် လူတစ်ယောက်ရောက်လာပြီး
အမဲသားတစ်တွဲ လာပို့ပေးသည်။

"ငါ အမဲလိုက်ရင်း အမဲတစ်ကောင် ရလာလို့ ဧည့်သည်တွေ စားဖို့ ချက်ချင်းဖျက်ပြီး လာပို့ပေးတာပေါ့"

ဟု ပြောသွားသည်။

မိန်းကလေးက ဘာမှမပြောဘဲ ပြုံးရုံသာပြုံးပြလေသည်။

ပြီးလျှင် အမဲသားများကို ခုတ်ထစ်နေသည်။

ပန်းစိန်ကတော့ 'အတော်အလိုက်သိတဲ့ ရွာသားတွေ' ဟု တွေးလိုက်မိသည်။

မှောင်ရီပျိုးစအချိန်ထိ မိုးက မစဲသေးပေ။

ထို့အတူ လေကလည်း တဝုန်းဝုန်းနှင့် တိုက်နေဆဲဖြစ်ရာ ကမ်းစပ်ဆီမှ တဝုန်းဝုန်းနှင့် လှိုင်းခတ်သံများကိုပင် အတိုင်းသား ကြားနေရသည်။

သည်မိုး သည်လေနှင့်တော့ ဒီညအဖို့ရာ ခရီးဆက်၍ မဖြစ်နိုင်တော့မှန်း သဘောပေါက်ကြသဖြင့် ညစာစားသောက်ပြီးနောက် တစ်ညအိပ်ရန်သာ စိတ်ကူးနေကြတော့သည်။

အတန်ကြာသောအခါ မီးဖိုဘက်မှ အမဲသားဟင်းနံ့ကလေး သင်းပျံ့ကာ ထွက်လာလေပြီး မကြာမီ မိန်းကလေးက ထမင်းစားရန် လာခေါ်သဖြင့် သုံးယောက်သား ထသွားကြသည်။

ထမင်းဝိုင်းမှာ သူတို့သုံးယောက်အတွက် ပြင်ဆင်ထားပြီး အိမ်သားနှစ်ယောက်ကတော့ ဝင်မစားကြပေ။

"အားမနာပါနဲ့. . . စားကြပါရှင့်၊ တကူးတက ခေါ်





ကျွေးရင်တောင် လာစားနိုင်ကြမှာ မဟုတ်ဘူး၊ အခုလို ကြုံကြိုက်လို့ ကျွေးမွေးရတာ ဝမ်းသာစရာပါပဲ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ပန်းစိန်တို့သုံးယောက်မှာ အားလည်းနာ၊ ဗိုက်ကလည်း ဆာနေသောကြောင့် ကျွေးမွေးသော ထမင်းဟင်းများကို အားရပါးရ စားသောက်ကြသည်။

ဟင်းကတော့ ထွေထွေထူးထူး မပါဘဲ စောစောကလူ လာပေးသွားသော အမဲသားကိုပင် ချက်ထားခြင်းဖြစ်၏။

ထမင်းစားပြီးသောအခါ မိုးတစိမ့်စိမ့်နှင့်မို့ မျက်ခွံများလေးလာကာ အိပ်ချင်လာသောကြောင့် အိမ်ဦးခန်းမှာ ပြင်ပေးထားသော အိပ်ရာပေါ်မှာ အနားယူရင်း အိပ်ကြလေသည်။

အိပ်မပျော်ခင် ကမ်းစပ်ဘက်ဆီမှ တဝုန်းဝုန်းနှင့် ရိုက်ခတ်နေသော လှိုင်းပုတ်သံများ ကြားရပြီး အိပ်ပျော်သွားသောအခါ ထိုအသံများကို မကြားရတော့ပေ။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိရပေ။

ပန်းစိန် ပြန်နိုးလာတော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

တဲအတွင်းမှာလည်း မည်သည့်အသံမှ မကြားရပေ။

အတန်ကြာတော့ အဝေးဆီမှ ခွေးအူသံ၊ ခွေးဟောင်သံများ ကြားရသည်။

ထိုအသံများက တဖြည်းဖြည်းနှင့် နီးကပ်လာပြီး သူတို့

ရှိနေရာ တဲတဝိုက်သို့ ရောက်လာတော့သည်။

ပန်းစိန်က စိတ်ထဲမှာ မသင်္ကာဖြစ်သဖြင့် နေရာမှ ထ ကာ အပြင်သို့ လှမ်းကြည့်လိုက်သည်။

အပြင်ဘက်မှာ မိုးမရွာတော့သော်လည်း မိုးရိပ်များ ရှိ နေသေးသောကြောင့် မှောင်ပိန်းနေလေသည်။

တဲအပြင်သို့ လှမ်းကြည့်နေစဉ်မှာ ခွေးဟောင်သံ၊ ခွေး အူသံများက ပိုနီးလာသလို နှာခေါင်းထဲမှာ အပုတ်နံ့လိုလို ဝင် လာလေသည်။

ခဏကြာတော့ တောတိုးလာသည့် ခြေသံများကို ကြား လာရသည်။

ကြည့်နေရင်းမှာပင် သင်္ချိုင်းတစ်ခုက သူတို့ရှိနေသော တဲဘက်သို့ တရွေ့ရွေ့ လျှောက်လာနေသည်ကို လှမ်းမြင်ရ သည်။

ပန်းစိန်စိတ်ထဲမှာ ကြောက်စိတ်များ ဝင်လာသည်။

ဖြစ်နိုင်လျှင် အိပ်ပျော်နေသော အဖော်နှစ်ယောက်ကို နှိုးကာ စက်လှေထဲသို့ ဆင်းပြေးလိုက်ချင်ပြီ။

ကြည့်နေရင်းမှာပင် မည်းမည်းသင်္ချိုင်းကြီးက တဲ ပေါက်ဝသို့ ရောက်လာလေတော့သည်။

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များကြောင့် ရုပ်ပျက် ဆင်းပျက် ဖြစ်နေပြီး လက်တစ်ဖက် မရှိသော သဘက်ကြီးတစ် ကောင်ပင် ဖြစ်သည်။

“ငါ့ပုလဲနက် ပြန်ပေး”





“ဟင်. . ”

“မပေးရင် ပြန်လုယူရလိမ့်မယ်”

ထိုသို့ လာပြောနေသဖြင့် ပန်းစိန်က အိပ်ပျော်နေသူ နှစ်ယောက်ကို လက်ဖြင့် ပုတ်နှိုးသည်။

“ပေးမလား. . . မပေးဘူးလား၊ မပေးရင် ပြန်လုယူရ မယ်”

ဟု အသံသြသြကြီးဖြင့် ပြောကာ အိမ်ပေါ်သို့ တက်လာ ရန် ဟန်ပြင်သောကြောင့် ပန်းစိန်လည်း ထွေထွေထူးထူး စဉ်း စားမနေတော့ဘဲ အထုပ်ကို ပိုက်၍ အိမ်ဘေးပေါက်မှ ခုန်ဆင်း ကာ ပြေးလေတော့သည်။

ထိုအခါ စောစောက ရပ်နေသော မည်းမည်းသင်္ချိုင်း ကြီးကလည်း ခြေလှမ်းကျဲကြီးဖြင့် နောက်မှ လိုက်လာလေသည်။

အမှောင်ထဲမှာမို့ လမ်းစရှာမရဘဲ ဟိုတိုးဒီတိုး ဖြစ်နေ စဉ် နောက်မှ လိုက်လာသော သဘက်ကြီးက မှီလာပြီး သူ့လက် ထဲမှ ပုလဲနက် ထည့်ထားသောအိတ်ကို အတင်းဝင်လုလေတော့ သည်။

“ငါ့ပစ္စည်း မယူနဲ့. . . မယူနဲ့”

ဟု အော်ပြောကာ အတင်းပြန်လုလေတော့သည်။

“ကိုပန်းစိန်. . ကိုပန်းစိန်. . အိပ်ပျော်ရင်း ဘာတွေ အော်နေတာလဲ”

တစ်ယောက်က ကိုယ်ကို လာလှုပ်နှိုးတော့မှ ပြန်နိုးလာ သည်။

"ဟင်. . . သဘက်ကြီး ဘယ်ရောက်သွားပြီလဲ"

"ဘယ်က သဘက်ကြီးလဲ၊ စက်လှေပေါ်မှာ ဘာမှမရှိပါ ဘူး၊ ပုလဲနက်ကျွန်းက ထွက်ကတည်းက ခင်ဗျား တစ်လမ်းလုံး အိပ်လိုက်လာတာ အခုမှ နိုးတော့တယ်"

ထိုအခါမှ နေရာမှ လူးလဲထပြီး ကြည့်လိုက်တော့ အရှေ့ဘက်၌ ကော့သောင်းကိုပင် လှမ်းမြင်နေရလေသည်။

ထိုအခါမှ အိပ်မက်မက်နေမှန်း သိရသော်လည်း စိတ် မချသဖြင့် ပုလဲနက် ထည့်ထားသောအိတ်ကို စမ်းကြည့်တော့ သူ့အိတ်ထဲမှာ ပုလဲနက်က မရှိတော့ပေ။





## အခန်း(၁၂)

## ပုလဲနက်ကို ထူးဆန်းစွာ ပြန်လည်ရရှိခြင်း

ရာသီဥတု သာယာသောကြောင့် ရေအောက်ရှိ မြင် ကွင်းများက ကြည်လင်လျက် ရှိနေသည်။

မရဏအငူကွေ့တဝိုက်မှာလည်း လှိုင်းလေကင်းရှင်းပြီး သဘာဝက သာတောင့်သာယာ ရှိနေသည်။

နီမောင်သည် ရေအောက်သို့ ငုပ်ဆင်းလာရင်းမှပင် အိပ်မက်ထဲတွင် မှင်စာငတေ ပြောလိုက်သော စကားများကို ပြန်လည်ကြားယောင်နေသည်။

“အစ်ကို. . . ပုလဲနက်ကြီး သူ့ရဲ့မူလနေရာကို ပြန်ရောက်နေပြီ၊ အစ်ကိုဆင်းယူပြီးတော့ ရောင်းလိုက်ပါ၊

ရတဲ့ငွေကို ကျွန်တော့်အတွက်လည်း ကုသိုလ်ကောင်း လုပ်ပေးပါ၊

နက်ကျော်ရဲ့မိန်းမကိုလည်း တချို့ပေးပါ၊

ကျန်တာတွေကို အစ်ကိုယူပါ”

ဟူသော စကားများကြောင့် ပုလဲနက်ကြီးကို မူလနေ တွေ့ခဲ့သော မရဏအငူကွေ့သို့ လာကာ သုံးယောက်သား ရေအောက်သို့ ဆင်းခဲ့ကြခြင်းဖြစ်သည်။

သူတို့ရည်ရွယ်ချက်ကတော့ အကယ်၍ ပုလဲနက်ကို မတွေ့လျှင်တောင်မှ အခြားတွေ့သော ကမာကောင်များကို ရှာဖွေယူရန် ဖြစ်သည်။ ရေအောက်သို့ ရောက်လာတော့ ထူးခြားမှုတစ်ခုကို အရင်တွေ့ရလေသည်။

ရေအောက်ပတ်ဝန်းကျင်မှာ ကြည်ကြည်လင်လင် ရှိနေရာမှ ရုတ်တရက်ဆိုသလို မီးခိုးငွေ့များ ဝေ့ဝိုင်းလာသကဲ့သို့ ဝေ့ဝေ့ဝါးဝါး ဖြစ်လာသည်။

အတန်ကြာတော့ ဝဲကတော့ကြီး ထိုးလာလေသည်။

ဝဲကတော့အတွင်း၌ ကမာကောင် အများအပြားက ဝဲလည်၍ ပါနေကြလေသည်။

ထိုကမာကောင်များထဲမှ အကြီးဆုံး ကမာကောင်ကြီး တစ်ကောင်က ရေအောက်သို့ ထိုးကျသွားပြီး ကျောက်တုံးနှစ်တုံး ကြားသို့ ကျသွားတော့သည်။





ထိုနေရာရောက်မှ ကမာကောင်က အခွံနှစ်ချပ်ကို လိုက်ရာ အတွင်းမှာ ရှိသော ပုလဲနက်ကြီးတစ်လုံးက ပေါ်လာ သသည်။

ကြည့်နေရင်းမှာပင် ထိုနေရာသို့ ရေငုတ်သမား တစ်ယောက် ရောက်လာကာ ပုလဲနက်ကြီးကို နှိုက်ယူနေသည်။

ထိုသို့နှိုက်ယူနေစဉ်မှာ ကမာကောင်၏အခွံနှစ်ခုက ပြန်သွားသဖြင့် လက်ကို ပြတ်တူဖြင့် ညှပ်လိုက်သကဲ့သို့ ညှပ်သွားလေသည်။

ထိုလူက အမျိုးမျိုး ပြန်ဆွဲနှုတ်တော့လည်း မရတော့သဖြင့် နောက်ဆုံး လက်ကို ဓါးဖြင့် ဖြတ်ကာ ရေပေါ်သို့ ပြန်တက်သည်။

လမ်းတစ်ဝက်မှာပင် ငါးမန်းများ ဝိုင်းကိုက်လိုက်သဖြင့် သေဆုံးသွားလေသည်။

ခဏကြာတော့ မြင်ကွင်းက ပြန်လည်ကြည်လင်လာပြီး မှန်အတိုင်း ပြန်ဖြစ်သွားသည်။

နီမောင်က မျက်စိရှေ့မှာ အမှတ်မထင် ပေါ်လာသော င်ကွင်းကို ကြည့်ပြီး စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။

“ငါစိတ်ထင်နေလို့ ဖြစ်မှာပါ”

ဟု တွေးကာ ရေအောက်သို့ ဆင်းလာခဲ့သည်။

စောစောကနေရာသို့ ရောက်သောအခါ ကျောက်တုံး နှစ်တုံးကြားမှာ ညှပ်နေသော ကမာကောင်ကြီးကို တွေ့ရသည်။

“ဟင်. . .”

ထို့ပြင် ကမာကောင်ကြီးက အခွံနှစ်ချပ်ကို ဟထား၍ အတွင်း၌ ရှိနေသော ပုလဲနက်ကြီးတစ်လုံးကိုပါ လှမ်းမြင်ရသည်။

ပုလဲနက်ကြီးကို မြင်သော်လည်း ရုတ်တရက် နှိုက်မယူဝံ့ပေ။

စောစောက မြင်ကွင်းက အတိတ်နိမိတ်တစ်ခု ဖြစ်မှာကို စိုးရိမ်နေမိသည်။

"ဟယ်. . . ငါက အများအတွက် လုပ်မှာပဲ၊ အန္တရာယ် မရှိနိုင်ပါဘူး"

ဟု တွေးကာ ပုလဲနက်ကြီးကို လှမ်းနှိုက်လိုက်သည်၊ သူ့လက် အတွင်းသို့ ရောက်သည်နှင့် ကမာကောင်၏ အခွံနှစ်ချပ်က စေ့သွားလေရာ လက်က ညပ်သွားတော့သည်၊

နီမောင့်စိတ်ထဲမှာ ထိတ်ကနဲဖြစ်သွားပြီး လက်ကို ပြန်နှုတ်ကြည့်သည်။

မရတော့ပေ. . . ။

နောက်တစ်ကြိမ် ဆွဲထုတ်ကြည့်သည်။

အခြေအနေက မထူးသေးပေ။

ရေအောက်ရောက်နေတာအချိန်ကြာသွားပြီမို့ အသက် ရှုကျပ်လာသည်။

ဘေးနားကို အခြေအနေကြည့်တော့လည်း စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို အရိပ်အယောင်မျှ မတွေ့ရပေ။

ဒီအတိုင်းဆိုလျှင်တော့ နက်ကျော်၏နောက်သို့ လိုက်ရ





ဘာ့မည်ဟု တွေးနေစဉ် မမျှော်လင့်ဘဲ ကမာကောင်၏အခွံ ခြမ်းက ပြန်ပွင့်လာသည်။

သို့ကြောင့် ဝမ်းသာအားရနှင့် ပုလဲနက်ကြီးကို ယူကာ ရေပေါ်သို့ အလျင်အမြန် ပြန်တက်လာလေသည်။

လှေပေါ် ပြန်ရောက်တော့ ရေမွန်းသည့်ဒဏ်ကို အ ဘာ်ကလေး ခံခဲ့ရသဖြင့် အမောဖြေရသေးသည်။

"ဘယ်နှယ့်လဲ. . . ရခဲ့သလား"

ဦးမွန်ထော်က မေးသည်။

"ရခဲ့ပြီ အဘ"

"အင်း. . . ပရလောကသားတွေနဲ့ ပတ်သက်မှုတွေ ဘာ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်တာပဲ"

ဟု မှတ်ချက်ချသည်။

အတန်ကြာတော့ စောထီးနှင့် ငမဲအောင်တို့ပါ ပြန် ဘက်လာသဖြင့် ရွာသို့ ပြန်ခဲ့ကြသည်။

မိမိတို့တဲသို့ ပြန်ရောက်သောအခါ ရွာသူရွာသားအချို့ ရောက်နေသည်ကို လှမ်းမြင်ရသဖြင့် 'မော်ကင်း' အတွက် စိုးရိမ် ိတ် ဝင်သွားသဖြင့် ခပ်သုတ်သုတ် တက်လာကြသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်လို့လဲ"

ထိုအခါ ရွာသားတစ်ယောက်က ပြောပြသည်။

"ဒီလူနှစ်ယောက်က ကလေးက သူတို့ကလေးလို့ ပြော ပြီး အတင်းခေါ်သွားမလို့ လာလုပ်နေလို့ ဝိုင်းတားနေကြတာ"

နီမောင်က ကြည့်လိုက်တော့ ကုလားလိုလို ယောကျ်ား

တစ်ယောက်နှင့် မိန်းမတစ်ယောက်ကို တွေ့ရသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ကျုပ်တို့က အောင်ဘာရွာက လာကြတာပါ၊ ကျုပ် နာမည်က ဘထင်၊ ကျုပ်မိန်းမ နာမည်က မြရီလို့ ခေါ်ပါတယ်"

"ဟုတ်ပါတယ် မောင်လေးရယ်၊ ဒီကလေးက မမ သားလေးပါ၊ သူ့ကို မြန်ခေါ်သွားပါရစေနော်"

"ခင်ဗျားတို့ရဲ့ကလေးဆိုတာကတော့ ဟုတ်ပါပြီ၊ ဘယ် လိုကြောင့် ကလေးက ဖောင်တစ်ဖောင်နဲ့ ပင်လယ်ထဲမှာ မျော နေရတာလဲ"

ဟု မေးသောအခါ ကိုဘထင်ဆိုသူက ဖြစ်ကြောင်း ကုန်စင် ပြောပြလေသည်။

"မွေးစက ဘီလူးလေး မွေးတယ်လို့ ထင်နေတာရယ် ပတ်ဝန်းကျင်ကလည်း ဝိုင်းပြောကြတာနဲ့ မထားဝံ့တော့တာနဲ့ ပင်လယ်ထဲကို မျှောလိုက်မိတာပါ"

"ဒါကတော့ ခင်ဗျားတို့ တမင်သက်သက် ရက်စက်ခဲ့ တာပဲ၊ ကလေးကို ချက်ချင်းမသတ်ခဲ့ပေမယ့် သေပါစေ ရည်ရွယ် ချက်နဲ့ ပြန်လမ်းမရှိတဲ့ ပင်လယ်ထဲကို မျှောလိုက်တာကတော့ သေချာတယ်၊ အခု ဘယ်လိုသတင်းကြားပြီး ဒီကို ရောက်လာ တာလဲ"

"ဒီရွာကနေ အောင်ဘာရွာကို လာတဲ့ ရွာသားတစ် ယောက်က ပြောပြလို့ သိရတာပါ၊ ဟုတ်မဟုတ် လာကြည့်ကြ ရင်းနဲ့ ဒီရောက်တော့မှ မမတို့ သားလေးမှန်း သိရတာပါ. . .





ပြန်ခေါ်သွားပါရစေကွယ်"

ဟု မိခင်ဖြစ်သူက အမျိုးမျိုး ငိုယိုကာ တောင်းပန်ပြော ဆိုလေသည်။

နီမောင်တို့မှာလည်း မိဘအရင်းများနှင့် ပြန်တွေ့နေရ ပြီဖြစ်သောကြောင့် ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေကြ သည်။

"ဘယ်လိုလုပ်ရမလဲ အဘ"

"သူတို့ကလေး မှန်တယ်ဆိုမှတော့ ပြန်ပေးလိုက်ရုံ ရှိတာပေါ့ကွာ. . . ဘာတတ်နိုင်မှာလဲ"

ဟု ဦးမွန်ထော်ကပါ ဝင်ပြောသဖြင့် နီမောင်မှာ ဘာမှ မတတ်သာတော့ပေ။

"ကဲဗျာ. . . ခင်ဗျားတို့ သားသမီး မှန်တယ်ဆိုရင်တော့ ပြန်ခေါ်သွားကြပေါ့"

ဟု ပြောလိုက်ရာ လင်မယားနှစ်ယောက်စလုံး ဝမ်းသာ အားရ အမူအယာဖြစ်သွားကာ မိန်းမဖြစ်သူက ကလေးကို ပွေ့ယူလိုက်သည်။

ထိုသို့ ပွေ့ယူလိုက်စဉ်မှာ ကလေးမှာ အကောင်းသားက နေ တက်မတတ် ချက်မတတ် ငိုကြွေးလေတော့သည်။

"ဝါး. . . ဝါး. . . ဝါး"

ကလေးက မမြရီဆိုသော မိန်းမလက်ထဲသို့ ရောက် သည်နှင့် တက်မတတ် ချက်မတတ် အသက်ထွက်လုမတတ် တဝါးဝါးနှင့် ငိုကြွေးနေလေရာ အားလုံး မျက်လုံးပြူးသွားကြ

သည်။

မမြရီက အမျိုးမျိုး ချော့သော်လည်း အငိုမတိတ်တော့ပေ။

"ဒီလောက်ငိုနေရင် တက်ပြီး အသက်ပါသွားလိမ့်မယ် ပြန်ချထားကြည့်ပါဦး"

ဟု မိန်းမတစ်ယောက်က လှမ်းပြောလိုက်သဖြင့် မမြရီက ကလေးကို အိပ်ရာပေါ် သို့ ပြန်ချလိုက်သည်နှင့် ကလေးက အငိုရပ်သွားတော့သည်။

"ဟင်. ."

"ကဲ. . . ခင်ဗျားကလေးကို ပြန်ခေါ်ကြည့်ပါဦး"

ဟု ပြောသဖြင့် နောက်တစ်ကြိမ် ခေါ်ပြန်ရာ မမြရီ ရင်ခွင်ထဲ ရောက်သောအခါ တဝါးဝါးနှင့် ငိုပြန်လေတော့သည်။ ပြန်ချတော့ တိတ်သွားပြန်သည်။

"စိတ်တော့ မကောင်းပါဘူးဗျာ. . . ခင်ဗျားတို့ရဲ့ ကလေး မှန်တယ်ဆိုပေမယ့် ကလေးကိုယ်တိုင်က ခင်ဗျားတို့ နောက်ကို ပြန်လိုက်ချင်ပုံမရဘူး၊ ဒီတော့ နောက်မှပဲ တစ်ခါ လာခေါ်ကြည့်ကြဦးပေါ့ဗျာ"

ဟု နီမောင်က ပြောလိုက်သဖြင့် မမြရီတို့လင်မယား နှစ်ယောက်တို့မှာ မျက်ရည်စက်လက်နှင့် ပြန်သွားကြလေတော့သည်။

ထိုအခါမှ ရွာသူရွာသားများလည်း ပြန်သွားကြတော့သည်။





အားလုံးရှင်းသွားသောအခါ နီမောင်က မော်ကင်းကလေးကို ပွေ့ချီကာ နို့ပန်းကန်ထဲမှ နို့ရည်များကို တိုက်ပေးလေသည်။

"မင်းက အမေတွေအများကြီး စုပေးထားတဲ့ နို့ရည်ကို ပိုပြီးသဘောကျနေပုံပဲကွ. . . ဟုတ်လား"

ဟု ပြောသောအခါ နားလည်သလိုနှင့် မျက်လုံးဖွင့်ကြည့်ပြီး တခစ်ခစ်နှင့်ပင် ရယ်နေလိုက်သေးသည်။

အတန်ကြာသောအခါ အိပ်ပျော်သွားသဖြင့် အိပ်ယာပေါ် ချသိပ်ထားလိုက်သည်။

"အဘ. . . ဘီလူးမွေးတာတို့ လူခြောက်မွေးတာတို့ ဆိုတာ တကယ်ရော ရှိလို့လားဟင်"

ဟု မေးကြည့်တော့ ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ပြောပြလေသည်။

"လောကမှာ ဘီလူးမွေးတယ်၊ လူခြောက်မွေးတယ်၊ ဥစ္စာစောင့် မွေးတယ်၊ ဝင်စားတယ်ဆိုတာတွေဟာ မရှိဘူးတော့ မဟုတ်ပါဘူး၊ ရှိတော့ရှိပါတယ်၊ ဒါပေမယ့် အတော့်ကို ဖြစ်ခဲတဲ့ ကိစ္စမျိုးတွေပါပဲ၊ အခု မှင်စာငတေ ဝင်စားတဲ့ကိစ္စမျိုးလိုပေါ့ကွာ၊ အတော်တိုက်ဆိုင်မှ ဖြစ်တာပါ"

"ဒါဖြင့် မကြာခဏ ကြားနေရတာတွေက ဘာတွေလဲ အဘ၊ ကြားတဲ့အတိုင်းရော ဟုတ်နိုင်ပါ့မလား"

"ဒီကိစ္စတွေဟာ များသောအားဖြင့်တော့ လူတွေရဲ့ ဥပါဒါန် အစွဲအလန်းကြောင့် ဖြစ်ကြတာက များပါတယ်၊ ဥပါဒါန်

တရားဆိုတာ အမှန်တရားကနေ သွေဖယ်ပြီး အယူအဆအမှား တစ်ခုကို လက်ခံစွဲလန်းနေတာမျိုးပဲပေါ့၊ အဓိပ္ပါယ်ကတော့ သူ ခြောက်တယ်လို့ နာမည်ကြီးနေတဲ့နေရာက ချွတ်ကနဲ အသံ ကြားရုံနဲ့တင် သရဲခြောက်တာပဲလို့ ထင်တာမျိုးပေါ့ကွာ၊

ဒီလိုပဲ ဘီလူးမွေးတယ်၊ လူခြောက်မွေးတယ်၊ ဥစ္စာ စောင့် ဝင်စားတယ်လို့ ဆိုတာတွေမှာလည်း သဘာဝဖြစ်စဉ်နဲ့ ကိုက်ညီတဲ့ အမှန်တရားတွေ ရှိပါတယ်"

ဟု အောက်ပါအကြောင်းအရာအချို့ကို ပြောပြလေ သည်။

လူခြောက်မွေးသည်ဟု ဆိုခြင်းမှာ. . .

မိန်းမတို့၏ဓမ္မတာသဘောအရ ပဋိသန္ဓေ တည်နေ သောအခါ ဓမ္မတာသွေးတို့သည် ထိမ်ငုတ်ပျောက်ကွယ်ရလေ ၏။

သို့သော်လည်း ၎င်းဓမ္မတာသွေးသည် အာဟာရ၏မှား ယွင်းမှုကြောင့်လည်းကောင်း၊ အနေအထိုင်၏မှားယွင်းမှုကြောင့် လည်းကောင်း၊ စိတ်၏ဖောက်ပြန်မှုကြောင့်လည်းကောင်း၊ ဆေးဝါး၏မသင့်တင့်မှုကြောင့်လည်းကောင်း၊

တည်နေသော ပဋိသန္ဓေ၏အဆောက်အအုံဖြစ်သော သရီရဓာတ်ခုနစ်ပါးတို့မှ အသွေး၏ခမ်းခြောက်ခြင်းကြောင့် လူ သာမန်တို့၏ကိုယ်ကာယအတိုင်း မကြီးထွား၊ မသန်မာဘဲ ကြုံလှီ ဖျော့တော့၍ သေးငယ်စွာ မွေးဖွားလာခြင်းကို လူခြောက်ဟု ခေါ်ကြလေသည်။





ဤကဲ့သို့သော လူခြောက်များသည် များသောအားဖြင့် ပဋိသန္ဓေ ရှိနေစဉ်အတွင်း အထက်ပါ ဖောက်ပြန်ချို့ယွင်းမှုတို့ ကြောင့် သွေးများ အဆမတန် ဆင်းသက်သော မိန်းမများတွင် မွေးဖွားလေ့ရှိကြပေသည်။

အချို့က ဤကဲ့သို့သော လူခြောက်များသည် ဝိညာဉ် လောကမှ လာရောက်၍ ဤကဲ့သို့ ခြောက်သွေ့နေသော သေး ငယ်လှသည့် ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်ခိုအောင်းနေ၍ မွေးဖွားပေးသော မိဘတို့ကို အကျိုးပြုသည်ဟု ထင်မှတ်ကြလေ သည်။

အချို့ကလည်း ကမ္ဘဇိက္ကဒ္ဒိ တန်ခိုးရှိသော ဂန္ဓဗ္ဗနတ်တို့ ၏အဆက်အသွယ်ဖြစ်သော ပုဂ္ဂိုလ်များ ဝင်ရောက်ကိန်းအောင်း နေသည်ဟု ယူဆသဖြင့် အစီအရင်အမျိုးမျိုးဖြင့် ပြုလုပ်စီရင်ပြီး သိဒ္ဓိပြီးမြောက်သည်ဟု အယူရှိကြပေသည်။

အခြေခံသဘောအရ ဆိုရပါမူ ဤလူခြောက် သန္ဓေ တည်စဉ်ကပင် သည်းခြေ၏လွန်ကဲမှုကြောင့် ဝမ်းမီးသည် အား ကောင်းလှ၍ လူခြောက်ကလေး၏ခန္ဓာကိုယ်၌ ရှိသော အသွေး အသားတို့ထံသို့ ပြင်းထန်လှသည့် ဝမ်းမီးနှင့် သည်းခြေတို့ကို မိဿကဖြစ်သော လေ၏ပို့ဆောင်ပေးမှုကြောင့် တစ်ကိုယ်လုံး ပျံ့နှံ့၍ ဝမ်းမီး၏အပူဖြင့် အသားအရေကို ခမ်းခြောက်စေပါ သည်။

သို့ကြောင့် အသွေးအသားများ ခမ်းခြောက်သွားသော ဤသူငယ်သည် လူသာမန်ကဲ့သို့ အသက်ရှင်၍မနေနိုင်။

ခန္ဓာကိုယ်ဖြပ်တို့အား ပုပ်ဆွေးစေတတ်သော အဆွေး အသားတို့သည် ခမ်းခြောက်သွားရသည်ဖြစ်၍ ဤလူခြောက်သည် ပုတ်သည်ဟု မရှိတော့ပေ။

ဆေးကျမ်းများ အဆိုအရ သည်းခြေသည် ထူးကဲသော သတ္တိဂုဏ် ရှိပေသည်။

၎င်းသတ္တိဂုဏ်သည်ပင် လိုအင်ဆန္ဒကိစ္စအဝဝတို့ကို ပြီးစီးစေနိုင်သော သိဒ္ဓိတစ်မျိုးပင်ဖြစ်ပေသည်။

သို့ကြောင့် ၎င်းလူခြောက်များသည် သိဒ္ဓိပြီးမြောက်၍ လိုအင်ဆန္ဒ အလုံးစုံတို့ကို ပြည့်စုံစေနိုင်သည်ဟု အယူရှိကြသည်မှာ လက်ခံနိုင်စရာအကြောင်း ရှိပေသည်။

အချို့ကိုယ်တွေ့ကြုံသူများ၏ပြောပြချက်အရ. . .

လူခြောက်များသည် ၎င်းတို့သက်တမ်းနှင့် အရွယ်ကို မိဘများအား ပြသ၍ အဝတ်အထည် အသုံးအဆောင်များ ဝယ်ခိုင်းသည်ဟု ဆိုသည်။ လူခြောက်မွေးသူများ စီးပွားဉစ္စာ တိုးတက်ရခြင်းများက အယူစွဲကြောင့်နှင့် လူခြောက်များ၏ကမ္မဇိတ္တိကြောင့်လည်း ဖြစ်ပေသည်။

ပရလောက ဝိညာဉ်လောကကို နှံ့စပ်ကျွမ်းကျင်သူများ၏လေ့လာသုံးသပ်ချက်အရ လူခြောက်၏သဏ္ဍာန်သည် ဝေဒနက္ခန္ဓာသည် ရူပက္ခန္ဓာနှင့် အစဉ်ယှဉ်တွဲ၍မနေနိုင်ပေ။

သာမန်လူသားတို့ကဲ့သို့ ရုပ်နှင့်နာမ်ကို အစဉ်ယှဉ်တွဲ၍ မနေနိုင်ပေ၊ လျှပ်စစ်ခေါင်းလောင်းကဲ့သို့ ထိလိုက်ခွာလိုက်ဖြစ်နေသည်။





သို့သော်လည်း ရုပ်ခန္ဓာအနီးမှ နာမ်ခန္ဓာက ဝေးကွာသောနေရာသို့ ဘယ်သောအခါမှ ထွက်ခွာသွားလေ့ မရှိပေ။

အလွယ်တကူ ဝင်ရောက်နိုင်ရန် ရုပ်ခန္ဓာအနီးမှာပင် လှုပ်ရှားသွားလာနေလေ့ရှိသည်။

မမျှော်လင့်ဘဲ လူခြောက်ရရှိထားသူများသည် မူလရုပ်ခန္ဓာအား ပြုပြင်ပြောင်းလဲမှု မပြုလုပ်ကြရန် အရေးကြီးလှသည်။

အခြားဖျက်ဆီးတတ်သော သတ္တဝါတို့၏အန္တရာယ်မှလည်း ကာကွယ်မှု ပြုလုပ်ထားရန် လိုအပ်လှပေသည်။

အချို့ကျေးလက်တောရွာများတွင် ဘီလူးမွေးသည်ဆိုသော အဖြစ်အပျက်များသည်လည်း မကြာခဏဆိုသလို ပေါ်ပေါက်လေ့ရှိကြသည်။

အချို့သောကလေးများသည် မွေးဖွားလာသည့်အချိန်၌ သဘာဝတရားကို ဆန့်ကျင်လျက် မွေးလျှင်မွေးချင်း ရှည်လျားသော အမွေးများ ပါလာခြင်း၊ သွားများ ပေါက်နေခြင်း၊

ထူးခြားရှည်လျားသော ချွန်ထက်သည့်အစွယ်များ ပါလာခြင်း၊ မျက်လုံးပြူးနေခြင်း၊ နားရွက်လန်နေခြင်း၊ နှုတ်ခမ်းလန်ခြင်း၊ နှာခေါင်းတိုခြင်း စသည်တို့ ဝမ်းတွင်းပါ ပါလာလေရာ အချို့မိဘများက ဘီလူးကလေး မွေးသည်ဟု ယူဆကြလေသည်။

ထိုသို့ ယူဆပြီး ဓားထမ်း၍ကျော်ခြင်း၊ အမဲသားငါးများ အစိမ်းလိုက် ကိုက်၍ ကျော်ခြင်း၊ အမဲသားငါး စသော သွေးရည်တို့ဖြင့် ကလေးအပေါ်သို့ လောင်းချခြင်းများ ပြုလုပ်ကြပေသည်။

ကျေးလက်တောရွာများ၌ အယူအဆစွဲများ ရှိသည့် မိဘအချို့ကမူ ထိုကဲ့သို့ ကလေးများ မွေးလာပါက ဘီလူးကလေး မွေးသည်ဟု မှုချထင်တတ်ကြပြီး မိဘနှင့် ပတ်ဝန်းကျင်မှ လူများကို အန္တရာယ်ပေးခြင်း၊ သတ်ဖြတ်စားသောက်ခြင်း၊ သွေးသားများ စုပ်ယူခြင်းများ ပြုလုပ်လာမည်ဟု အထင်ရှိကာ များစွာ ကြောက်ရွံ့မှုဖြစ်လျက် အရှင်လတ်လတ် မြေမြှုပ်၍သတ်ခြင်း ခေါင်းအုံး၊ အဝတ်တို့ဖြင့် အသက်ရှူ၍မရအောင် ဖိသတ်ခြင်း ဓါးလှံတို့ဖြင့် ထိုးခုတ်၍ သတ်ခြင်း အစရှိသည်တို့ဖြင့် သတ်ဖြတ်ပစ်လေ့ရှိသည်။

ထိုကဲ့သို့ မဆင်မခြင် ပြုလုပ်မိခြင်းမှာ များစွာမှားယွင်းမှုများ ရှိတတ်ပေသည်။

ဘီလူးရုပ်နှင့် တူသောကလေး မွေးရခြင်းမှာ. . .

ပဋိသန္ဓေ ရှိစဉ်ကာလအတွင်း၌ မိခင်ဖြစ်သူသည် ဥဏှ ပထဝီ၊ အာကာသ လွန်ကဲသော တေဇော၊ ဝါယောအစာများကို စားခဲ့သောကြောင့် ရသ၊ အသွေးအသား၊ အဆီများ များ၍ အရိုးဓာတ်အားကောင်းလာသောကြောင့် သွားများ၊ အစွယ်များ ခြေသည်းလက်သည်းများ၊ ဆံပင်မွေးညှင်းများ ပေါက်ရောက်၍ ဝမ်းတွင်းပါ ပါလာခြင်းများဖြစ်ပေသည်။

စိတ်၏အနေအထားအားဖြင့်လည်း ၎င်းမိခင်သည် ပဋိသန္ဓေ ရှိခိုက်တွင် ခိုက်ရန်ဒေါသ ဖြစ်ပွား၍ စိတ္တဇဥဏှ လွန်ကဲသောသဘောကြောင့် ကလေးတွင် မျက်လုံးပြူးခြင်း၊ နားရွက်လန်ခြင်း၊ နှုတ်ခမ်းတိုခြင်းများ ဖြစ်ပေါ်လာရပေသည်။





ဤကဲ့သို့ မိခင်၏နေထိုင်သွားလာ စားသောက်မှီဝဲမှုနှင့် စိတ်ဓာတ်၏မထိန်းသိမ်းမှုကြောင့် သားငယ်တွင် ပေါ်ပေါက်လာရသော အသွင်အပြင်လက္ခဏာကို "ဘီလူး" ဟူ၍ ပညတ်ကာ သတ်ဖြတ်နေကြသည်မှာ အမှန်တရားအား မျက်ကွယ်ပြုခြင်းပင် ဖြစ်လေသည်။

ဤကဲ့သို့ မမွေးဖွားလိုပါက မိခင်သည် အထက်ပါ ပြုမူချက်များကို ရှောင်ရှားသင့်ပေသည်။

အချို့သောကလေးများသည် မွေးဖွားစဉ်အခါက စ၍ စကားပြောသည့်အချိန် အရွယ်အထိတိုင်အောင် စကားမပြောနိုင်ခြင်း၊ ဆွံ့အ၍နေခြင်း၊ လူစဉ်မမှီအောင် သေးငယ်၍နေခြင်း၊ ကလေးကဲ့သို့ အမွေးအမျှင်များ မပေါက်ဘဲ ရှိခြင်း၊ အချို့သော မိန်းကလေးများသည် ဓမ္မတာ မပေါ်ဘဲ ခမ်းခြောက်၍နေခြင်း၊ အသားစိုင်များ ဖြစ်သော ရင်သား၊ တင်သားများ ခြောက်ကပ်၍ နေခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်လာခြင်းကို အရပ်ခေါ် အားဖြင့် ဥစ္စာစောင့် လူဝင်စားဟူ၍ သမုတ်ကြပေသည်။

ထိုဥစ္စာစောင့် လူဝင်စားသည် မည်သည့်အချိန်အရွယ်တွင် သိုက်နန်းသို့ ပြန်မည်ဟူ၍လည်းကောင်း၊ ဥစ္စာရွှေငွေများကို မိဘများနှင့် ၎င်းတို့ ချစ်ခင်မြတ်နိုးသော ပုဂ္ဂိုလ်များအား ပေးကမ်း မစမည် ဟူ၍လည်းကောင်း ယူဆလျက်ရှိကြပေသည်။

အမှန်အားဖြင့် ၎င်းကလေးသည် လေးလံသောရုပ်ရှိခြင်း၊ နှေးကွေးသော လှုပ်ရှားမှု ရှိခြင်း၊ ရာသီဥတု အပူဒဏ်ကို

မခံနိုင်ခြင်း၊ ငြိမ်ကုပ်လျက် စဉ်းစားနေဘိသကဲ့သို့ မှိုင်တွေ၍နေ တတ်ခြင်း ဟူသော ပင်ကိုယ်ရုပ်လက္ခဏာများ ရှိတတ်ကြေ သည်။

ငှင်းကလေးများသည် အမိဝမ်းတွင်း၌ ရှိနေစဉ်တွင် မိခင်သည်လည်းကောင်း၊ မွေးဖွားပြီးသောအခါ ထိုကလေးသည် လည်းကောင်း များသောအားဖြင့် ပုခက်တွင်းမှ သို့မဟုတ် လက် တွင်းမှ သို့မဟုတ် အမြင့်တစ်ခုခုအပေါ်မှ ကျခြင်း၊

ရေနစ်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှုတစ်ခုခု ဖြစ်ခြင်း အလွန်အမင်း စိတ်ထိခိုက်၍ ဝမ်းနည်းခြင်း စသောအကြောင်း များကြောင့် ဗဟိန္ဒအာဗန္ဓနအာပေါလွန်လျက် အင်္ဂ-မင်္ဂ ဝါယော ဓါတ်ပျက်သဖြင့် ဓါတ်ခုနစ်ပါးတို့၏ချို့ယွင်းခြင်း၊ ပိတ်ဆို့ခြင်းများ ကြောင့် ဒေါသသုံးပါးတို့သည်လည်း ဖောက်ပြန်ကြကုန်သည်ဖြစ် ၍ အထက်ဖော်ပြပါ ဥစ္စာစောင့်လက္ခဏာများ ဖြစ်ပေါ်လာကြ ပေသည်။

ဤကဲ့သို့ ဖြစ်ပေါ်လာကြသည်ကို ပတ်ဝန်းကျင်မှ ထင် ယောင်ဝိုးဝါးဖြင့် ဆရာများနှင့် ကုသခြင်း ပြုလုပ်လေသည်။ ဆိုလိုသည်မှာ လောကီဝိဇ္ဇာပညာကို အတိမ်အနက် မသိသော အမှန်တရားကို သဘောမပေါက်သည့် ဂိုဏ်းဆရာအချို့နှင့် ကုသခြင်းကို ဆိုလိုသည်။

ဤသို့ ကုသခြင်း၊ ရိုက်နှင်ခြင်း စသည်များကို ပြုလုပ် သဖြင့် ငှင်းကလေး၏ချို့ယွင်းနေသော ဓါတ်သဘာဝတို့သည် တိုးတက်ကောင်းမွန်မလာသည်သာမက ပျက်စီးဆုံးရှုံးရသည်ကို





င် မကြာမကြာ ကြားသိရလေသည်။

ထို့ကြောင့် ဥစ္စာစောင့် မွေးဖွားသည်ဟူ၍ အလွယ် ကူ အယူမသည်းကြဘဲ ပညာဉာဏ်ဖြင့် ဆင်ခြင်သင့်လှပေ သည်။

ဦးမွန်ထော်က ထိုအကြောင်းများကို ပြောပြသောအခါ မောင်တို့သုံးယောက်က တအံ့တဩနှင့် နားထောင်နေကြ သည်။

"ဒါဖြင့် မော်ကင်းကရော အဲဒီလိုမျိုးပဲလားဟင်"

"သူကတော့ အတော်ကလေး ဆန်းတဲ့ကလေးလို့ ပြော ရမယ်၊ မိခင်ရဲ့စရိုက်ကြမ်း၊ ဖခင်ရဲ့စရိုက်ကြမ်းတွေ၊ ဓလေ့စရိုက် တွေကြောင့် အခုလို ရုပ်ရည်မျိုးနဲ့ မွေးလာရတယ်ဆိုပေမယ့် ဘဝဟောင်းက ပရလောကသားတွေနဲ့ အမြဲဆက်သွယ်လို့ ရနေ တာကတော့ ဆန်းကြယ်တယ်လို့ ဆိုရမယ်၊ မော်ကင်းက သာမန် ကလေးတစ်ယောက်တော့ မဟုတ်တာ အမှန်ပဲ၊ ပရလောက,က ဘဝကူးလာတယ်ဆိုရင်တောင် ဘဝဟောင်းနဲ့ အတော်ကလေး း စပ်တဲ့ပုံပဲ"

ဟု ပြောပြလေသည်။

ထိုနေ့ညဘက်မှာပင် မှင်စာငတေ ရောက်လာပြီး ဤသို့ပြောလေသည်။

"အစ်ကို. . . သူတို့က ကျွန်တော့်ကို မွေးပေးခဲ့တယ် ဆိုပေမယ့် သူတို့နဲ့ နေလို့မရဘူး"

"ဒါဖြင့် မင်း ဘာကြောင့် သူတို့ဆီ ဝင်စားရတာလဲ"

"ကျွန်တော် လူ့ဘဝကို ဝင်စားဖို့ နေရာရှာတော့ သူ...
မှာပဲ ဝင်စားမှ ရမှာမို့ ဝင်လိုက်ရတာပါ"

"ဘာကြောင့် သူတို့နဲ့ နေလို့မရတာလဲ"

"သူတို့က အကုသိုလ်ကံတွေ များတယ်၊ ကျွန်တော်...
အတိတ်ဘဝက ကံအကြောင်း မကောင်းခဲ့လို့ ဒီလိုဘဝ ရောက်...
ပေမယ့် ဒီဘဝမှာ အကုသိုလ်ကံ မရှိဘူး၊ အကုသိုလ်ကံ ရှိတဲ့သူ...
ကုသိုလ်ကံ ရှိတဲ့သူက အတူနေလို့မရဘူး၊ အတူနေရင် သူ...
ဒုက္ခရောက်လိမ့်မယ်"

"ဘာကြောင့်လဲကွ"

"သူတို့က မိဘဆိုပေမယ့် အကုသိုလ် ဖိစီးလာ...
မကောင်းတာ လုပ်မိရင် ပိုပြီးခံရလိမ့်မယ်၊ တကယ်လို့ အစ်ကို...
ကျွန်တော့်ကို သူတို့ဆီ ပြန်ပို့မယ်ဆိုရင် ကျွန်တော် လူ့လော...
ကနေ ပြန်ထွက်ပေးရလိမ့်မယ်"

ဟု ပြောရာ နီမောင်မှာ ဘယ်လိုပြန်ပြောရမှန်းပင် မ...
တော့ပေ။





## အခန်း(၁၃)

## သေရမည့် အမည်စာရင်းပေါက်နေသူ

နောက်တစ်ပတ်ခန့် ကြာသောအခါ သူကြီးဦးသာကျော်
အိမ်သို့ ကော့သောင်းဘက်မှ ဆင်းလာသော ကုန်သည်များ
ရောက်လာကြလေသည်။

၎င်းတို့မှာ စက်လှေကြီးဖြင့် ရောက်လာကြခြင်းဖြစ်
သည်။

ကုန်သည်အဖွဲ့မှာ ယိုးဒယားဘက်မှ လာကြခြင်း ဖြစ်ပြီး
ကော့သောင်းမှတစ်ဆင့် ပုလဲနက်ရွာအထိ ရောက်လာကြသည်။

စက်လှေပေါ်မှာ ရောင်းချစရာ ပစ္စည်းများလည်း ...

ပြီး ထိုနေရာတဝိုက်ကျွန်းများသို့ လှည့်လည်ကာ ပုလဲသာမက ငှက်သိုက်၊ ငါးကြီးအန်ဖတ် အစရှိသော ပင်လယ်ထွက် အဖိုးတန်ပစ္စည်းများကို ရသမျှ ဝယ်ယူပြီးမှ ပြန်လေ့ရှိကြသည်။

ပုလဲနက်ကျွန်းသို့ ယခင်ကတည်းက ရောက်ခဲ့ဖူးသည်မို့ ယခုကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်းဖြစ်၏။

ရွာသို့ ရောက်သည်နှင့် ဦးသာကျော် အိမ်ရှိရာ ဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီးနောက် ဦးသာကျော်အား လက်ဆောင်များ ပေးကာ ရွာထဲသို့ နှုတ်ဆက်ခိုင်းလေသည်။

ဦးသာကျော်က လက်ဆောင်ပစ္စည်းများ ရသဖြင့် ၎င်း၏တပည့်များကို ရွာထဲ လွှတ်၍ တစ်အိမ်တက်ဆင်း လိုက်လံ နှုတ်ဆော်ခိုင်းလေသည်။

"သူကြီးအိမ်မှာ ယိုးဒယားဘက်က လာတဲ့ ကုန်သည် စက်လှေ ရောက်နေပြီဟေ့၊ ဝယ်စရာရှိရင်လည်း ဝယ်လို့ရတယ်၊ ရောင်းစရာရှိရင်လည်း လာရောင်းကြဖို့ သူကြီးက မှာလိုက်တယ်ဟေ့"

ဟု လိုက်ပြောသဖြင့် ပင်လယ်ထွက်နေသူများမှလွဲ၍ ရွာသူရွာသားအတော်များများတို့က မိမိတို့ ရှာဖွေရသမျှ စုဆောင်းထားသော ကုန်ပစ္စည်းများကို လာရောက်ရောင်းချကြသည်။

ကုန်သည်များက ကော့သောင်းမှ ပေါက်ဈေးထက် နှိမ်၍ဝယ်ယူကြသည်။

သို့သော်လည်း ပင်လယ်ထဲက အလကား ရှာဖွေ၍





ရသောပစ္စည်းမို့ ဈေးနှုန်းကို ပဓာန မထားဘဲ ပြောသည့်ဈေးနှင့် ရောင်းလိုက်ကြသည်။

အချို့က မြို့ကို အရောက်အပေါက် ရှိသဖြင့် ဈေးနှုန်း မတူမှန်း သိ၍ ရောင်းဖို့ရန် အင်တင်တင်ဖြစ်နေပါက ဦးသာကျော်က ဝင်ပြောပေးသည်။

"ဟိုနဲ့ဒီနဲ့ ဈေးကတော့ ဒီလောက်တော့ ကွာမှာပေါ့ကွ၊ ဒီကနေ ကော့သောင်းကို ရောက်အောင်သွားဖို့က လွယ်လို့လား၊ စက်လှေရှိဦးမှ၊ စက်လှေရှိတာတောင် စက်ဆီဖိုးက ကုန်ဦးမယ်၊ နောက်ပြီး လမ်းမှာ လှိုင်းနဲ့လေနဲ့ အန္တရာယ်မများဘူးလား၊ ဒီမှာတင် ရောင်းလိုက်တော့ အေးရော မဟုတ်လား"

ဟု ကုန်သည်များဘက်မှ သာသာထိုးထိုး ဝင်ပြောပေးသဖြင့် မထူးတော့ဟု သဘောထားကာ ရောင်းကြလေသည်။

ထိုသို့ လာရောက်ရောင်းချသူများထဲမှာ နီမောင်တို့ သုံးယောက်လည်း ရောက်လာသည်။

သူတို့လည်း ရှာဖွေရထားသော ပုလဲနှင့် အခြားပစ္စည်းများကို ရောင်းချကြသည်။

အားလုံးပြီးသောအခါ နီမောင်က အိတ်တစ်လုံးဖြင့် သီးသန့်ထုပ်ထားသော ပုလဲနက်ကို ချပေးလိုက်သည်။

ကုန်သည်ခေါင်းဆောင် မစ္စတာဘန်ကျင်က တစ်ချက်လှမ်းကြည့်ပြီး. . .

"ဒါက ဘာလဲ"

ဟု မေးသည်။

"ပုလဲနက်ပါ"

ထိုသို့ပြောသဖြင့် ကပျာကယာ အိတ်ကို ဖွင့်ပြီး အတွင်းမှ ပစ္စည်းကို သွန်ချလိုက်သည်။

ကြီးမား၍ အရောင်အသွေးကောင်းသည့် ပုလဲနက်ကြီးက အဝတ်ပေါ်သို့ ကျလာသည်။

"ဟင်. . ."

"ဟာ. . ."

ထိုပုလဲနက်ကြီးကို မြင်သော မစ္စတာဘန်ကျင်မှာ တအံ့တသြ ဖြစ်သွားသလို ဦးသာကျော်တို့ သားအဖနှစ်ယောက်မှာလည်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုပုလဲနက်လုံးကြီးမှာ မမျှော်လင့်ဘဲ သူတို့လက်ထဲမှ ပျောက်သွားသော ပုလဲနက်ကြီးနှင့် များစွာတူလှသောကြောင့် ဖြစ်သည်။

"နီမောင်. . ဒီပုလဲနက်ကို မင်း ဘယ်က ရလာတာလဲ"

"ပင်လယ်ထဲက ရလာတာ"

"ပင်လယ်ထဲကတော့ မင်းပြောမှလားဟ၊ ဘယ်နေရာက ရတာလဲလို့ မေးတာ"

"မရဏအငူကွေ့က"

ထိုအခါ ပန်းစိန်က ဒေါသမျက်နှာဖြင့် ဝင်မေးသည်။

"ဒါ ငါတို့ပျောက်သွားခဲ့တဲ့ ပုလဲနက်ကြီး မဟုတ်လား၊ မင်းခိုးယူထားခဲ့တာ မဟုတ်လား"





"မင်းတို့ပစ္စည်းကို ခိုးလည်းမခိုးဘူး၊ ဘယ်တုန်းကမှ ...ည်း မယူခဲ့ဘူး၊ ပင်လယ်ရေအောက်မှာ ဒီလိုပုလဲနက်မျိုးတွေ အများကြီး ရှိတာပဲ"

နီမောင်က အေးအေးဆေးဆေး ပြန်ပြောတော့ ပန်း...လည်း ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်ပြီး ငြိမ်သွား...ည်။

နီမောင့်စကားကို များစွာစိတ်ဝင်စားသွားသူက မစ္စတာ...န်ကျင်ဖြစ်လေသည်။

သူသည် နီမောင်ရောင်းမည့် ပုလဲနက်ကြီးကို အသေ...ချာ စစ်ဆေးကြည့်နေသည်။

ပြီးမှ. . .

"ဒီလို ပုလဲနက်တွေ အများကြီး ရှိတဲ့နေရာကို မင်းသိ...သလား"

ဟု မေးသည်။

"သိပါတယ်. . ."

"ကောင်းပြီ. . . ဒီပုလဲနက်ကို မင်းဘယ်လောက်ရရင် ...ရောင်းမှာလဲ"

"ဝယ်မယ့်သူက တန်ဖိုးဖြတ်ပါ"

မစ္စတာဘန်ကျင်က အတန်ကြာအောင် စဉ်းစားနေပြီး .... . .

"ငါးထောင်ပေးမည်"

ဟု ဈေးခေါ်သည်။

"ကျွန်တော်တို့က ရောင်းလို့ရတဲ့ငွေကို ခွဲယူမှာ ဆိုတော့ ငါးထောင်နဲ့ မဖြစ်ဘူး၊ တစ်သောင်းရရင်တော့ ရောင်းမယ်"

"တစ်သောင်းဆိုတဲ့ငွေက စက်လှေတစ်စင်း ဝယ်လို့ ရတယ်၊ ရောင်းဖြစ်ဝယ်ဖြစ် ကိုးထောင်အထိ ပေးမယ်. . . ရောင်းမလား"

ဟု မေးရာ နီမောင်ကလည်း ဆက်မပြောလိုတော့သဖြင့် ရောင်းလိုက်လေသည်။

ပုလဲတစ်လုံးတည်းနှင့် ငွေကိုးထောင် ရလိုက်သော နီမောင်ကို တစ်ရွာလုံးက လုပ်ဖော်ကိုင်ဖက်များက အားကျစွာဖြင့် ဝိုင်းကြည့်နေကြလေသည်။

မစ္စတာဘန်ကျင်က တစ်ရာတန် ငွေစက္ကူအရွက် ကိုးဆယ်ကို ရေတွက်၍ နီမောင်လက်ထဲသို့ ထည့်ပေးသည်။

နီမောင်ကလည်း ထိုငွေများကို သုံးထောင်စီ ခွဲ၍ တစ်စု ကို နက်ကျော်မိန်းမကို ဝင်ပေးလိုက်သည်။

တစ်စုကို မရဏအငူကွေ့ ချွန်းထိပ်ပေါ်မှာ စေတီတည် ပေးရန်အတွက် သီးသန့်ဖယ်ထားလိုက်ပြီး ကျန်တစ်စုအတွက် သုံးထောင်ကို ဦးမွန်ထော် တစ်ထောင်၊ စောထီးနှင့် ငမဲအောင် ကို တစ်ထောင်စီ ခွဲပေးလိုက်သည်။

ဘုရားတည်ရန် ငွေကိုလည်း ဦးမွန်ထော်ထံမှာပင် အပ်နှံထားလိုက်လေသည်။

နီမောင်တို့ ပြန်သွားသောအခါ မစ္စတာဘန်ကျင်နှင့်





ဦးသာကျော်တို့မှာ ခေါင်းချင်းဆိုင် တိုင်ပင်ကြလေတော့သည်။

မစ္စတာဘန်ကျင်က မြေပုံကားချပ်ကို ရှေ့မှာ ဖြန့်ချကာ တစ်နေရာကို စက်ဝိုင်းပြထားသည်။

"ဒီဘက် ပင်လယ်ပြင်တွေမှာ မီးတောင်ပေါက်ကွဲခဲ့ဖူးတဲ့ နေရာဟောင်းအချို့ ရှိတယ်၊ ရေအောက်မီးတောင်တွေ ပေါက်ကွဲပြီး ပျက်စီးသွားတဲ့ ရွာတွေလည်း ရှိတယ်"

မစ္စတာဘန်ကျင်က ပြောသောအခါ ဦးသာကျော်ကပါ ခေါင်းညိတ်ပြလေသည်။

"ကျုပ်တို့လည်း ကြားဖူးပါတယ်၊ ဒါပေမယ့် ဘယ်နေရာ တွေလဲဆိုတာတော့ တိတိကျကျ မသိရဘူး"

"သူ ပုလဲနက်ကြီးကို ဘယ်နေရာက ရလာတယ်ဆိုတာ ဦးသာကျော် သိသလား"

"သိပါတယ်. . . မရဏအငူကွေ့က ရခဲ့တာ ဖြစ်မှာပါ"

"မရဏအငူကွေ့ဆိုတာ ဒီနေရာ မဟုတ်လား"

ဟု မြေပုံပေါ်သို့ လက်ထောက်ပြရာ သူတို့ရွာတည်ထားသောကျွန်းမှ ကြည့်လျှင် မရဏအငူကွေ့ ရှိရာနေရာပင် ဖြစ်ပေသည်။

"ဟုတ်ပါတယ်. . . အဲဒီနေရာပါပဲ"

ဦးသာကျော်ထံမှ ထိုစကားကြားသောအခါ မစ္စတာ ဘန်ကျင် မျက်နှာပေါ်မှ ကျေနပ်မှုအရိပ်အယောင်များ ပေါ်လာ သည်။

"ကော့သောင်းရဲ့အနောက်တောင်ဘက်ယွန်းယွန်း

နေရာအချို့မှာ မီးတောင်ပေါက်ကွဲခဲ့ဖူးတဲ့ နေရာအတော်များများ ရှိပါတယ်၊ ဒါပေမယ့် အကြီးဆုံး မီးတောင်ပေါက်ကွဲမှု ဖြစ်ခဲ့တဲ့နေရာကတော့ ဒီနေရာပါပဲ"

ဟု ပြောသည်။

"ကျုပ်တို့ ခပ်ငယ်ငယ်က လူကြီးတွေ ပြောသံကြားရတာတော့ အဲဒီကျွန်းပေါ်မှာ အရင်က စည်ကားတဲ့ရွာကြီးတစ်ရွာ ရှိခဲ့ဖူးပါတယ်၊ နောက်တော့ မီးတောင်ပေါက်ကွဲတော့ တစ်ရွာလုံး သေကြေပျက်စီးခဲ့ကြပြီး ရေအောက်ကို ရောက်သွားခဲ့ကြရတယ်"

"ပုလဲနက်ဆိုတာ မီးတောင်ပေါက်ကွဲတဲ့နေရာတွေမှာပဲ ရတတ်ပါတယ်၊ ဒါကြောင့် အဲဒီနေရာက ပုလဲနက်ကြီး ရခဲ့တယ်ဆိုတာ မှန်နိုင်ပါတယ်"

ပုလဲနက် ရရှိနိုင်သောနေရာမှာ ရှားပါးသလို နေရာတိုင်းမှာလည်း ပုလဲနက် မရနိုင်ပေ။

ပုလဲနက် ရနိုင်သော နှုတ်ခမ်းနားအနက် မုတ်ကောင်များကို တောင်ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ (Tuamotu)ကျွန်းဝန်းကျင်ရှိ ရေပြင်၌ တွေ့ခဲ့ကြရသည်။

ယင်းမုတ်ကောင်များ စတင်တည်ရှိခဲ့သည်မှာ နှစ်ပေါင်း (၂၀၀)ကျော် ရှိပြီဟု သုတေသနပညာရှင်များက ခန့်မှန်းကြသည်။

သဘာဝပုလဲနက်များကို ရှာဖွေရန် ခက်ခဲလာသောအခါ မွေးပုလဲနက်များကို ထုတ်လုပ်ရန် ကြိုးစားခဲ့ကြသည်။





မွေးပုလဲ ထုတ်လုပ်သောလုပ်ငန်းကို (၁၉၆၃)ခုနှစ်က ၁တင်လုပ်ကိုင်ခဲ့ကြပြီး (၁၉၈၇)ခုနှစ်က နယူးယောက်တွင် ပုလဲနက်ကြီးတစ်ကုံးကို ဒေါ်လာငါးသိန်းဖြင့် အရောင်းအဝယ်ဖြစ်ချိန်မှစ၍ ပုလဲနက် ယဉ်ကျေးမှုနှင့် သုံးစွဲမှုများမှာ ကမ္ဘာတစ်လွှားခေတ်စားလာခဲ့သည်။

ယခုအခါမှာတော့ တစ်ကမ္ဘာလုံးက ပုလဲနက်ကို စိတ်ဝင်စားလျက်ရှိနေကြပေပြီ။

သဘာဝ ပုလဲနက်များကို မီးတောင်ပေါက်ကွဲထားသောနေရာများမှာ ရှာဖွေရရှိနိုင်ပေသည်။

ပုလဲနက် အထွက်အများဆုံးနေရာမှာ တဟီးဟီးနှင့် အခြားပစိဖိတ်ကျွန်းများ၌ ရှာဖွေရရှိနိုင်ပေသည်။

"ဒီတော့ မစ္စတာဘန်တို့က ဘယ်လိုလုပ်ချင်သလဲ ပြောပါ"

"အမှန်တိုင်း ပြောရရင် ကျုပ်တို့ သွားရင်းလာရင်းနဲ့ ဒီအကြောင်းတွေကို စုံစမ်းနေတာ အတော်ကြာပါပြီ၊ အခုမှပဲ သဲလွန်စ တွေ့ရတော့တယ်ဆိုပါစို့၊ ဒီပုလဲနက်ကြီးကို ရလိုက်တာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သဲလွန်စပါပဲ"

မစ္စတာဘန်ကျင်ထံမှ ထိုစကားကြားသောအခါ ပန်းစိန်ကလည်း စိတ်ဝင်စားလေသည်။

သူသည် မစ္စတာဘန်ကျင် လက်ထဲမှာ ရောက်နေသော ပုလဲနက်ကြီးကို ကြည့်ရင်း သူ့လက်ထဲမှ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သော ပုလဲနက်ကြီးများ ဖြစ်လေမလားဟု တွေးနေမိ

သည်။

"အရွယ်အစားရော အရောင်အသွေးပါ အတော်တူ တယ်၊ ဒါပေမယ့် ငါတို့ဆီက ပုလဲနက်က ဘယ်နေရာမှာ ဘယ် လိုပျောက်သွားမှန်းမှ မသိတာ၊ သူ့ပုလဲနက်ကြီးကို နက်ကျော် များ ပြန်လာယူသွားလေရော့သလား၊ နီမောင်ကလည်း ဒီပုလဲ လုံးကြီးကို ပင်လယ်ထဲက ရခဲ့တယ်လို့ ပြောတယ်၊ ငါပျောက် သွားတဲ့ ပုလဲနက် ဟုတ်ချင်မှဟုတ်မှာပါ၊ ပုလဲလုံးချင်း တူတာပဲ ဖြစ်မှာပါ"

ဟု မကျေမနပ်ဖြင့် တွေးနေလေသည်။

"မစ္စတာဘန်တို့ အစီအစဉ်ကို ပြောပါ၊ ကျုပ်တို့ အကူ အညီပေးနိုင်ရင် ပေးပါ့မယ်"

ဟု ဦးသာကျော်က ထပ်ပြောလိုက်သည်။

"ကျုပ်ကတော့ အဲဒီနေရာကို သွားပြီး ပုလဲရှာချင်တယ်၊ ဦးသာကျော်တို့ လိုက်ပြီးအကူအညီပေးပါ"

"တခြားနေရာမှာလည်း ဒီလိုပုလဲနက်မျိုးတွေ ရနိုင်ပါ တယ်၊ အဲဒီနေရာကိုတော့ မသွားပါနဲ့လား မစ္စတာဘန်"

"ဘာဖြစ်လို့လဲ ဦးသာကျော်ရဲ့"

"အဲဒီနေရာက မရဏအငူကွေ့လို့ နာမည်ကြီးတဲ့ အတိုင်း အန္တရာယ်သိပ်များတဲ့နေရာမို့ပါ"

ထိုစကားကြားသောအခါ မစ္စတာဘန်ကျင်က ရယ်နေ သည်။

ငွေရောင်ဆေးလိပ်ဗူးကဒ်အတွင်းမှ စီးကရက်တစ်လိပ်





ကို ထုတ်ယူကာ မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့လေ၊ အလုပ်လုပ်တာပဲ၊ ဘယ်နေရာမဆို အန္တရာယ်ကတော့ ရှိမှာပေါ့၊ သို့သော်လည်း ပူစရာ မရှိပါဘူး၊ ကျုပ်တို့ စက်လှေက ကြီးပါတယ်၊ စက်လှေထဲ မှာ ရေငုတ်ကိရိယာတွေ အစုံအလင် ပါသလို ရေနက်ပိုင်းအထိ ငုတ်နိုင်တဲ့ ကျွမ်းကျင်တဲ့ ရေငုတ်သမားတွေလည်း ပါပါတယ်၊

ဦးသာကျော်တို့က ကျွန်တော်တို့နဲ့ လိုက်ပြီး နေရာပြ ပေးရုံပါပဲ၊ ဒီလို အကူအညီပေးတဲ့အတွက် ရရှိမယ့် အကျိုး အမြတ်ကလည်း မနည်းစေရပါဘူး၊

ရလာတဲ့ပစ္စည်းတွေကို တန်ဖိုးဖြတ်ပြီး သုံးပုံတစ်ပုံ ခွဲပေးပါ့မယ်"

မစ္စတာဘန်ကျင်က စီးပွားရေးသမားတစ်ယောက်ပီပီ ဦးသာကျော် မငြင်းနိုင်လောက်သော အကျိုးအမြတ် ပမာဏကို ပြော၍ စည်းရုံးပြောဆိုလေသည်။

မစ္စတာဘန်ကျင်စကား ကြားသောအခါ ပန်းစိန်က ဖခင်ဖြစ်သူအနီးသို့ ကပ်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

"အဖေ. . . သူပြောတာကို လက်ခံလိုက်ပါ၊ သူတို့လူ တွေ သူတို့ပစ္စည်းတွေနဲ့ လုပ်ကြမှာပဲ၊ ကျွန်တော်တို့က နေရာပြ ပေးရုံပဲ မဟုတ်လား၊ တကယ်လို့ များများစားစား ရရင်တော့ ကျွန်တော်တို့အတွက် အချိုကြီး ရမှာမဟုတ်လား"

ဦးသာကျော်ကလည်း သားဖြစ်သူ ပြောနေသည်ကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာ မလှမ်းမကမ်းမှ အခြေ

အနေ ကြည့်နေသော သမီးဖြစ်သူ မြလေးကတော့ ဖခင်ဖြစ်သူ ထိုကိစ္စကို လက်ခံလိုက်မှာကို စိုးရိမ်နေသည်။

အတန်ကြာသောအခါ ဦးသာကျော်က သားဖြစ်သူနှင့် တိုင်ပင်ကာ မစ္စတာဘန်ကျင် ပြောသော အလုပ်ကိစ္စကို လက်ခံ လိုက်လေသည်။

ထိုသို့လက်ခံလိုက်ပြီး ခရီးထွက်ရန် ရက်နှင့်အချိန်တို့ကို တိုင်ပင်နေကြစဉ် မြလေးက နီမောင်ရှိရာသို့ ကသုတ်ကရုတ် ထွက်လာလေတော့သည်။

၎င်းတို့ နေသောနေရာ ရောက်တော့ ကလေးကို နို့ ရည်တိုက်ပေးနေသော နီမောင်ကို အဆင်သင့် တွေ့ရလေ သည်။

"အော်. . . မြလေးပါလား. . . လာလေ"

မြလေးက အိမ်ပေါ် တက်လာပြီး ကလေးအနားမှာ ထိုင်သည်။

မော်ကင်းကလေးက မြလေးကို မြင်သောအခါ ပြုံးပြနေ သည်။

"နင့်မှာလဲ ကလေးအဖေကြီးလုံးလုံးကို ဖြစ်နေတော့ တာပဲ"

ဟု ပြောလိုက်ရာ နီမောင်က သဘောကျစွာ ပြုံးလိုက် သည်။

"ကိုယ်တိုင်က အစွမ်းအစ မရှိတော့ ရထားတဲ့ကလေး ကိုပဲ ချစ်နေရတာပေါ့"





"အစွမ်းအစ မရှိဘူးဆိုတော့ နင်ကိုယ်တိုင်ကရော ကြိုးစားခဲ့ဖူးလို့လား"

"ဟင့်အင်း. . . တစ်ခါမှ မကြိုးစားခဲ့ဖူးပါဘူး၊ တစ်နေ့ တစ်နေ့ ထမင်းစားဖို့ အလုပ်ပဲ လုပ်နေရတော့ တစ်ခါမှ စိတ်ကူး မကြည့်ခဲ့ဘူး၊ တကယ်လို့ ငါစိတ်ကူးချင်တယ်ဆိုရင်တောင် ငါ့ အခြေအနေမျိုးကို ဘယ်သူက စိတ်ဝင်စားမှာလဲ"

"အခုတော့ နင့်ရဲ့အခြေအနေ ပြောင်းသွားပြီမဟုတ် လား"

"ဘယ်လိုပြောင်းတာလဲ"

"ပုလဲနက်ကြီး ရောင်းလို့ရတဲ့ငွေက နည်းလို့လား၊ စက် လှေတစ်စင်းလောက် ဝယ်ပြီး အေးအေးနေနိုင်ပြီ မဟုတ်လား"

"ငါ့ဆီမှာ တစ်ပြားမှ မရှိတော့ဘူး"

"ဟင်. . . ဘယ်ရောက်ကုန်ပြီလဲ"

"ကိုနက်ကျော် မိန်းမကို သုံးထောင်ပေးလိုက်တယ်၊ အဘထော်တို့သုံးယောက်ကို တစ်ယောက်တစ်ထောင်စီ ခွဲပေး လိုက်တယ်၊ ကျန်တဲ့သုံးထောင်ကို ဘုရားတည်ဖို့ ဖယ်ထားတယ်"

"ဟင်. . . နင်က ဘုရားတည်ဦးမယ် ဟုတ်လား၊ ဘယ် နေရာမှာ တည်မှာလဲ"

"မရဏအငူကွေ့ ချွန်းထိပ်ပေါ်မှာ. . . "

ထိုစကားကြားသောအခါ မြလေးမှာ တအံ့တသြဖြစ် သွားလေသည်။

"နင် အဲဒီနေရာမှာ ဘာကြောင့် ဘုရားသွားတည်တာ

လဲဟင်၊ ငါ့ကို ပြောပြစမ်းပါ"

"အကြောင်းရှိလို့ပေါ့ မြလေးရယ်၊ ဒီအကြောင်းတွေကို နင့်ကို ပြောလည်း နင်ယုံကြည်မှာ မဟုတ်လို့ မသိချင်ပါနဲ့ဟာ"

ဟု ပြောကာ ကလေးကို နို့တိုက်နေမှုကို လက်စသတ်လိုက်သည်။

"ငါယုံကြည်ပါတယ် နီမောင်ရဲ့၊ ဘာကြောင့် နင် အဲဒီနေရာမှာ ဘုရားတည်တယ် ဆိုတာလည်း ရိပ်မိပါတယ်၊ ငါ့ကို ပြောပြပါ နီမောင်ရယ်"

ဟု အတင်းမေးလေတော့သည်။

နောက်ဆုံးတော့ မတတ်သာတော့ပဲ နီမောင်က ပြောသင့်သည်များကို ပြောပြရလေတော့သည်။

"မရဏအင္ဂုကွေ့နားမှာ အရင်က ကျွန်းတစ်ကျွန်း ရှိခဲ့တယ်၊ နောက်တော့ မီးတောင်ပေါက်ကွဲပြီး အဲဒီကျွန်းရော ကျွန်းပေါ်မှာ ရှိတဲ့လူတွေရော ပင်လယ်ရေအောက်ကို ရောက်သွားခဲ့ကြတယ်၊ အဲဒီလူတွေက မရဏအင္ဂုကွေ့နားမှာ ဝိညာဉ်ဘဝနဲ့ ရှိနေကြတယ်"

"ဟင်. . . ဒါဖြင့် သူတို့ကို နင်မြင်ဖူးတာပေါ့နော်"

"အိပ်မက်ထဲမှာ မြင်ဖူးတာပါ"

"ကိုနက်ကျော်ကြီးတစ်ယောက် သေမယ်ဆိုတာကို သူတို့က ပြောလိုက်လို့ နင်ကြိုပြီးသိနေတာပေါ့နော်"

"ဟုတ်ပါတယ်. . . အကြောင်းတိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ"





ဟု နီမောင်က စကားကို လျှောချသည်။

"အခုမှတော့ ငြင်းမနေပါနဲ့တော့ နီမောင်ရယ်၊ နင် အဲဒီအကြောင်းကို သိလာခဲ့တာ မနက်ဖြန်ဆိုရင် တစ်လပြည့်တော့မယ်နော်"

နီမောင်က စိတ်မသက်မသာဖြင့် ခေါင်းညိတ်ပြသည်။

"နီမောင်. . . ငါအခုလာတာ အဲဒီအကြောင်းကို သိချင်လို့ လာတာ၊ တစ်လပြည့်တဲ့နေ့ ရောက်ရင် သေရမယ့်လူက ဘယ်သူလဲ"

နီမောင်မှာ အထိတ်တလန့်ဖြစ်သွားလေသည်။

သူ့အနေနှင့် ထိုအကြောင်းကို မေ့မေ့ပျောက်ပျောက်ထားခဲ့လေသည်။

မြလေးတစ်ယောက်လည်း ထိုအကြောင်းကို မေ့နေလောက်ပြီဟု ထင်ထားလေရာ ယခုကဲ့သို့ မေးလာသောအခါ တအံ့တဩ ဖြစ်သွားလေသည်။

"မသိချင်ပါနဲ့ မြလေးရယ်. . . ငါမပြောပါရစေနဲ့"

"နင်မပြောရင် ငါ ဒီကနေ မပြန်တော့ဘူး၊ လူကြီးတွေလိုက်လာလို့ ပြဿနာဖြစ်ချင်လည်း ဖြစ်ပစေတော့"

နီမောင် အတော်ကလေး စိတ်ညစ်သွားဟန်ဖြင့် မြလေးကို ကြည့်သည်။

သူမ၏အမူအယာက ပြောသည့်အတိုင်း လုပ်မည့်အမူအယာမျိုးဖြစ်လေသည်။

"နင် ဘာကြောင့် အဲဒီလောက် သိချင်နေတာလဲ"

"ငါ ဘာကြောင့်သိချင်နေသလဲဆိုတော့ နင်ပထမဆုံး စပြောကတည်းက ဒီကိစ္စဟာ ငါတို့နဲ့ ပတ်သက်နေတယ်ဆိုတာကို ငါ့စိတ်ထဲက အလိုလို ရိပ်မိနေတယ်၊ မနက်ဖြန်ဆိုရင် အဖေနဲ့ အစ်ကိုပန်းစိန်တို့ ပင်လယ်ထွက်ကြတော့မယ်"

"ဟင်. . . သူတို့က ဘယ်သူတွေနဲ့ သွားမှာလဲ"

"ကုန်သည်အဖွဲ့တွေနဲ့ လိုက်သွားကြမှာ"

"ဟို. . . ဘယ်နေရာကို သွားကြမယ်လို့ ပြောသွားကြသလဲဟင်"

နီမောင်၏အမူအယာမှာ ထိတ်ထိတ်ပျာပျာ ဖြစ်လာတော့သည်။

"သူတို့ မရဏအငူကွေ့ကို သွားကြလိမ့်မယ်"

"ဟင်. ."

"ဘာဖြစ်လို့လဲ နီမောင်"

"အဲဒီနေရာကို သွားလို့မဖြစ်ဘူး. . . မဖြစ်ဘူး၊ သွားရင် ပြန်လမ်းရှိမှာ မဟုတ်တော့ဘူး"

"ဘယ်သူလဲ. . . အစ်ကိုပန်းစိန်လား အဖေလား"

မြလေးက တည်တည်ငြိမ်ငြိမ်ပင် မေးလိုက်သည်။

"ပန်း. . . ပန်းစိန်. ."

"တစ်လပြည့်မယ်နေ့မှာ မရဏအငူကွေ့နားမှာ အစ်ကိုပန်းစိန် သေရမယ်ဆိုတာ နင်အိပ်မက်ထဲမှာ သိခဲ့ပြီးသား မဟုတ်လား နီမောင်"

"ဟုတ်. . ဟုတ်တယ်. . သူ့ကို အဲဒီနေရာကို လိုက်





မသွားဖို့ နင်ရအောင်တားပေးပါ မြလေး"

"ငါပြောတာကို သူလက်ခံပါ့မလား၊ အမှန်တိုင်း ဖွင့်ပြောလိုက်မှ ဖြစ်မယ်ထင်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ် နင်ရအောင် တားပေးပါ၊ တကယ်လို့ လိုက်သွားရင် ပြန်လမ်းမရှိတော့ဘူး"

ဟု ပြောလေရာ မြလေးလည်း မျက်စိမျက်နှာပျက်စွာဖြင့် ထပြန်သွားလေတော့သည်။





## အခန်း(၁၄)

## သေမင်းခေါ်သံနှင့် အန္တရာယ်ဆိုး

ထိုနေ့ညက နီမောင်မှာ တစ်ညလုံး မအိပ်နိုင်ဘဲ အိမ်ရှေ့ ရေစင်ပေါ်မှာ ထိုင်ရင်း အတွေးကောင်းနေတော့သည်။

"ငါကတော့ မြလေးကို ဖွင့်ပြောလိုက်ပြီးပြီ၊ ပြောတဲ့အတိုင်းရော တကယ်ဖြစ်မှာလား၊ အဲဒီလို ပြောလိုက်ရင်ရော ပန်းစိန်က ယုံမှာလား၊ မယုံလို့ လိုက်သွားရင်ရော ငါအိပ်မက်မက်တဲ့အတိုင်း သူတကယ်သေမှာလား"

ဟု အတွေးဖြင့် နပန်းလုံးနေတော့သည်။

ထိုအခိုက်မှာပင် နောက်ဖက်မှ ခြေသံလိုလို ကြားရ

သဖြင့် လှည့်ကြည့်လိုက်သောအခါ တစ်ခါက အိပ်မက်ထဲမှာ တွေ့ခဲ့ရသော အဘိုးအိုကို ပြန်တွေ့ရလေသည်။

"အဘိုး ဘယ်က လာတာလဲ"

"ငါ့မြေးဆီကို လာတာပဲပေါ့"

"ကျွန်တော် အဘိုးကို မေးစရာရှိနေတာနဲ့ အခုလို ရောက်လာတာ အတော်ပဲ၊ အဘိုး တစ်ခါက ပြောလိုက်တာ တစ်ယောက်ကတော့ သေသွားပါပြီ၊ မနက်ဖြန်က တစ်လပြည့် တဲ့နေ့ဆိုတော့ ကျန်တဲ့တစ်ယောက်ကရော တကယ်သေဦးမှာ လားဟင်"

ထိုအခါ အဘိုးအိုက ဤသို့ပြောပြလေသည်။

"လူကလေး. . . သတ္တဝါမှန်သမျှ သေရမယ့်အချိန် သေရမယ့်နေ့ဆိုတာ ရှိပြီးသားပဲ၊ မွေးကတည်းက ပါလာခဲ့ပြီး သားပဲ၊ အချို့က နှစ်နဲ့ချီပြီး ကြိုတင်သိနိုင်ကြတယ်၊ အချို့က လနဲ့ချီပြီး ကြိုတင်သိနိုင်ကြတယ်၊ အချို့ကျတော့လည်း ရက် အချိန်တွေကို သိနိုင်ကြတယ်၊

အဘိုးတို့ ပရလောကသားတွေက အချို့လူတွေရဲ့ သေမယ့်ရက်၊ သေမယ့်အချိန်ကို ကြိုတင်မသိနိုင်ပေမယ့် အချို့ လူတွေရဲ့သေမယ့်ရက်၊ သေမယ့်အချိန်ကိုတော့ ကြိုသိနိုင်ပါ တယ်"

"ဒါဖြင့် ဒါကို တားဆီးလို့ မရနိုင်ဘူးလား အဘိုး"

"သေတဲ့အချိန်ကို ဘယ်သူမှ တားဆီးလို့မရနိုင်ဘူး"

ထိုစကားကြောင့် နီမောင်မှာ ဘာပြောရမှန်း မသိတော့





ပေ။

"အခု အဘိုးလာတာ ဘယ်လိုအကြောင်းများ ရှိလို့ပါ လဲ"

"ငါ့မြေး စေတီတည်ဖို့ ငွေရပြီမဟုတ်လား"

"ရပါပြီ. . . မကြာခင် တည်ပေးပါ့မယ်"

"တကယ်လို့ စေတီတည်တော့မယ်ဆိုရင် ကျွန်းပေါ်မှာ လာနေပြီးတော့ တည်ပါ၊ ဒါမှ အဘိုးတို့လည်း ဝိုင်းဝန်းကူညီပြီး ကုသိုလ်ယူရအောင်လို့ပါ"

"ကောင်းပါပြီ. . "

"ကိုင်း. . . အဘိုးလည်း ပြန်လိုက်ဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်သွားလေသည်။

နီမောင်မှာ အတွေးကောင်းနေသောကြောင့် အတော် ညဉ့်နက်မှ မှေးကနဲ အိပ်ပျော်သွားရာ တစ်စုံတစ်ယောက်က လာနှိုးတော့မှ ပြန်နိုးလာတော့သည်။

သူ့ကို လာနှိုးသူမှာ ငမဲအောင်ဖြစ်သည်။

"ဘာလဲ ငမဲအောင်"

"အိမ်ရှေ့မှာ သူကြီးနဲ့ သူ့သားရောက်နေတယ်. . . ထွက်ကြည့်လိုက်ဦး"

ဟု ပြောသဖြင့် အပြင်သို့ ထွက်သွားတော့ ဦးသာကျော် နှင့် ပန်းစိန်တို့ကို တွေ့ရသည်။

သူတို့နောက်မှာလည်း လူအချို့ ပါလာသေးသည်။

"ပန်းစိန်ကို ဒီကနေ့ ပင်လယ်ထွက်ရင် သေလိမ့်မယ်လို့.

ပြောလိုက်တာ မင်းမဟုတ်လား"

ဟု ဦးသာကျော်က ဒေါသသံဖြင့် အော်မေးလိုက်သည်။

ထိုအကြောင်းကို မြလေးဆီမှတစ်ဆင့် သိပြီးပြီဟု ထင်ကာ မထူးတော့သဖြင့် ခေါင်းညိတ်ပြီး ဝန်ခံလိုက်ရသည်။

"ဟုတ်ပါတယ်"

"နေစမ်းပါဦး. . . မင်းက လူတစ်ယောက်ရဲ့သေမယ့်အချိန်ကို ကြိုပြောနိုင်ရလောက်အောင် နတ်ဆရာလား၊ ဒါမှမဟုတ် အကြားအမြင်ဆရာလား၊ ကိုင်း. . . ဘယ်လိုသိတာလဲ တဆိတ်လောက် ပြောပြပါဦး"

"အိပ်မက် [illegible]"

"အိပ်မက်မက်တယ်ဆိုတာ အမျိုးမျိုး ရှိတာပဲ၊ ဖြစ်ချင်လည်းဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး၊ အိပ်မက်မက်တဲ့အတိုင်း အသေအချာဖြစ်ပဲ့မယ်လို့ ဘယ်သူက ပြောသလဲ၊ မင်းက ငါတို့သွားမယ့်ခရီးကို အနှောင့်အယှက်ဖြစ်အောင် တမင်လုပ်တာပေါ့. . . ဟုတ်လား နီမောင်"

"မ. . မဟုတ်ပါဘူး၊ ကျွန်တော်က စေတနာနဲ့ ပြောမိတာပါ"

"ဒါပေမယ့် ပင်လယ်ထွက်မယ့်သူကို ဒီလို နိမိတ်မရှိတဲ့စကားမပြောရဘူးဆိုတာ မင်းလည်း သိတာပဲ၊ ဒီတော့ မင်းကိုပါ ပင်လယ်ထဲ ခေါ်သွားမယ်၊ မရဏအငူကွေ့ ရောက်ရင် မင်းကို ပင်လယ်ထဲ ဆင်းခိုင်းမယ်၊ အေး. . . ငါ တစ်ခါတည်း ပြောလိုက်မယ်၊ မင်းပြောသလို မဟုတ်ခဲ့ရင်တော့ မင်းကို စတေးတဲ့





အနေနဲ့ ပင်လယ်ထဲမှာ သတ်ပြီးထားခဲ့မယ်. . . ဘယ်နှယ့်လဲ"

ထိုအခါ နီမောင်က ဘာမှပြန်မပြောတော့ဘဲ သူ့အတွက် ယူစရာရှိသောပစ္စည်းများကို ယူဆောင်လာပြီးနောက် တဲအောက်သို့ ဆင်းလာသည်။

"ကျွန်တော်လိုက်ခဲ့ပ့ါမယ်၊ တကယ်လို့ ပန်းစိန် အန္တရာယ်နဲ့ တွေ့ခဲ့ရင် ကျွန်တော့်အသက်နဲ့ လဲပြီး ကာကွယ်ပေးပ့ါမယ်"

ဟု တည်တည်ငြိမ်ငြိမ် အမူအယာဖြင့် ပြောလိုက်ရာ စောစောက ရှူးရှူးရှားရှားဖြစ်နေသော သူကြီးဦးသာကျော်ပင် ပါးစပ်အဟောင်းသား ဖြစ်သွား[illegible]သည်။

ထို့နောက် နီမောင့်ကိုပါ ခေါ်ကာ မြန့်ထွက်သွားကြတော့သည်။

နီမောင်တစ်ယောက်တည်း လိုက်သွားသဖြင့် ဦးမွန်ထော်တို့ သုံးယောက်မှာ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

"သူ တစ်ခုခုဖြစ်ရင် ဝိုင်းကူလို့ရအောင် ငါတို့ လိုက်သွားမှ ဖြစ်မယ်"

ဟု ပြောဆိုတိုင်ပင်နေစဉ် မြလေးရောက်လာသဖြင့် စောထီးက အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဒါ. . ဒါဖြင့် အဖေတို့ နီမောင်ကို ခေါ်သွားကြပြီပေါ့"

"ဟုတ်တယ်. . . တကယ်လို့ ပန်းစိန် ဘာမှမဖြစ်ဘူးဆိုရင် နီမောင်ကို ပင်လယ်ထဲမှာ တစ်ခါတည်း သတ်ပစ်ခဲ့မယ်လို့

တော့ ပြောသွားတာပဲ”

“ဟင်. . . ဒုက္ခပါပဲ၊ အဲဒီအကြောင်းကို ငါပြောလိုက်မိတာ၊ အခုတော့ နီမောင်ကို ဒုက္ခပေးသလို ဖြစ်နေပြီပေါ့၊ အခု နင်တို့ ပင်လယ်ထဲ သွားကြမလို့လားဟင်”

“ဟုတ်တယ်. . . ”

“ဒီလိုဆိုရင် ငါလည်း လိုက်ခဲ့ပါရစေ”

“ဟာ. . . မဖြစ်ပါဘူး၊ ပင်လယ်ထဲကို နင်လိုက်လို့ ဘယ်ဖြစ်မလဲ”

“ဖြစ်ပါတယ်. . . ငါလိုက်နိုင်ပါတယ်၊ တော်ကြာ ငါ့အတွက်ကြောင့် တစ်ခုခု ဖြစ်သွားမှာစိုးလို့ပါ”

ဟု အတန်တန် ပြောသဖြင့် လိုက်ခဲ့ဖို့ သဘောတူရလေသည်။

မစ္စတာဘန်ကျင်တို့၏စက်လှေမှာ ပင်လယ်ပြင်ခရီးဝေးသွားရာ၌ အသုံးပြု၍ရသလို ငါးဖမ်းရာ၌သော်လည်းကောင်း၊ ပုလဲငုတ်ရာ၌သော်လည်းကောင်း အသုံးပြုနိုင်ရန်အတွက်ပါ စီမံပြုလုပ်ထားလေသည်။

စက်လှေပေါ်မှာ ပိုက် အစရှိသော ငါးဖမ်းကိရိယာများ အစုံအလင် ပါသလို ပုလဲငုတ်ရာ၌ အသုံးပြုသော ရေငုတ်ကိရိယာများလည်း ပါလေသည်။

ရှေးအခါကတော့ ပိသာချိန်(၇၀)ခန့် လေးသောဝတ်စုံကို ဝတ်၍ဆင်းကြသော်လည်း ယခုအခါမှာတော့ ပေါ့ပါးသော ရေငုတ်ကိရိယာများကို အသုံးပြုကာ ရေအောက်သို့ ဆင်းကြ





လေသည်။

ရေအောက်ဆင်းမည့်သူများသည် မျက်ကပ်မှန်ကို တပ်ဆင်ပြီး အောက်စီဂျင်ပိုက်ဖြင့် ဆက်သွယ်ရသည်။

ပြီးလျှင် မုတ်ကောင်ထည့်ရန်အတွက် ခြင်း၊ ဆက်သွယ်ထားသောကြိုး စသည်တို့အပြင် ဓါးကိုပါ ခါး၌ ထိုး၍တပါတည်း ယူဆောင်သွားလေ့ရှိကြသည်။

ရေအောက်သို့ ဆင်းမည့်သူများမှာ အောက်စီဂျင်လေအိုးနှင့် လေပိုက်ဆက်သွယ်မှု ကောင်းမကောင်းနှင့် အခြားလိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ကြရသည်။

၎င်းတို့စက်လှေသည် မရဏအငူကွေ့သို့ ရောက်သွားသောအချိန်၌ ရာသီဥတုက ကောင်းမွန်သာယာလျက် ရှိနေလေသည်။

ရေသေရက်ဖြစ်သောကြောင့် ရေစီးအားလျော့ကာ လေငြိမ်နေသဖြင့် ရေမျက်နှာပြင်ပေါ်၌ လှိုင်းမရှိပေ။

ပတ်ဝန်းကျင်မှာလည်း ကြည်လင်သာယာလျက် ရှိနေသည်။

ယခင်က ပုလဲနက် ရဖူးသောနေရာသို့ ရောက်သောအခါ စက်လှေကို ရပ်တန့်၍ ရေအောက်သို့ ဆင်းရန် ပြင်ကြလေသည်။

ထိုသို့ဆင်းကြရန် ပြင်သောအခါ ပန်းစိန်ပါ ရေအောက်ဆင်းရန် ပြင်ဆင်လေသည်။

“မင်း ဆင်းလို့ဖြစ်ပါ့မလား”

ဦးသာကျော်က တိုးတိုးမေးသည်။

"ဖြစ်ပါတယ်. . . သူတို့အားလုံး ဆင်းပြီး ကျွန်တော်တို့ မဆင်းတော့ ဘယ်ကောင်းမလဲ၊ ရေအောက်ကို နီမောင်လည်း လိုက်ခဲ့မှာပဲ၊ စိုးရိမ်စရာ မရှိပါဘူး"

မစ္စတာဘန်ကျင်က ရေအောက်ဆင်းမည့်သူတိုင်းကို မျက်ကပ်မှန်နှင့် အောက်စီဂျင်လေပိုက်များကို တပ်ဆင်ပေးလေသည်။

နီမောင်မှာ ရေအောက်သို့ အလွတ်ငုတ်နေကျ ဖြစ်သဖြင့် ထိုကိရိယာများကို မတပ်ချင်သော်လည်း မစ္စတာဘန်ကျင်က တပ်ခိုင်းသဖြင့် မလွှဲသာ၍ တပ်ရလေသည်။

ထို့နောက် ရေအောက်သို့ ဆင်းကြလေသည်။

အပေါ်မှာ ရာသီဥတု သာယာသဖြင့် ရေအောက်မှာလည်း ကြည်လင်လျက်ရှိနေသည်။

ရေအောက် သဘာဝရှုခင်းများကို အတိုင်းသား မြင်နေရသည်။

ရေအောက်သို့ ဆင်းသူများမှာ စုစုပေါင်း ကိုးယောက်ဖြစ်သည်။

ရေနက်ပိုင်းရောက်သည်အထိ အန္တရာယ်တစ်စုံတစ်ရာ မတွေ့ရဘဲ ချောချောမောမောပင် ရှိနေကြသည်။

ပင်လယ်အောက်ခြေသို့ ရောက်သောအခါ အခြားသူများက ကမာကောင်များကို သဲကြီးမဲကြီး ရှာသော်လည်း နီမောင်ကတော့ ကမာကောင် မရှာဘဲ ပန်းစိန်အခြေအနေကို





သာ ကြည့်နေရလေသည်။

အကယ်၍ ပန်းစိန် အန္တရာယ်ဖြင့် ကြုံပါက ဝင်ရောက်ကယ်တင်နိုင်ရန်လည်း အဆင်သင့် ပြင်ထားရသည်။

အတန်ကြာသောအခါ ကြည်လင်နေသော ရေအောက်မြင်ကွင်းမှာ မြူနှင်းများ ဖုံးသကဲ့သို့ မှုံမှိုင်းလာသည်။

မီးခိုးငွေ့များကဲ့သို့ ဝေ့ဝေ့ဝါးဝါးဖြစ်လာသည်။

ထိုအခြေအနေကို မြင်လိုက်ရသောအခါ အခြားသူများက သတိမပြုမိကြသော်လည်း နီမောင့်စိတ်ထဲမှာတော့ အန္တရာယ်၏အရိပ်အငွေ့များ ဖြစ်နိုင်သည်ဟု တွေးမိလိုက်သည်။

မီးခိုးငွေ့များကဲ့သို့ လွှန့်လူးနေသောအရာများမှာ တစ်ခါတစ်ရံ လူရိပ်များကဲ့သို့ ပုံပန်းသဏ္ဍာန်မျိုးဖြစ်လာသည်။

ထိုသဏ္ဍာန်များသည် ဟိုနေရာမှ သည်နေရာသို့ ဝေ့ဝဲလှုပ်ရှားနေကြလေသည်။

အတန်ကြာသော် မီးခိုးငွေ့များမှာ လေတိုက်သည့်အခါ လှုပ်ရှားလာသကဲ့သို့ ဖြစ်လာကာ ရေဝဲကတော့များ ထိုးလာလေတော့သည်။

ရေဝဲကတော့မှာ ခဏချင်းမှာပင် အရှိန်များလာပြီး ကြီးမားသော ဝဲကတော့ကြီးများအသွင် ပြောင်းလာရာ စောစောက မီးခိုးငွေ့များမှာလည်း ကတော့သဏ္ဍာန် ဖြစ်လာတော့သည်။

ထိုအခိုက်မှာပင် နီမောင့်နားထဲမှာ အော်သံလိုလိုအသံများကို အဝေးဆီမှ ကြားလာရသည်။

ကျန်ရေငုတ်သမားများကတော့ ထူးဆန်းစွာ ဖြစ်ပေါ်

လာသော ရေဝဲကတော့ကြီးကိုသာ တအံ့တသြ ကြည့်နေကြသည်။

ထိုသို့ကြည့်နေရင်းမှာပင် ဝဲကတော့အတွင်း၌ ဝဲလည်နေသော အရာဝတ္ထုများစွာတို့ကို တွေ့ကြရသည်။

ထိုအရာများမှာ အရှိန်ဖြင့် လည်နေစဉ်က ဘာမှန်းမသိရသော်လည်း ရေအောက်သို့ ကျသွားတော့မှ ကြည့်လိုက်သောအခါ ကမာကောင်များ ဖြစ်နေသည်ကို တွေ့ကြရသည်။

မမျှော်လင့်ပဲ ကမာကောင်များစွာတို့ကို တစုတဝေးတည်း တွေ့ရသောကြောင့် အားလုံး ဝမ်းသာသွားကြလေသည်။

နီမောင်ကတော့ ထူးဆန်းသောမြင်ကွင်းကို တွေ့ရသဖြင့် ဝမ်းသာရမည့်အစား စိုးရိမ်စိတ်ဝင်နေတော့သည်။

ထိုမြင်ကွင်းများသည် အန္တရာယ်၏နိမိတ်များဖြစ်ပြီး မကြာခင် အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရတော့မည်ဟု ထင်နေမိသည်။

ခဏကြာတော့ ဝဲလည်နေသော ဝဲကတော့က တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ဝဲကတော့နှင့်အတူ ဝဲလည်နေသော ကမာကောင်များက ရေအောက်ကြမ်းပြင်ပေါ်သို့ အတုံးအရုံး ကျသွားလေတော့သည်။

အချို့က ကျောက်ဆောင်ကျောက်တုံးများကြားသို့ ကျကာ အချို့ကတော့ သန္တာကျောက်တန်းများအပေါ်မှာ တင်နေကြသည်။





အချို့မှာ ရေငုတ်သမားများအနီးသို့ ကျလာသဖြင့် ကောက်ယူကြည့်လိုက်သောအခါ ကမာကောင်များမှာ ရိုးရိုးမြင်တွေ့နေကျအရောင် မဟုတ်ပဲ အနက်ရောင်များ ဖြစ်နေသည်ကို တွေ့ကြရသည်။ သို့ကြောင့် အထဲ၌ ပုလဲနက်များ ရှိရမည်ဟု ခန့်မှန်းကာ ဝမ်းသာသွားကြပြီး ကမာကောင်များကို ရသမျှ ကောက်ကာ ခြင်းထဲသို့ ထည့်ကြလေသည်။

ထိုသို့ ကောက်ထည့်နေရင်းမှာပင် ၎င်းတို့နှင့် မနီးမဝေးရှိ ကျောက်ဆောင်များအပေါ်မှ လူရိပ်များ မြင်သဖြင့် လှမ်းကြည့်လိုက်သောအခါ ၎င်းတို့လုပ်သမျှကို ငုတ်တုတ် ထိုင်ကြည့်နေသော လူပုကလေးများကို တွေ့ကြရသည်။

ခေါင်းကြီးကိုယ်သေးနှင့် လူပုကလေးများကို မြင်ရသောအခါ အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။

လူပုကလေးများမှာ တစ်ပေသာသာခန့်သာ အရပ်ရှိပြီး ကိုယ်ခန္ဓာနှင့်စာလျှင် ဦးခေါင်းက အဆမတန် ကြီးလှသည်။

ထိုဦးခေါင်းမှာပင် နားရွက်က ကားကား၊ မျက်လုံး ပြူးပြူး၊ ပါးစပ်က ပြဲလှသည်။

ထိုပါးစပ်ထဲမှပင် သွားနှင့် အစွယ်များကို အတိုင်းသား လှမ်းမြင်ရသည်။

သူတို့ ကမာကောင်များ ကောက်ထည့်နေစဉ်မှာလည်း ဘာမှ အနှောင့်အယှက်မပေးဘဲ ဒီအတိုင်း ထိုင်ကြည့်နေ[illegible]

သူတို့ အနားကပ်သွားလျှင်တော့ ခွေးတ[illegible] မာန်ဖီသည့်အသံမျိုးဖြင့် သွားဖြဲပြလေသည်။

☺ အောင်မြင်စာပေ ☺

သို့ကြောင့် ရေငုတ်သမားများက အနားမကပ်ဝံ့ကြပဲ ဝေးဝေးနေရာမှပင် ကမာကောင်များကို ကောက်ယူကြရလေသည်။

ထိုသို့ကောက်နေရင်းမှလည်း သူတို့တစ်သက်တွင် ထိုကဲ့သို့ ထူးဆန်းမှုမျိုးကို မကြုံဖူး မမြင်ဖူးသောကြောင့် ထိတ်လန့်နေကြလေသည်။

ကမာကောင်များ ခြင်းပြည့်သောအခါ အပေါ်နှင့် ဆက်သွယ်ထားသောကြိုးကို လှုပ်၍ အချက်ပေးလိုက်လျှင် စက်လှေပေါ်မှ ဆွဲတင်ကြသည်။

စက်လှေပေါ် ရောက်မှ ခြင်းတောင်းကို သွန်ချလိုက်လျှင် ကမာကောင်များ မဟုတ်ဘဲ ကျောက်တုံးကျောက်ခဲများဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုကဲ့သို့ မြင်ရသောအခါ ဦးသာကျော်မှာ မျက်စိမျက်နှာပျက်နေသလို မစ္စတာဘန်ကျင်မှာ ဒေါသဖြစ်လွန်းသဖြင့် တရှုးရှုး တရှားရှားဖြစ်တော့သည်။

"ရေအောက်က ကောင်တွေ ဘာလုပ်နေကြတာလဲ ကမာကောင် ရှာဖို့ လွှတ်လိုက်တာ၊ ဘာကြောင့် ကျောက်ခဲတွေ ထည့်ပေးနေရတာလဲ၊ ဒါ နောက်ပြောင်ရမယ့်အလုပ်လား"

ဟု အော်ပြောနေသည်။

နောက်ထပ်တက်လာသောခြင်းများမှာလည်း ကျောက်ခဲများချည်း ဖြစ်နေရာ ဦးသာကျော်က ဝင်ပြောရသည်။

"ဒါ သွေးရိုးသားရိုးကိစ္စ မဖြစ်နိုင်ဘူး မစ္စတာဘန်





ရေအောက်ဆင်းတဲ့ ရေငုတ်သမားတွေ ပြန်ခေါ်ပြီး မေးကြည့်ရင် ပိုကောင်းမယ်"

ဟု ပြောသဖြင့် ကြိုးများကို လှုပ်၍ အပေါ်ပြန်တက်လာကြရန် အချက်ပေးလိုက်တော့သည်။

ထိုအခိုက်မှာ ပန်းစိန်မှာ ကျောက်ဆောင်တစ်ခုနံဘေးမှာ ကျနေသော ကမာကောင်ကြီးကို ကောက်ယူရန် လက်လှမ်းလိုက်ရာ သန္တာကျောက်တန်းများကြားမှ လက်တစ်ဖက် ထွက်လာပြီး ပန်းစိန်လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဟာ. ."

ပန်းစိန်မှာ အထိတ်တလန့်နှင့် လက်ကို ပြန်ရုတ်ရာ မရတော့ပေ။ ကိုင်ထားသောလက်မှာ ပြုတ်တူဖြင့် ညှပ်ထားသလို မြဲမြဲနေလေရာ တော်ရုံနှင့် မလွတ်တော့ပေ။

သူသည် အားကုန်ရုန်းသော်လည်း မရသဖြင့် မနီးမဝေးမှာ ရှိနေသော နီမောင်ကို အကူအညီပေးရန် လှမ်းခေါ်ရာ နီမောင် ရောက်လာတော့သည်။

နီမောင်ရောက်လာပြီးနောက် ပန်းစိန်လက်ကို လွတ်စေရန် အမျိုးမျိုး ကူညီပေးနေရင်းမှပင် ရုန်းရင်းဆန်ခတ် ဖြစ်နေလေရာ အပေါ်နှင့် ဆက်ထားသော အောက်ဆီဂျင်ပိုက်များပင် ပြုတ်ထွက်ကုန်လေတော့သည်။

သူတို့အတွက် အချိန်ကြာကြာ မရတော့ပေ။

နောက်ဆုံးတော့ နီမောင်က ပန်းစိန်လက်ကို ဆုပ်ကိုင်ထားသော လက်မည်းကြီးကို ဓားဖြင့် ခုတ်ဖြတ်လိုက်တော့မှ လွတ်

သွားရာ ပန်းစိန်လည်း နီမောင်ကိုပင် မစောင့်တော့ပဲ ရေပြင်သို့ ရောက်အောင် ကူးတက်ပြေးလေသည်။

ထိုအချိန်၌ မစ္စတာဘန်ကျင်တို့မှာ ၎င်း၏ရေငုတ်သမားများ စက်လှေပေါ်သို့ အသီးသီး ပြန်ရောက်လာကြပြီး အခြေအနေကို မေးကြည့်သောအခါ ရေအောက်၌ ကြောက်စရာကောင်းသော လူပုကလေးများကို တွေ့ခဲ့ရကြောင်း ပြောပြကြသည်။

ထိုအခါ မစ္စတာဘန်ကျင်က. . .

"ဒီနေရာဟာ နာမည်နဲ့ လိုက်အောင် အန္တရာယ်များတဲ့ နေရာပဲ၊ ဆက်ပြီး အလုပ်လုပ်ရင် အားလုံး သေကုန်ကြလိမ့်မယ် ဒီနေရာက အမြန်ဆုံး သွားမှဖြစ်မယ်. . . သင်္ဘောစက်နှိုးကြပေ့"

ဟု ပြောရာ ဦးသာကျော်က ပျာပျာသလဲ တားရသည်။

"နေကြပါဦးဗျာ. . . မသွားကြပါနဲ့ဦး၊ ကျုပ်သား ရေအောက်မှာ ကျန်ပါသေးတယ်၊ ခဏလေး စောင့်ကြပါဦး"

ဟု တောင်းပန်သဖြင့် စက်နှိုးထားပြီး ခေတ္တဆက်စောင့်ပေးကြသည်။

ခဏကြာတော့ ကြိုးများ ရစ်ပတ်နေသော ပန်းစိန် ပြန်ပေါ်လာသည်။

"ဟိုမှာ. . . ဟိုမှာ ပေါ်လာပြီ"

အလုပ်သမားများက ပန်းစိန်ကို စက်လှေပေါ် ဆွဲတင်လိုက်ကြသည်။ ပန်းစိန်မှာ မောပန်းလွန်းပြီး အသက်ရှူမဝသလို





ဖြစ်နေရုံက လွဲပြီး သတိရနေသေးသည်။

"တော်ပါသေးရဲ့ ပန်းစိန်ရယ်၊ ငါကတော့ မင်းကို သေပြီလို့ပဲ တစ်ထစ်ချ တွက်ထားတော့တာ၊ ဒါထက် နီမောင်ရော"

"သူတော့ ကျွန်တော့်ကို ဝင်ကယ်ရင်း ပြန်မတက်နိုင်တော့ဘူး ထင်တယ်"

"ဟင်. . . ဒါ. . ဒါဖြင့် မင်းသေရမယ့်အစား သူသေသွားပြီပေါ့၊ ဒီလိုဆိုတော့လည်း ယတြာချေသလို ဖြစ်သွားတော့လည်း ပြီးတာပေါ့ကွာ၊ ကိုင်း. . . သွားကြရအောင်"

ဟု ဦးသာကျော်က ပြောလိုက်ရာ မစ္စတာဘန်ကျင်က သူ့လူများကို သင်္ဘောမောင်းထွက်ရန် အမိန့်ပေးလိုက်တော့သည်။

သင်္ဘောက စက်သံပြင်းပြင်းနှင့် မောင်းထွက်လိုက်ရာ ပန်းစိန်ကိုယ်မှာ ပတ်နေသော ကြိုးတစ်ချောင်းက ရေထဲမှာ တန်းလန်းကျနေသည်ကိုတော့ ဘယ်သူမှ သတိမထားမိကြပေ။

သင်္ဘောမောင်းထွက်လိုက်တော့မှ ထိုကြိုးစမှာ ရေအောက်မှ တစ်စုံတစ်ယောက်က ဆွဲထားသလို၊ ဒါမှမဟုတ် ငြိနေသကဲ့သို့ ဖြစ်ကာ တင်းကနဲဖြစ်သွားပြီး ပန်းစိန်မှာ လိမ့်ပါသွားလေတော့သည်။

"ဟ. . ဟ. . လုပ်ကြပါဦး"

ဦးသာကျော်က အလန့်တကြား အော်ဟစ်ရင်း လှမ်းဆွဲရန် ပြင်လိုက်သော်လည်း အချိန်မမီလိုက်တော့ပေ။

ပန်းစိန်မှာ ကြိုးများဖြင့် ရစ်ပတ်ကာ ရေထဲသို့ ပြုတ်ကျ

သွားလေတော့သည်။

စက်လှေဖြင့် အတန်ကြာအောင် စောင့်ကြည့်သော်လည်း ပေါ်မလာတော့ပေ။

ထိုနေ့ကား. . .

နီမောင်အိပ်မက်မက်ခဲ့သည့် တစ်လပြည့်မြောက်သော နေ့ပင် ဖြစ်တော့သည်။

ကံကြမ္မာကား ဆန်းကြယ်လှပေသည်။





## အခန်း(၁၅)

## မရဏာအငူကျွေ့မှ ပုလဲနက်စေတီတော်

နေ့လည်ပိုင်းအချိန်လောက်တွင် ထိုနေရာသို့ လှေတစ်စင်း ရောက်လာတော့သည်။

လှေပေါ်တွင် ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်နှင့် မြလေးပါ ပါလာလေသည်။

မရဏာအငူကျွေ့တဝိုက် ရောက်၍ အခြေအနေကြည့်တော့ စက်လှေမဆိုထားးနှင့်၊ သာမန်လှေတစ်စင်း၏အရိပ်အယောင်ကိုမှပင် မတွေ့ရတော့ပေ။

"သူတို့ ပြန်သွားကြပြီနဲ့တူတယ်"

"အခြေအနေ ကြည့်ရတာကတော့ အေးအေးဆေးဆေးနဲ့ ပြန်သွားကြပုံပဲ"

"ဘာပဲဖြစ်ဖြစ် ဒီအချိန်လောက်နဲ့ ချက်ချင်းပြန်သွားတာကတော့ အံ့သြစရာပဲ၊ သူတို့ ပုလဲမရှာကြပဲ ဒီအတိုင်းများ ပြန်သွားကြလေရော့သလား"

ဟု အမျိုးမျိုး တွေးကာ ပြောနေကြစဉ်မှာ ကမ်းခြေတစ်နေရာတွင် ပင်လယ်ပျော်ငှက်များ တဝေါဝေါနှင့် လန့်ပျံနေသည်ကို မြင်ရသဖြင့် ထိုနေရာသို့ ကြည့်သောအခါ ကျောက်ဆောင်များ၏ကြားတစ်နေရာဆီမှ ဖြစ်သဖြင့် ထိုနေရာသို့ လှော်သွားကြလေသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ ကျောက်တုံးနှစ်ခုကြားမှ တစွန်းတစ ထွက်နေသော အရာတစ်ခုကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ လှော်သွားကြသည်။

အနီးရောက်သောအခါမှ လူတစ်ယောက်ဖြစ်မှန်း သိရသဖြင့် လှေကို ကမ်းပေါ်သို့ ဆွဲတင်ခဲ့ပြီး ထိုနေရာသို့ သွားကြလေသည်။ မြလေးကလည်း နောက်မှ လိုက်သွားလေသည်။

အနားရောက်သောအခါမှ လဲကျနေသူမှာ နီမောင်ဖြစ်မှန်း သိရသဖြင့် ထိုနေရာသို့ သွားကာ ပွေ့ယူလိုက်သည်။

နီမောင်မှာ သတိမေ့ရှုံမေ့နေပြီး အသက်မသေသေးပေ။

နီမောင့်ကို အသက်မသေပဲ ပြန်တွေ့လိုက်ရသဖြင့် သုံးယောက်စလုံး ဝမ်းသာသွားကြလေသည်။





"သူ မသေသေးဘူးကွ"

အတန်ကြာအောင် ပြုစုတော့မှ နီမောင်မှာ တဖြည်းဖြည်းနှင့် သတိပြန်ရလာတော့သည်။

"နီ. . နီမောင်၊ မင်းသတိရလာပြီလား"

"ကျွန်တော် ဘယ်ရောက်နေတာလဲ အဘ"

"မင်း မရဏအငူကျွေ့ပေါ်မှာ တင်နေတာ"

"ဒါထက် ပန်းစိန်တစ်ယောက်ရော အသက်ဘေး လွတ်ရဲ့မဟုတ်လား"

"ငါတို့ရောက်လာတော့ သူတို့စက်လှေကို မတွေ့ရတော့ဘူး၊ ဘယ်လိုဖြစ်ကြတာလဲ. . . ပြောပြပါဦး"

နီမောင်က လဲ့နေရာမှ ထသည်။

ထိုအခါမှ နောက်ဘက်မှာ ရပ်နေသော မြလေးကို တွေ့သဖြင့် အံ့သြသွားလေသည်။

"ဟင်. . . မြလေးပါလား၊ ဘယ်လိုပါလာတာလဲ"

"မင်းကို စိတ်မချလို့ လိုက်လာတာတဲ့ကွာ၊ အဲ. . . မဟုတ်ပါဘူး၊ ပန်းစိန်ကို စိတ်မချလို့ လိုက်လာတာတဲ့၊ ဒါထက် ပန်းစိန်ရောဟင်"

ဟု စောထီးကပါ ဝင်မေးသဖြင့် နီမောင်က ရေအောက်၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် ပန်းစိန်ကတော့ အသက်ဘေးက လွတ်သွားတာပေါ့နော်"

"ငါမြင်လိုက်တာကတော့ သူ အပေါ်ကို တက်သွားတာ

ကို လှမ်းမြင်လိုက်ရတယ်၊ သူအန္တရာယ်က လွတ်မယ်ထင်ပါတယ်”

ဟု ပြောလိုက်လေရာ ထိုအခါမှပင် မြလေး၏မျက်နှာမှာ စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

နီမောင်မှာ ပန်းစိန်တစ်ယောက် အသက်ဘေးမှ လွတ်သွားပြီဟု သိရသောအခါ မိမိဆီသို့ ရောက်နေသော အိပ်မက်၏ ဥပါဒါန်အရိပ်မှာလည်း ပြီးဆုံးသွားပြီဟု တွေးနေမိသည်။

ထိုအခါမှပင် သူ့စိတ်ထဲမှာ တစ်လလုံး ဖိစီးနေသော အရာတစ်ခုလည်း လျော့ပါးသွားလေတော့သည်။

ထိုအခိုက်မှာပင် ကမ်းစပ်ဘက်မှ လှိုင်းပုတ်သံနှင့်အတူ 'ဝုန်း' ကနဲ အသံကြီးကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ မည်းမည်းသဏ္ဌာန်တစ်ခု အပေါ်သို့ မြောက်တက်လာပြီး သောင်ပြင်ပေါ်သို့ 'ဘုန်း'ကနဲ ကျသွားလေသည်။

စောထီးနှင့် ငမဲအောင်က ထိုနေရာသို့ ကပျာကယာ ပြေးသွားကာ ကြည့်ကြလေသည်။

“ဟာ. . . ပန်းစိန်”

“ပန်းစိန်အလောင်းဗျို့. . . ပန်းစိန်အလောင်း”

ထိုသို့ လှမ်းအော်သဖြင့် ကျန်သုံးယောက်ကပါ လိုက်သွားပြီး ကြည့်ကြသောအခါ ကြိုးများဖြင့် ရစ်ပတ်ကာ သေဆုံးနေပြီဖြစ်သော ပန်းစိန်၏အလောင်းကို စိတ်မကောင်းစွာ တွေ့ကြရလေသည်။

ကြိုးများမှာ အခြားမဟုတ်ပေ။





သူ့ကိုယ်၌ တွဲချည်ထားသော အသက်ကယ်ကြိုးများပင် ဖြစ်၏။

ယခုတော့ ထိုအသက်ကယ်ကြိုးများကပင် သူ့အသက်ကို သေစေခဲ့ဟန်ရှိလေသည်။

ပန်းစိန်အလောင်းကို မြင်သောအခါ မြလေးမှာ ပါးစပ်မှ တတွတ်တွတ် ပြောဆိုရေရွတ်ရင်းနှင့် ငိုကြွေးနေတော့သည်။

“ငါလည်း စိတ်မကောင်းပါဘူး မြလေးရာ၊ ငါ့အသက်နဲ့ လဲပြီး သူ့ကို ကယ်လိုက်ပေမယ့် သူအသက်မရှင်နိုင်ခဲ့ဘူး”

“ငါတို့ အတန်တန် တားရက်နဲ့ ဇွတ်တိုးလို့ အခုလို သေဘေးကြုံရတာ၊ သူ့ကံကြမ္မာနဲ့သူ ဖြစ်တာဆိုတော့ ဘယ်သူ တားလို့မှလည်း ရတော့မယ်မထင်ပါဘူး”

ထို့နောက်. . .

ပန်းစိန်၏အလောင်းကို သယ်ယူကာ တောစပ်တစ်နေရာ၌ မြှုပ်နှံသဂြိုဟ်လိုက်ကြလေသည်။

ကိစ္စအားလုံး ပြီးသောအခါ ညနေစောင်းအချိန်သို့ ရောက်ပေပြီ။ ပင်လယ်ပြင်၌ အမှောင်ရိပ်များ သမ်းနေချေပြီ။

ထိုအခါမှ မြလေးကို ခေါ်လာမိသည်ကို သတိရတော့သည်။

“သူ့ကို ငါတို့က ခေါ်လာမိပြီ၊ အခု ပြန်သွားရင်လည်း သန်းခေါင်ကျော်အချိန်ရောက်မှပဲ ရွာကို ရောက်တော့မှာပဲ၊ ဒီအချိန်ရောက်မှ မိန်းကလေးတစ်ယောက်ကို ပြန်ပို့လို့ သင့်ပါတော့မလား”

ဟု ဦးမွန်ထော်က ပြောလိုက်သည်။

ပထမက စက်လှေနှင့် တွေ့လျှင် ဦးသာကျော်တို့နှင့် ပြန်ထည့်ပေးလိုက်မည်ဟု စဉ်းစားထားသော်လည်း ယခု လူချင်းလွဲသွားသောကြောင့် မြလေးက သူတို့လှေပေါ် ပါလာခြင်းဖြစ်လေသည်။

"ဘယ်လိုလုပ်ရမလဲ မိန်းကလေး"

ဦးမွန်ထော်က မေးလိုက်သည်။

"ဘာမှ စိတ်မပူကြပါနဲ့၊ အခုဟာက ကျွန်မသဘောနဲ့ ကျွန်မလိုက်လာတာဆိုတော့ ဘယ်သူမှ အပြစ်မရှိပါဘူး၊ အဘတို့ ပြန်သင့်တဲ့အချိန်မှပဲ ပြန်ကြပါ၊ ကျွန်မအတွက်တော့ ဘာမှ စိတ်မပူကြပါနဲ့"

ဟု ပြောရာ စောထီးက ဝင်ပြောသည်။

"အဲဒီလိုဆိုရင် နီမောင်က တစ်သက်လုံး မပြန်တော့ဘဲ ဒီကျွန်းမှာ နေရင်ရော နင်ပါ နေမှာလား"

ဟု မေးလိုက်ရာ မြလေးက ဘာမှပြန်မပြောပဲ ခေါင်းငုံ့ထားလေသည်။

"ဒါထက်. . . နီမောင်၊ ငါတို့ ဒီကျွန်းထိပ်မှာ စေတီတည်ပေးမယ်လို့ ကတိရှိတယ်မဟုတ်လား"

"ဟုတ်တယ် အဘ"

"ဒါဖြင့် အခု တစ်ခါတည်း အစီအစဉ် စလိုက်ရရင်ကောင်းဘူးလား"

"ကောင်းတာပေါ့ အဘရဲ့၊ ဒါပေမယ့် သူ့ကို ပြန်ပို့ပေး





ရဦးမှာ မဟုတ်လား"

"မင်းကလည်း အတော့်ကို အကင်းမပါးတဲ့လူပဲ၊ ကာယကံရှင်က နေပါ့မယ်လို့ ပြောတာတောင် အတင်းပြန်ပို့ချင်သေးလို့လား"

ဟု မေးလိုက်ရာ နီမောင်မှာ မြလေးကို အားနာသဖြင့် မျက်နှာမထားတတ်အောင် ရှိလေသည်။

"ဟို. . မော်ကင်းကလေးကိုရော. . ဘယ်လိုလုပ်ကြမလဲ၊ ကျွန်တော်တို့ မရှိလို့ ဖြစ်ပါ့မလား"

"ဒီအတွက်လည်း ဘာမှစိတ်မပူနဲ့၊ တို့ပြန်မရောက်လာရင် အနားက လူတွေ ခေါ်ပြီးစောင့်ရှောက်ထားလိမ့်မယ်"

ဟု ပြောရာ ဘာမှပြန်မပြောသာတော့ပေ။

အမှန်တော့ ဦးမွန်ထော်က နီမောင်နှင့်မြလေးတို့နှစ်ယောက် အဆင်ပြေစေရန် ယခုကဲ့သို့ ဇွတ်အတင်း စီစဉ်ခြင်းဖြစ်သည်ကို နီမောင်တစ်ယောက် မရိပ်မိရှာပေ။

ထို့နောက်. . .

ကျွန်းပေါ်တွင် တဖြည်းဖြည်းနှင့် မှောင်လာပြီဖြစ်သောကြောင့် ကမ်းစပ်တစ်နေရာမှာပင် ယာယီတဲတစ်လုံး ထိုးလိုက်သည်။ ပြီးသည်နှင့် မီးဖို၍ ပင်လယ်အစားအစာများကိုပင် မီးကင်၍ စားသောက်လိုက်ကြလေသည်။

ညဦးပိုင်းအချိန် စားသောက်ပြီးသောအခါ ဦးမွန်ထော်တို့ သုံးယောက်က အသီးသီး အိပ်ကြသော်လည်း နီမောင်နှင့် မြလေးတို့ နှစ်ယောက်ကတော့ မီးပုံနံဘေးမှာပင် ထိုင်၍စကား

ပြောနေကြသည်။

“နင် အခုလို လိုက်လာတာကို သူကြီးသိရင်တော့ ဒေါပွနေတော့မှာပဲ၊ ဘာကြောင့် လိုက်လာတာလဲဟင်”

“ပထမတော့ အစ်ကိုပန်းစိန်ကို စိတ်မချတာကြောင့်၊ နောက်တော့မှ နင့်ကို မတရား ခေါ်သွားတယ်ဆိုလို့ လိုက်လာတာ”

“ဒါဖြင့် ငါ့ကို စိတ်မချလို့ လိုက်လာတာပေါ့နော်”

“နှစ်ခုစလုံးပေါ့”

“ငါ ဒီကျွန်းပေါ်မှာ မပြန်ဘဲ နေခဲ့မယ်ဆိုရင်ကော နေမှာလား”

“နင်ကရော လက်ခံချင်လို့လား”

“ငါကတော့ နင်တစ်သက်လုံး နေမယ်ဆိုရင် ဝမ်းသာတာပေါ့၊ ဒါပေမယ့် ငါတို့ဘဝက မပြည့်စုံတော့ နင်မနေနိုင်မှာကိုပဲ စိုးရိမ်တာပါ”

“ငါ အဲဒါတွေကို ဘာတစ်ခုမှ မမက်မောဘူး၊ ငါ့ဘဝအတွက် စိတ်ချမ်းသာမယ်ဆိုရင် ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ဖြစ် နေနိုင်ပါတယ်၊ ဒါထက် မေးပါရစေဦး၊ နင်က ငါ့ကို ခေါ်ထားမယ်ဆိုတော့ ဘယ်လိုသဘောနဲ့ ခေါ်ထားမှာလဲ၊ ဇွတ်လိုက်လာလို့ မလွှဲသာလို့ ခေါ်ထားမှာလား၊ ဒါမှမဟုတ် တကယ်မေတ္တာရှိလို့ ခေါ်ထားမှာလား၊ ပွင့်ပွင့်လင်းလင်း ပြောပါဦး”

“တကယ့်မေတ္တာစစ်နဲ့ ခေါ်ထားမှာပါ မြလေးရယ်၊ ငါ နင့်အပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ”





ဟု ပြောဆိုကာ မြလေး၏လက်ကလေးကို ဆုပ်ကိုင်ထားလိုက်လေသည်။ ယခုတော့လည်း ရှေ့ခရီးအတွက် ဘဝလှေကို တက်ညီလက်ညီ လှော်ခတ်ကြရတော့မည်ဖြစ်ကြောင်း နှစ်ဦးစလုံး၏ရင်ထဲမှာ ဆုံးဖြတ်ချက်ကိုယ်စီ ရှိနေကြလေပြီ။

ညဉ့်နက်ပိုင်း ရောက်သောအခါ သောင်တန်းများဘက်မှ လျှောက်လာသော သဏ္ဍာန်နှစ်ခုကို ပိုးတဝါး လှမ်းမြင်ရသည်။

မလှမ်းမကမ်း ရောက်လာတော့မှ ရှေ့မှ လျှောက်လာသောသဏ္ဍာန်မှာ မှင်စာငတေမှန်း သိရသည်။

သူ့နောက်မှ သဏ္ဍာန်ကတော့ တစ်ကြိမ်တွေ့ဖူးခဲ့သော အဘိုးအိုပင်ဖြစ်သည်။

သူတို့ကို မြင်တော့ မြလေးက ကြောက်ရွံ့နေသော်လည်း နီမောင်ကတော့ ရင်းနှီးသောမိတ်ဆွေဟောင်းများကို ပြန်တွေ့ရသလို ဝမ်းသာသွားလေသည်။

သူတို့က မလှမ်းမကမ်းမှာ ရပ်နေသဖြင့် နီမောင်က မြလေးလက်ကို ဆွဲကာ ထိုနေရာသို့ လျှောက်သွားလေသည်။

“ကျွန်တော့်ကို အန္တရာယ်ဘေးက ကယ်တင်ပေးခဲ့တာ ကျေးဇူးတင်ပါတယ် အဘိုး”

ဟု နီမောင်က ပြောလိုက်သည်။

“မင်းက သေနေ့မှ မရောက်သေးတာ၊ ဒီလိုပဲ ကယ်မ သူနဲ့ တွေ့ရမှာပေါ့”

နီမောင်မှာ ရေအောက်၌ ပန်းစိန်ကို ကယ်ရင်း ပန်းစိ လွတ်သွားသော်လည်း မတတ်နိုင်တော့ပဲ သတိမေ့ကာနီးဆဲ

မှာ ထိုအဘိုးအို ရောက်လာပြီး အသက်ကယ်ကာ သောင်ပြင်ပေါ်သို့ တင်ပေးခဲ့ပုံကို သတိရနေသည်။

ထို့ပြင်. . .

မျက်စိထဲမှာ ပန်းစိန်တစ်ယောက် အန္တရာယ်မှ လွတ်သည်နှင့် သူ့ကိုပင် ပြန်မကြည့်တော့ပဲ ရေပြင်ပေါ်သို့ ကူးတက်သွားပုံ၊ စက်လှေပေါ် ရောက်သွားပြီးကာမှ ရေအောက်မှ မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် လိုက်လာပြီး ပန်းစိန်ကိုယ်၌ ရစ်ပတ်နေသောကြိုးကို ဆွဲချလိုက်သဖြင့် ရေထဲသို့ ပြန်ကျလာကာ အသက်သေဆုံးသွားရပုံများကို ပြန်လည်မြင်ယောင်နေတော့သည်။

"သေတယ်ဆိုတာ သေချင်တိုင်းလည်း သေလို့မရဘူး၊ မသေချင်လည်း အချိန်တန်ရင် သေရတာပဲ၊ အခု သူသေရတာ သေနေ့စေ့လို့ သေရတာဖြစ်ပြီး မင်းလွတ်ခဲ့တာကတော့ သေမယ့်ကံ မရောက်သေးလို့ပေါ့ကွယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အသက်ကို ကယ်တင်ပေးခဲ့တဲ့အတွက်တော့ ကျေးဇူးတင်ပါတယ် အဘိုး၊ အခု ကျွန်တော်ပေးထားတဲ့ကတိအတိုင်း စေတီတစ်ဆူ တည်တော့မှာမို့ ဘယ်နေရာမှာ တည်ပေးရမယ်ဆိုတာသာ ပြပေးပါတော့"

ဟု ပြောရာ အဘိုးအိုက 'ငါ့နောက်ကို လိုက်ခဲ့ပေတော့' ဟု ပြောကာ ခေါ်သွားသဖြင့် နောက်မှ လိုက်သွားကြသည်။

အဘိုးအိုက သူတို့ကို မရဏအငူကွေ့၏ထိပ်၌ ရှိသော ကျောက်ဆောင်တစ်ခုပေါ်သို့ ခေါ်သွားလေသည်။





ထိုနေရာမှ ကြည့်လျှင် ပင်လယ်ရေပြင်ကြီးကို တမျှော်တခေါ် လှမ်းမြင်နိုင်လေသည်။

အဘိုးအိုက ရေပြင်တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

"ဟောဟိုလှမ်းမြင်နေရတဲ့နေရာက အဘိုးတို့ရွာကြီးနစ်မြုပ်သွားခဲ့တဲ့နေရာပေါ့ကွယ်၊ မင်းတို့စေတီတည်ရင် ဒီအငူစွန်းပေါ်မှာ တည်ပေးပါ၊ စေတီတည်တဲ့အခါ ကျုပ်တို့တတွေကလည်း ဝိုင်းဝန်းအကူအညီပေးပါ့မယ်၊

ဌာပနာထည့်ဖို့ ရတနာပစ္စည်းတွေနဲ့ ပုလဲနက်တွေလည်း လာပို့ပေးပါ့မယ်၊

ဘုရားတည်ပြီးတဲ့အခါ ဘွဲ့တော်ကို 'ပုလဲနက်စေတီတော်' လို့ အမည်ပေးပေးပါ"

"ကောင်းပါပြီ အဘိုး"

"နောက်တစ်ခုက မှင်စာငတေ ဝိညာဉ်ကပ်နေတဲ့ကလေးကို ကြီးပြင်းအောင် စောင့်ရှောက်ပေးပါ၊ သူ့အတွက်လည်း ကျုပ်တို့တတွေက ကူညီထောက်ပံ့ပေးပါ့မယ်"

ဟု ပြောရာ နီမောင်က ကောင်းမွန်စွာ စောင့်ရှောက်ပေးပါ့မည်ဟု ကတိပေးလိုက်သောအခါ အဘိုးအိုနှင့် မှင်စာငတေတို့မှာ နောက်ဘက်သို့ လှည့်၍ ပြန်သွားကြလေတော့သည်။

အတန်ကြာတော့ အမှောင်ရိပ်ထဲမှာ ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ နီမောင်မှာ မြလေးလက်ကလေးကို ဆုပ်ကိုင်

ကာ သက်ပြင်းချလိုက်လေတော့သည်။

“သိပ်ပြီးဆန်းကြယ်တာပဲနော်. . . ငါတော့ အခုလို မြင်ရလို့သာ ယုံရတာ၊ မဟုတ်ရင် ယုံနိုင်စရာတောင် မရှိဘူး”

“ဟုတ်တယ်. . . ပရလောကသားတွေဆိုတာ လူတွေ အနေနဲ့ မြင်ခွင့်မရနိုင်ကြပေမယ့် ပတ်ဝန်းကျင်မှာ အများကြီး ရှိနေကြတယ်၊ လူတွေရဲ့အကူအညီတွေကိုလည်း မျှော်လင့် တောင့်တနေကြရတယ်၊ ဒါကြောင့် ကြုံကြိုက်တဲ့အခါမှာ သူတို့ အတွက် တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး အမျှ အတမ်းတွေ ဝေပေးရမယ်၊ ဒီလိုလုပ်ပေးတော့ ကိုယ့်အတွက် လည်း အကျိုးရှိ၊ သူတို့အတွက်လည်း အကျိုးရှိတာပေါ့ကွယ်”

ဟု ပြောဆိုကာ ကျောက်ဆောင်အငူစွန်းမှ ပြန်ဆင်းခဲ့ ကြသည်တွင် ကျွန်ုပ်ရေးသားသော ‘ပုလဲနက်တစ္ဆေ’ ဂမ္ဘီရ ဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာ၌ နိဂုံးကမ္ပတ် အဆုံး သတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၀၈)ခုနှစ်၊ ဇွန်လ(၁၁)ရက်၊ သောကြာနေ့၊ ညနေ(၄း၃၀)နာရီ၊

☺ အောင်မြင်စာပေ ☺